www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

# သုဝေ



# မြ။ရေး

Thu Way

လုံးချင်းဝတ္ထုသစ်

OvEr cOvEr tkk

www.burmeseclassic.com

www.burmeseclassic.com

သာသာ၊ စိန်ဦး

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ် ၊ မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

၂၀၀း [illegible]

(မြရေး) သုဓေး၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၀၃

၂-စာ၊ ၁၂၅၊ ၁၃.၅ စင်တီ၊ (၁) မြရေး

BURMESE CLASSIC

# မြ ။ ။ ရေး

www.burmeseclassic.com

www.burmeseclassic.com

မြ ၊ ၊ ေ ရ း

နီနီရေ . . .
ဟိုး . . . ဝေးဝေးမှာ သာကြယ်လဲဟေ
နံဘေးမှာလည်း နီနီမရှိ
ဟိုးဝေးဝေးမှာလည်း ကြယ်မရှိ
ဘာ့ကြောင့် ဒီလိုပြောမိမှန်းလည်း မသိ။

အဲဒီလိုနဲ့ . . .
အန်ထုတ်ဝါးမြို
လွှတ်ချ၊ ဖြန်တေတော်။
. . . . . . . . . .
. . . . . . . . . . . .
. . . . . . . . . . . . . .
. . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

**အငြိအတွယ်များစွာဖြင့် လောကသည် တုန်ခါနေ၏။**



## (1)

တမာရွက် ထစ်ထစ်ငေါ့ငေါ့ကလေးများကြားတွင် ငှက် ကလေးနှစ်ကောင် ခုန်ဆွပြေးလွှားနေသည်။ သစ်ပင်ခြေမှ မော့ကြ နေသော ကိုရင်တစ်ပါးမှာ ထိုအဖြစ်ကိုမြင်၍ ပြုံးနေသည်။

ငှက်ဝါနှစ်ကောင်၏ခုန်ဆွမှုကြောင့် သစ်ကိုင်းပျော့ကလေးမှ နိမ့်နိမ့်ညွတ်ကျသွားပုံမှာ လက်ချောင်းများနှင့် ဖိနှိပ်လိုက်သဖြင့် စန္ဒရ ခလုတ်လေးများ အိကျသွားသည်နှင့် တူလှသည်။ တမာကိုင်းကလေး များသာ စန္ဒရားခလုတ်လေးတွေ တကယ်ဖြစ်နေလျှင် ကောင်းမည်။

ထူးခြားသော နိမ့်မြင့်သံစဉ်များ သိမ်မွေ့စွာ လွင့်ပျံ့လာပြီး တွေ၏ရင်ဘတ်ထဲ စိမ့်ဝင်ကာ အတ္တအဖျင်းအမှော်များကို အရည်ပျေ ကျသွားစေလျှင် ပို၍ပင်ကောင်းမည်။ ထိုသို့ဆိုလျှင် လောကတစ်ခု မီးကုတ်စက်ပိုင်းတစ်ဆုံး သာယာသွားမည်ပင်။

ကိုရင်လေး ထိုသို့ ဆန္ဒရှိမိသည်။

တောင်အောက်ရှိ ရွာထဲမှ အိမ်များကို နံနက်ခင်း မြူနှိုးမြူ တွေကြားကနေ မည်းမွဲမွဲလေး လှမ်းမြင်နေရသည်။ နှင်းခိုးမှုန်တွေ မှာ ဖြတ်သန်းနေသော နေရောင်ခြည်က ရွှေရောင်တောက်ပနေ၏။

www.burmeseclassic.com

ကိုရင်လေး ဟိုတွေးသည်တွေးနှင့် တောင်စောင်းက တမာပင်အောက်မှာ ရပ်နေခဲ့တာ အတော်ကြာပါပြီ။ ရွာထဲဝင်ရမှာ ကိုရင်လေး ရင်လေးနေတာကြောင့် အချိန်ဆွဲသည့်အနေနှင့် အတွေးပင်လယ်ကြောမှာ မျောနေခြင်းဖြစ်ကြောင်း သူ့ကိုသူ ပြန်သိထားမိသည်။

"ကိုရင်ကြီး ရှင်ပညာကြွလာမှပဲ ကျောင်းပို့ဆွမ်းချိုင့်ဒကာတွေက ဆရာတော်နဲ့အတူ မြို့ကြီးတက်သွားကြတယ်။ ဒီတော့ နံနက်ဆွမ်းခံကြွပေတော့ . . . ဟီး . . . ဟီး . . ."

ညက ကိုရင်မဲတူပြောသော စကားဖြစ်သည်။ ကိုရင်မဲတူက စကားတစ်ခွန်းပြောပြီးတိုင်း . . . ဟီး . . . ဟီး . . . ဟု ရယ်တာ အကျင့်ပါနေသည်။

ကိုရင်မဲတူစကားကိုကြားတော့ ကိုရင် စိတ်ညစ်သွားပါသည်။ ကိုရင် သည်ရွာကလေးမှ ထွက်ခွာခဲ့တာ သုံးနှစ်ကျော်ပြီ။ ထိုသို့ ထွက်ခွာခဲ့ခြင်း၏ အဓိကအကြောင်းမှာ သည်ရွာကလေးနှင့် သံယောဇဉ်ဖြတ်ချင်ခြင်းကြောင့်ဖြစ်သည်။

ဆွမ်းမစားရ၍က နေနိုင်ပါသည်။ ထို့ကြောင့် ရွာထဲဆွမ်းခံမကြွတော့ဟု တွေးဖြစ်သည်။ ထိုသို့တွေးဖြစ်သည့်စိတ်က တစ်ဝက်သာ။ ကျန်တစ်ဝက်ကတော့ ရွာထဲသွားရန် တိုက်တွန်းနေသည်။

ထွက်ခွာခဲ့တာ ကြာပြီဖြစ်သော နေရာလေးသို့ အခါအခွင့်သင့်နေသောအခါ တစ်ခါတစ်ခေါက်လောက်တော့ ပြန်သွားချင်သော အသိစိတ်များကလည်း ဖြစ်ပေါ်နေသည်။

ဘယ်လိုအရာတွေက ဘယ်လိုပြောင်းလဲသွားပြီလဲ။ ဘယ်လိုအရာတွေ ဘယ်လိုတည်မြဲနေဆဲလဲ တွေ့ချင်မြင်ချင်လာသည်။ ထို့ကြောင့် ရွာထဲသွားရမည်လား၊ မသွားရမည်လား. စိတ်က လွန်ဆွဲနေသည်။ ခြေတစ်ဖက်က ရှေ့သို့လှမ်းချင်နေပြီး ကျန်ခြေတစ်ဖက်က နောက်သို့



ရွယ်နေမိသည်။ နောက်ဆုံးတော့လည်း နောက်ခြေထောက် ရှေ့ခြေထောက်နောက် လိုက်ရသည်ပဲ။

တောင်ဆင်းလမ်းအတိုင်း ကိုရင်လေး သပိတ်ပိုက်လျက် တရွေ့ရွေ့။

တမာပင်ပေါ်တွင် ငှက်ဝါကလေးနှစ်ကောင် တစွေ့စွေ့။



www.burmeseclassic.com

www.burmeseclassic.com

ထိုရွာကလေးသည် ဇနပုဒ်ရွာသိမ်ကလေး မဟုတ်ပါ။ မြို့ကြီးများကို ဖြတ်သန်းသွားရသော လမ်းမကြီးနှင့် သိပ်မဝေးလှသော နေရာတွင်ရှိ၍ ဖွံ့ဖြိုးလှသည်။ ဘီယာဆိုင်နှစ်ဆိုင်ရှိသည်။ ကျေးလက်ဆေးပေးခန်းရှိသည်။ လက်ဘက်ရည်ဆိုင် လေးငါးဆိုင်ရှိသည်။

ဆရာ၊ ဆရာမ နည်းနည်းနှင့် ဖွဲ့စည်းထားသော အထက်တန်းကျောင်းတစ်ကျောင်းရှိသည်။ အတန်းငယ်ငယ်နှင့် ကျောင်းနတ်ကာ လုပ်ငန်းခွင်ဝင်ခိုင်းခြင်းများတော့ သိပ်မရှိတော့ပါ။ ပညာကို ဆုံးခန်းတိုင်အောင် သင်လိုကြပေပြီ။ နံနက်တွင် ပဲပြုတ်သည်များနှင့်အပြိုင် အဖြူအစိမ်းသန့်သန့်ကလေးများဖြင့် ကျောင်းသွားနေကြသည်ကို စိတ်ကြည်လင်ချမ်းသာစွာ မြင်နိုင်၏။

အင်တင်နာ ဂြိုဟ်တုစလောင်းနားရွက်များကို ထိုးထိုးထောင်ထောင် တွေ့ရမည်။ ကိုယ့်အိမ်နှင့်ကိုယ် ကာရာအိုကေ ဆိုနေသံသဲ့သဲ့ကိုလည်း ကြားရမည်။ လှည်းလမ်းကြောင်းအတိုင်းပင် ကားဝင်ကားထွက်ရှိသည်။ တရုတ်ဖြစ်ဆိုင်ကယ်လေးများလည်း သူသူငါငါ ထောင်းလမောင်းကြအောင် စီးနိုင်သည်။

ဆန်စက်၊ ဆီစက်များမှ စက်သံတဂျိုးဂျိုးကိုသော်လည်းကောင်း၊ ယာခင်းဆီက ရေစက်မောင်းသံ တဘုတ်ဘုတ်ကိုလည်းကောင်း ညံနေ



အောင်ကြားရသည်။ ဤသို့ ရှိသင့်တာတွေ သင့်တင့်လျှောက်ပတ်စွာရှိသော ရွာကလေးဖြစ်ပါသည်။

ယခု ထိုရွာကလေးထဲသို့ ကိုရင်လေး တွေတွေဝေဝေ အနေအထားနှင့်ပင် ဝင်လာခဲ့ချေပြီ။ ကိုရင်လေးဟု သုံးနှုန်းသော်လည်း ကိုရင်လေး၏အသက်မှာ (၂၃) နှစ်နီးပါးရှိပြီမို့ ကိုရင်ကြီးအရွယ် ရောက်နေပေပြီ။

ကိုရင်လေး ရွာထဲအဝင်ဝတွင်ပဲ လူတစ်ယောက်နှင့်တိုးသည်။ ကိုရင်လေးက ထိုလူကို မြင်ဖူးသလိုရှိနေသည်။ ထိုလူ၏မျက်လုံးသည် တစ်စုံတစ်ရာ (သို့) တစ်စုံတစ်ယောက်ကို အပြင်းအထန် ရှာဖွေနေဟန်ရှိသည်။ အမူအယာတွေက ဆူပွက်ခက်ထန်နေသည်။ မျက်လုံးချင်းဆုံမိတော့လည်း စိတ်ဆတ်ဆတ်ကြည့်နေသည်။ တရားဘောင်ထဲက ပုဂ္ဂိုလ်ကို ထိုသို့ကြည့်ခြင်းကား မသင့်တော်ချေ။

ထို့ကြောင့် ကိုရင်လည်း ပြန်အကဲခတ်မိသည်။ ထိုလူ့ပါးမှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုနှင့်။ ထိုအမာရွတ်ကြီးကို ဖျောက်ကြည့်ရင်တော့ ထိုလူ့ပုံကို ရင်းရင်းနှီးနှီးပိုရှိသည်။ ထိုအမာရွတ်ကြီးခံနေတော့ စဉ်းစားမရတော့ပေ။ ထိုလူ့အသက်ကတော့ ကိုရင်နှင့် မတိမ်းမယိမ်း ဖြစ်နိုင်ဖွယ်ရှိပြီး ရုပ်က ကြမ်းရင့်ထော်နေ၍ အမြင်ခက်နေရသည်။ ယခင်က ရွာထဲမှာ ဒီလိုဒဏ်ရာအမာရွတ်မျိုးနဲ့လူ မတွေ့ဖူးဟု ကိုရင်တွေးမိသည်။

ထိုလူက ခပ်ဆတ်ဆတ်ကြည့်ပြီးလျှင် ခပ်ကြမ်းကြမ်းခြေလှမ်းဖြင့်ပင် သူ့လမ်းသူ ဆက်လျှောက်သွားသည်။ ထိုမှ ကိုရင်လည်း ရွာထဲဆက်လှမ်းခဲ့သည်။

ရွာထဲ အတန်ငယ်ဝင်လာခဲ့ပြီးပေမယ့် ထူးခြားသော အပြောင်းအလဲမတွေ့သေး။ အသိအကျွမ်းဟောင်းများနှင့်ပင် ကောင်းကောင်းမတွေ့တတ်သေး။ နဂိုကတည်းက သိပ်မရင်းနှီးသည့် လူတချို့နှင့်သာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ထိုလူတွေကလည်း မှတ်မိသလိုလို၊ မမှတ်မိသလိုလို။ ခါတိုင်း ဆွမ်းခံကြွနေကျ ကိုရင်မဟုတ်မှန်းတော့ သိကြသည်။

သပိတ်ထဲ ဆွမ်းအနည်းငယ် ရပြီးချိန်၌ ကိုရင်၏ခြေအစုံသည် မြေကွက်လပ်ကွင်းပြင်ကြီးတစ်ခုရှေ့၌ ရပ်တန့်လျက်သား ဖြစ်နေသည်။ ထိုကွင်းပြင်ကြီးရှေ့ ရောက်မှန်းသိသဖြင့် စိတ်ကစေခိုင်းသောကြောင့် ရပ်လိုက်မိတာလား၊ ဘာအသိမှ မဝင်သေးခင်ဘဲ ခြေထောက်တွေက သူ့ဘာသာသူ အလိုအလျောက် ရပ်တန့်သွားတာလားတော့ ခွဲခြား မသိတော့ပါချေ။

ထိုမြေကွက်လပ်ကွင်းပြင်ကြီးကို ကိုရင် မှတ်မိစွာ ကြည့်နေပါသည်။ ကွင်းပြင်၏ အလယ်တွင် ကလေးငယ်တွေ ခုန်ပေါက်ပြေးဆော့ ကစားနေသည်ကို မြင်သည်။ ကွင်းပြင်၏အစပ်တွင် ကာလသားပျို၊ သမီးပျိုလေးတွေ နှစ်ဖက်ခွဲကာ ဖိနပ်ခုထိုင်၍ ရယ်မွှယ်ဖွဲ့စကား ဆိုနေကြသည်ကို မြင်ရသည်။ ကိုရင်၏မျက်လုံးထဲ မြင်နေရခြင်းပါ။ တကယ်တမ်း ကွင်းပြင်ကြီးထဲတွင် လူသူခြောက်ကပ် ကင်းရှင်းလျက်။



(ဂ)

လဝန်းသည် ကောင်းကင်တိမ်ဦးမှာ ဝင်းပြည့်ဝါနေ၏။ ခုနှင်စဉ်ကြယ်ပြာတွေက ယောက်ချိုခွန်းကြီးလို ကောက်ကောက်ကွေးကွေး နေရာယူလို့။ မီးပုံးပျံများလည်း ကြယ်တွေရှေ့မှာ ဖြတ်သွားဖြတ်လာ ရွှေ့ရွှေ့လေး လွင့်နေကြသည်။ အိမ်တိုင်းအိမ်တိုင်း ဆီမီးထွန်းထားကြ၏ ဆီမီးရနံ့များက မွှေးနေသယောင်ထင်ရကာ လူတိုင်း ပျော်ရွှင်နေကြသည် သီတင်းကျွတ်ညတစ်ည။

"ဆီမီးခွက်ကြီး . . . ဂလောင် . . . ဂလောင် . . ."

"လိပ်ဥပျောက်လို့ လိပ်မရှာ သူ့ခမျာ ငိုမဲ့ငိုမဲ့"

"ကျောက်ရုပ် . . . ကျောက်ဖြတ် . . ."

"စည်းကျော်မယ့်သူ ရှိလား။ တစ် . . . နှစ် . . . သုံး . . . လေး . . ."

"အရူးမကြီး မစာဥ . . . အရူးမကြီး မစာဥ"

"ဒို . . ."

"အောင်ပြန် . . ."

"ကုလားကြီးသောက်တဲ့ ရေအိုးစင် . . . ကုလားကြီးသောက်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ရွှေတံခါးကြီး ဖွင့်ပါဦး"

"အုန်းသီးလေးလုံး မလေးလုံး တစ်လုံးဆွမ်းတော်တင် တစ်လုံးရေထဲကျ ငါဆယ်လို့ရ"

လရောင်အောက်တွင် ကစားရသဖြင့် အေးမြကာ မောပမ်းရမှန်းမသိ ဖြစ်နေကြသည်။ ကလေးငယ်များက ခုန်ပေါက်ပြေးလွှားရသော ကစားနည်းမျိုးမှာ အားရနေကြပြီး တဟေးဟေး ဖြစ်နေကြသည်။

နည်းနည်းကြီးသော လူပျို၊ အပျိုအရွယ်များကတော့ ပြေးလွှားမဆော့ကစားတော့။ ကွင်းပြင်အစပ်မှာ လက်ဖက်ပန်းကန်၊ မုန့်ပန်းကန်များဖြင့် ဝိုင်းဖွဲ့ကာ စကားပေါင်းစုံ သိုင်းဝိုင်းကြသည်။ သတင်းရယ်၊ အတင်းရယ် မခွဲခြား ရွာထဲကအကြောင်းများ ပြောကြသည်။

နတ်ကတော် ဒေါ်ပွေလီ နတ်ကနေတုန်း သူ့သမီးလင်နောက်လိုက်တာကြားပြီး နတ်ဝတ်စုံကြီးနဲ့ပဲ မြို့တက်မယ့်ကားဂိတ်အထိ လိုက်ပွဲကြမ်းတဲ့အကြောင်း၊ သူကြီးသား ဝင်းထိန် မြို့ရောက်တုန်း ဓာတ်လှေကားစီးတာ ကြောက်ပြီး စီးရင်းနဲ့ ဆီးထွက်ကျတဲ့အကြောင်းတွေ၊ မေ့တတ်သည့် အရီးတင်မြ ဘုန်းကြီးကျောင်းဆွမ်းချိုင့်ပို့သွားတာ ဘုန်းကြီးက ဖွင့်ကြည့်တာ ချိုင့်ထဲမှာ ဘာမှပါမလာတာကို တွေ့သည်။ အရီးတင်မြက မေ့ပြီး ဆွမ်းတွေမထည့်ဘဲ ယူလာတာကို ဘုန်းကြီးက ဘာတရားပေါက်သွားသည်မသိ ချိုင့်အလွတ်ကြီးတွေ ငုံ့ကြည့်ပြီးတော့ တောထွက်သွားသည့်အကြောင်းတွေ ပြောကြသည်။

တောပန်းကလေးများခူးကာ စကားထာဝှက်တမ်းလည်း ကစားကြသည်။

"ကုလားမလေး ခြေကောက်ကောက် ချောင်းကမ်းစပ်မှာ လျှော်က် အဲ့ဒါဘာတုံး ဖြေ"

ခင်ထွေးက မိန်းကလေးထုကိုယ်စား မေးခွန်းထုတ်သည်။

တံခွန်၊ ညဏ်တိုး၊ ထွန်းမော်၊ ကြက်တောတို့ ယောကျာ်းဘက်က ဖြေရမည်။ မေးခွန်းက မကြားဖူး၍ သူတို့ မဖြေနိုင်။ ကိုယ့်ကိုယ်



ကိုယ် ညဏ်ကောင်းသည်ဟု ထင်နေသော ညဏ်တိုးတောင် မဖြေနိုင်၍ မျက်မှောင်ကြုတ်ကာ တင်းနေသည်။ သူတို့ ပန်းပေးတော့ ခင်ထွေးက အဖြေပြောပြသည်။

"ငါးမှျားချိတ်ကို ပြောတာဟဲ့"

ဒီတော့မှ ယောကျာ်းလေးတွေဘက်က ညဏ်တိုးဦးဆော ပြီး . . .

"ကျွတ် . . . ငါထင်တယ်။ ငါသိရဲ့သားနဲ့ မဖြေလိုက်မိဘူး"

"ဟုတ်တယ် . . . ငါကောပဲ"

"ကျွတ် . . . လွယ်လွယ်လေးပါကွာ"

စသည့် အစောကြီးကတည်းက အဖြေသိပြီးသားလိုလို ကိုယ်ည တာ ဝန်မခံလိုသည့် အမြင်ကတ်စရာအသံတွေ ထွက်လာသည်။

ခင်ထွေးတို့၊ အေးအေးရီတို့ မိန်းကလေးဘက်ကလည်း ဘယ ငြိမ်ခံမလဲ။ ပွတ်တွတ်ပွတ်တွတ်နှင့် ပြန်စွာကြသည်ပေါ့။ နီနီတစ်ယော သာ နှုတ်ခမ်းတစ်လန်ပန်းတလန်မရှိဘဲ ငြင်းခုန်သံနှစ်ဖက်ကြားမှာ ရယ ၍နေသည်။ အသံတွေဆိတ်မှ ခင်ထွေးက . . .

"ကဲ . . . နင်တို့ ဒီတစ်ခါလည်း ဖြေနိုင်ရင် ဖြေစမ်း။ မဖြေ နိုင်မှ ခုနလို အရှက်မရှိ မိန်းမလိုမိန်းမရ မပြောကြေးနော်"

ယောကျာ်းလေးတွေက ပေစောင်းစောင်းကြည့်နေစဉ်ပဲ စကား ထာဝှက်သံ ပေါ်ထွက်လာပါသည်။

"တောင်ကြိုတောင်ကြား အော်လို့သွား ကုလားနှာခေါင်းရှည်"

"ဟွန်း . . . "

ယောကျာ်းလေးတွေဘက်က နှာခေါင်းရှုံ့သံ တန်းထွက်လာ သည်။

ယောကျာ်းလေးတွေ အလိုမကျဖြစ်သွားပုံကိုမြင်တော့ မိန်း ကလေးတွေ ပျော်သွားကြသည်။ ကျေနပ်သွားကြသည်။ ကြိတ်ပြုံးကြ သည်။ နီနီလည်း ပြုံးနေသည်။ နီနီ့နှုတ်ခမ်းတစ်ဝိုက်မှာ မုန့်ဆီကြေ



www.burmeseclassic.com

www.burmeseclassic.com

စားထား၍ သနပ်ခါးပျက် ဆီကွက်ကာ အဝိုက်ကလေး ထင်နေသည်။ ထိုသို့ နှုတ်ခမ်းနှင့် ပြုံးနေသည့်တိုင် နီနီသည် ကြည့်၍ကောင်းနေသည်ဟု တံခွန်ထင်သည်။ နီနီ့သနပ်ခါးပါးကွက်၏အဆုံး နားသယ်နောက်နား အပေါ်ဘက်ကောင်းကင်တွင် မီးပုံးပျံတစ်လုံး လွင့်ပျံ့နေသည်မှာလည်း ရင်ဖိုဖွယ်ရှုခင်းတစ်ခုဖြစ်နေသည်။

"ကုလားက ဘာလို့ ကိုယ့်အိမ်ကိုယ်မနေဘဲ တောင်ကြိုတောင်ကြား လျှောက်အော်နေရတာလဲ။ ကျွတ် . . . အူကြောင်ကြောင်နဲ့။ အဲ့ဒါကြောင့် နာခေါင်းရှည်တာဖြစ်မယ်"

ဉာဏ်တိုး၏ စိတ်တိုတိုနှင့် ညည်းတွားသံ။ ကိုယ့်ကိုယ်ကိုယ် ဉာဏ်ကောင်းသည်ဟု ထင်နေသည့် ဉာဏ်တိုးမှာ သူမဖြေနိုင်သည့် မေးခွန်းတွေများလာ၍ တင်းနေခြင်းဖြစ်သည်။ အတော်ကြာသည်အထိ မဖြေနိုင်မှ တောပန်းတစ်ပွင့်ပစ်ပေးကာ . . .

"ပန်းပေးပြီဟေ့"

ဆိုမှ ခင်ထွေးက အောင်မြင်စွာပြုံး၍ . . .

"အဖြေက သေနတ် . . . သေနတ် . . . ဟေးဟေး"

အဖြေကိုကြားတော့ ခုနကအတိုင်းပင် မဖြေချင်လို့ မဖြေတာဆိုသည့်ပုံစံ မထီတရီအသံတွေ ထွက်လာကြပြန်သည်။ အပြန်အလှန်စကားနာထိုးကြပြန်သည်။

မိန်းကလေးဘက်ကပဲ ဆက်တိုက်နိုင်နေသည်မို့ နောက်ထပ်စကားထာဝှက်ရပြန်သည်။ ခင်ထွေးက . . .

"ရင်မှာထား၊ သားလည်းမဟုတ်၊ အမြီးကောက် မျောက်လည်းမဟုတ်၊ မုတ်ဆိတ်ဖွား ကုလားမဟုတ်"

"လာပြန်ပြီ . . . ကုလား။ နင့်စကားထာတွေကလည်း ကုလားတွေချည်းပါပဲလား"

မေးခွန်းမဆုံးသေး ဉာဏ်တိုးက ပိတ်ဝေဖန်လိုက်သည်။ ဟုတ်လဲဟုတ်သည်။ ဘယ့်နှယ် . . . ပထမမေးခွန်းက ကုလားမလေး ခြေ



ထောက်ကောက်တဲ့။ နောက် . . . ကုလားနှာခေါင်းရှည်တဲ့။ အခု မုတ်ဆိတ်က လာဖွားပြန်ပြီ။ ခင်ထွေးလည်း ဉာဏ်တိုးကအော်မှ ကိုယ့်စကားထာကိုယ် ကုလားတွေများနေမှန်း သတိထားမိတော့သည်။

"ဘာလဲ . . . ခင်ထွေး၊ နင်က ဟိုလေ့ထိုးတဲ့ ကုလားလေးမောင်ချိုကို ကြိုက်နေလို့လား"

ဉာဏ်တိုး၏အော်ကျယ်ကျယ်အသံကို အရှူးမကြီး မစာဥကစားနေသည့် ဝိုင်းနားက ကလေးတွေကို ထိုင်ကြည့်နေသော ကုလားလေးမောင်ချိုက သဲ့သဲ့ကြားပြီး လှည့်ကြည့်သည်။

ခင်ထွေးက မျက်လုံးပြူးသွားပြီး ဉာဏ်တိုးကို လက်သီးဆုပ်နှင့် ပြေးထုသည်။

"သေနာက၊ နင့်ညီမနဲ့ ပေးစားလိုက်ပါလား"

ကုလားလေးမောင်ချိုက ခင်ထွေးကို လှမ်းပြုံးပြနေသည် သွားများပဲ မြင်ရ၏။ ကျန်သည့်နေရာများကတော့ ဘုန်းကြီးကျောင်းက လေ့ကားလက်ရမ်းလို မည်းမှောင်နေသည်။ ခင်ထွေး စွန်တောင်နဲ့ပြီး အံကြိတ်ပြလိုက်မှ ကုလားလေးမောင်ချို သူမဟုတ်သလို ခေါင်းပြန်ငုံ့သွားသည်။

ကျန်သည့်သူများက ရယ်ကြသည်။ သည်တစ်ခါတော့ တံခွန်ရယ်နေသည်ကို နီနီက လှမ်းကြည့်နေသည်။

"ငါ့မေးခွန်း မဆုံးသေးဘူး၊ ဆက်နားထောင်။ မုတ်ဆိတ်ဖွား ကုလားလည်းမဟုတ်။ ပြီးတော့ . . ."

"မေးမနေနဲ့တော့။ နင့်မေးခွန်းက ရှေးပဝေသဏီက အန်းဒိုင်ကြီးပါဟာ။ စောင်းကိုမေးတာမို့လား။ ငယ်ငယ်ကတည်းက ကျောင်းစာထဲ ပါပြီးသားများ"

အခုလို မေးခွန်းလောက်မှ ဖြေနိုင်တာများ ဉာဏ်တိုးက မာန်ဝင်နေသေးသည်။ ခင်ထွေးကလည်း ဒီလိုလေသံမျိုးဆို သိပ်အမြင်ကပ်တာမို့ ပြန်အော်မည်ပြုတုန်း ဆူညံသံတစ်သံက စိတ်အနှောင့်အယှက်ဖြစ်စရာ ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကွင်းပြင်၏အေား ရွာလမ်းမပေါ်တွင် အသံကို တမင်ကျယ်အောင်မောင်းလာသော ဆိုင်ကယ်တစ်စီးကို တွေ့ရသည်။ ရွာမှာ ဆိုင်ကယ်တော်တော်များများ ရှိသော်လည်း ဒီလို ဆိုင်ကယ်မြင့်မြင့်မျိုးတော့ တစ်စီးသာရှိပါသည်။ ဆိုင်ကယ်အသံကြားရုံနှင့် စီးသူကိုပါ အားလုံး သိလိုက်ကြသည်။

"ထက်ခေါင်ပဲ . . . နီနီရေ . . . နင့်ကို အသံပေးနေတာ"

အသံကြားကတည်းက ဆူပုတ်နေသော နီနီ့ကို အေးရီက အသံတိုးတိုးနှင့် ပြောသည်။ ဆိုင်ကယ်က ကွင်းပြင်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် မောင်းနေသည်။

"ဆိုက်ကယ်အနောက်က လူက နင့်အစ်ကိုနော် . . . နီနီ။ သူက ထက်ခေါင်ဘက်တော်သား ဖြစ်နေတဲ့ပုံပဲ။ နင်တော့ ခက်ပါပြီ"

ခင်ထွေးဝင်ပြောသော စကားကလည်း နီနီ့ကို ပိုစိတ်ရှုပ်စေသည်။ ဆိုင်ကယ်ပေါ်ကနေ ထက်ခေါင်က သူမထံ လှမ်းကြည့်နေသည်။ သူမအစ်ကိုလုပ်သူက ဆိုင်ကယ်နောက်မှာ စီးကရက်ဖွာလို့။ လေးငါးခေါက် ခေါက်တုံ့ခေါက်ပြန်မောင်းပြီးမှ ထွက်သွားကြလေသည်။

စကားထာဝှက်တမ်းလည်း မကစားတော့။ ကလေးတွေ ဆက်ကစားနေကြပေမယ့် သူတို့ကတော့ လူစုခွဲလိုက်ပါသည်။

နီနီနှင့်ခင်ထွေးက 'အဘွားမူ ရက်ကန်းစင်ဆီသွားမယ်။ နင်တို့လိုက်ပို့' ဟုဆိုသဖြင့် တံခွန်နှင့် ဉာဏ်တိုးက လိုက်ပို့ကြသည်။

အဘွားမူသည် ခင်ထွေး၏ အမေဘက်က အဘွားအရင်းဖြစ်ပြီး နီနီနှင့်လည်း မြေးအဘွားလိုပင် နွေးထွေးသည်။ အဘွားမူအိမ်ရောက်တော့ အိမ်၏တံစက်မြိတ်၌ ချိတ်ထားသော စက္ကူမီးပုံတစ်လုံးကိုဖြုတ်ကာ နီနီက တံခွန့်ကိုပေးလိုက်သည်။

"လမ်းက သိပ်မှောင်တယ်။ ဒီမီးအိမ် ယူသွားလိုက်ဟ"

တံခွန် လှမ်းယူသည်။ နီနီ့လက်ချောင်း ဖြူဖြူများနှင့် မထိသော်လည်း နီးနီးကပ်ကပ် အနေအထားမှ လှမ်းယူရ၍ ရင်ခုန်နေသည်။



"ဟ . . . မီးအိမ်က တစ်လုံးပဲလား။ ငါလည်း အမှောင်ထဲမြင် ရတဲ့ ကြောင်မျက်ရှင်မှ မဟုတ်တာ။ ငါ့ကျတော့ မပေးဘူး။ နင် ခွဲခြားခွဲခြားလုပ်တာ သိသာသွားပြီနော် . . . နီနီ"

ဉာဏ်တိုးစကားကြောင့် နီနီ့ပါးပြင် ချက်ချင်း နီထွေးသွားသည် မီးအိမ်တစ်လုံးတည်းနဲ့လည်း နှစ်ယောက်သွားလို့ရတာကိုဟာ နီနီ တွန့်တ ဆုတ်ဆုတ်လေးသာ ရေရွတ်နိုင်တော့သည်။ ခင်ထွေးက ပြုံးစစဖြင့် . .

"နင်က ဉာဏ်ကောင်းတယ်လေဟာ။ အဲ့ဒါကြောင့် မီးအိမ်မ ဘူးလေ"

"ငါဉာဏ်ကောင်းတာ ငါသိပါတယ်။ အခုဟာက မတရားခံ လို့ ပြောနေတာဟဲ့"

ဉာဏ်တိုး ညစ်ကျယ်ကျယ်လုပ်နေခြင်းပါ။

"နင် . . . တော်တော် နှုတ်သီးကောင်း လျှာပါးရှိလှချည် လား။ မပေးချင်လို့ မပေးတာဟာ ဘာဖြစ်လဲ"

တဲအိမ်အတွင်းမှ အဘွားမူ၏ ချောင်းဟန့်သံလှမ်းကြားရ

"အဘွားမူရေ . . . ဒီမှာ ဉာဏ်တိုးက အဘွားရဲ့မီးအိမ် အတင်းတောင်းနေတယ်"

ကလေးကလား အော်တိုင်သည်။ အဘွားမူ၏ တုံ့ပြန်သံ မကြား ရပေမယ့် နီနီက နောက်ထပ် မီးပုံးတစ်ပုံးကို ခြေဖျားထောက်၍ ဖြု လိုက်ကာ . . .

"ရော့ . . . ဉာဏ်တိုး၊ ယူ"

ဟု ပေးသည်။

"ဟင့် . . . မသဒ္ဓါရေစာ မီးပုံးလေးပါလားနော်"

ငြိုငြင်သံပေးပြီးမှ ယူသည်။ နီနီက ရှက်နေသည်။ တံခွန်က ပြုံး၍ ပျော်သွားသလိုလို ဖြစ်နေသည်။

ထို့နောက် ဉာဏ်တိုးနှင့် တံခွန် ပြန်ခဲ့ကြသည်။ လမ်းတ ကောင်းကင်မှလကိုလှမ်းကြည့်ရင်း ဒီအချိန် နီနီ ယက်ကန်းစင်၏ ခု



www.burmeseclassic.com

www.burmeseclassic.com

မျှင်လေးတွေကြား ပျက်တစ်ဝက်ဝါတစ်ဝက် သနပ်ခါးကွက်ကလေးဖြင့် လှနေတော့မည်ဟု ခုနကမှ ခွဲခွာခဲ့ရပေမယ့် တံခွန်သတိရမိသည်။

"သူများတွေများ ဒီလောက် လမင်းကြီး ဝင်းထိန်နေတာတောင် အိမ်အပြန်လမ်းအတွက် မီးအိမ်သတိတရပေးတဲ့သူနဲ့"

တံခွန်ကကြည့်တော့ ညဏ်တိုးက . . .

"မကြည့်နဲ့ မင်းကို ပြောနေတာပဲ"

နှစ်ယောက်သား ရယ်ကြသည်။

သွားရမည့်လမ်း မတူတော့သည့်နေရာတွင် သူတို့ လမ်းခွဲပြီး တစ်ယောက်တစ်လမ်း ပြန်ခဲ့ကြသည်။

ညဏ်တိုးနှင့် လမ်းခွဲအပြီးမှာပဲ တံခွန်က သူ့မီးအိမ်ကိုသူ အကဲခတ်မိလာသည်။ စက္ကူမီးအိမ်ထဲတွင် ပိုးဖလံကောင်တွေ ပျံနေသည်။ ပိုးဖလံကောင်များသည် မီးညွန့်ထဲဝင်ဝင်တိုးကာ အပူလောင်၍ မီးစာအရင်းဆီ ပြုတ်ကျပြီး ဖယောင်းရည်ထဲတွင် သူတို့အလောင်းများ နစ်နေကြသည်။ တစ်ကောင်လည်းမဟုတ်။ ထိုနည်းအတိုင်း နှစ်ကောင်၊ သုံးကောင်၊ လေးကောင်လောက် ဆက်တိုက်ဖြစ်သွားသည်ကို တံခွန် မြင်နေရသည်။

သူ တစ်ခုခုတွေးမိနေသည်။ သူ မီးအိမ်ကိုငုံ့ကြည့်နေရာမှ ခေါင်းမော့လိုက်သည်။ ရှေ့လမ်းတစ်လျှောက်တွင် ခရုတွေများစွာ တရွေ့ရွေ့ သွားလာနေကြသည်ကို တွေ့ရသည်။ ခရုတွေက အကောင်ကြီးအကောင်ငယ် စုံသလို ခရုတွေနှင့်အတူ ခူကောင်တွေ၊ ရထားကောင်တွေကိုလည်း တွေ့ရသည်။ သူ သည်လမ်းအတိုင်းလျှောက်ကာ အိမ်ပြန်ရမည်။ သို့သော် မလျှောက်သေး။ သူ ရပ်နေသည်။

လမ်းကျဉ်းကလေးတွင် မီးအိမ်ကို တွေဝေစွာဆုပ်ကိုင်၍ ရပ်နေသော လူငယ်တစ်ယောက် ရှိလေသည်။



"ဟော့ကောင် . . . တံခွန် . . . ထ . . . ထ . . . ဟော့ကောင်"

လှုပ်နှိုးမှုကြောင့် သူ နိုးလာသည်။ မျက်လုံးကို ပွတ်သပ်ပြီး ဖွင့်ကြည့်လိုက်တော့ သူ့ကို လှုပ်နှိုးနေသူက ညဏ်တိုး။ သူလည်း ညဏ်တိုးကိုမြင်မှ အသိဝင်ပြီး ဆတ်ခနဲ ထလိုက်တော့သည်။

"အိမ်မရှိ ယာမရှိ ကျနေတာပဲ။ ဘာလို့ လမ်းဘေးက သစ်ပင်မှာ မှီအိပ်နေတာလဲ"

မိုးစင်စင်လင်းနေပြီ။ ညဏ်တိုး၏ အပြစ်တင်သည့်အသံ၊ အံ့သြသည့်မျက်လုံးနှင့် အမေးကို တံခွန် တန်းမဖြေဖြစ်။ ခေါင်းကို အ ကုတ်နေသည်။

"မင်း . . . ညကတည်းက အိမ်မပြန်ဘဲ ဒီအပင်ခြေမှာ အိ နေတာမို့လား။ ဘာလဲ . . . အိမ်မှာ မင်းအဖေ မူးပြဲနေတာကို မမြ ချင်လို့လား။ အဲ့ဒါဆိုလည်း ငါ့အိမ် လာအိပ်လို့ရတာပဲကို"

ညဏ်တိုးက သူ့အထင်နှင့် ဖွတ်ပြောနေသည်။

တံခွန်က ခန္ဓာကိုယ်ကို ဖုတ်ဖက်ခါထပြီး လမ်းပေါ်ကြည့်လိုက်တော့ ခရုတွေတချို့၊ ခူကောင်တချို့၊ ညဘက်ကလောက် မများတော့ပေမယ့် ရှိတော့ရှိနေကြဆဲ။ သူ ညက လမ်းနံဘေးအတွင်းထဲက သစ်ပင်အောက်တွင် အိပ်ပျော်သွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

“ငါပြောနေတာတွေလည်း အဖက်လုပ်ပြီး ဖြေပါဦးကွ”

တံခွန်က မီးအိမ်ကို ပင့်ပြလိုက်သည်။

“ဒီမီးအိမ်ကြောင့်ပဲ အိမ်မပြန်နိုင်တာ”

“အောင်မယ်လေး ချစ်သူပေးတဲ့ မီးအိမ်က ပိုတောင်လင်းရဦးမှာပေါ့ကွ”

“မီးအိမ်မှိန်လို့ ပြောနေတာ မဟုတ်ဘူး။ မနေ့က ငါပြန်လာတော့ မီးအိမ်ထဲကို ပိုးဖလံကောင်တွေ ဝင်ဝင်ပြီး တစ်ကောင်ပြီးတစ်ကောင် သေကုန်တယ်”

“ဒါ သဘာဝပဲလေ။ ဒီလိုသေရတာ သူတို့အစဉ်အလာပဲ”

“ငါပဲ ဆက်ပြောမယ်။ နောက် . . . ငါ ဒီနေရာရောက်ရင်တော့ လမ်းတစ်လျှောက်လုံး ခရုတွေ၊ ခူကောင်၊ ရထားကောင်တွေနဲ့ ပြည့်နှက်နေတယ်လေ”

“ . . . . ”

“ငါသာ မီးအိမ်မပါရင် အဲ့ဒီခရုတွေကို ရှောင်ကွင်းပြီးသွားနိုင်မှာ မဟုတ်ဘူးလေ။ တက်နင်းမိပြီး သေမှာပဲ။ ဒါပေမဲ့ မီးအိမ်ကြီးနဲ့ကျတော့လည်း ပိုးဖလံကောင်တွေ သေလိမ့်မယ်ကွ။ အဲ့ဒီတော့ ငါ မီးအိမ်ကိုလည်း ဆက်မထွန်းချင်၊ လမ်းလည်း ဆက်မလျှောက်ချင်တော့ဘူး။ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။ အဲ့ဒါနဲ့ လမ်းဘေးသစ်ပင်မှာ ငုတ်တုတ်မှီပြီး စဉ်းစားရင်း အိပ်ပျော်သွားတော့တာပဲ”

“ကျွတ် . . . မင်းကလည်း အူကြောင်ကြောင်နဲ့၊ ငရဲကြီးမှာများ တော်တော်ကြောက်တယ် . . . ဟုတ်လား”

“ငရဲကြီးမှာတွေဘာတွေ ငါ စိတ်ထဲ သိပ်မတွေးပါဘူး။ ငါ့စိတ်မှရှိတာက သူတို့မသေဖို့ပဲ။ ငါက သူတို့အသက်ဓာတ်ကို လေးစားတာကွ။ သူတို့ သက်တမ်းရှိသရွေ့ နေထိုင်စေချင်တဲ့ စိတ်ပဲရှိတာပါ”



ဉာဏ်တိုးက နှုတ်ခမ်းစွက်ကာ ခေါင်းကုတ်သည်။ လေပါသည်ပေါ့။ တံခွန်စိတ်က တစ်ခါတလေ ထိုသို့ သူတော်စင်လိုလို ထူးဆန်းနေတတ်ကြောင်း ဉာဏ်တိုးသိပါသည်။ သို့သော် ထိုအဖြစ်ကိုတော့ ကြောင်သည်ဟု မြင်သည်။ ဘာပဲပြောပြော ထိုအချက်ကို တစ်ခုခုအတွက် အသုံးချဖို့ ဉာဏ်တိုး အကွက်မြင်လိုက်ပြီဖြစ်သည်။

• • •

ထိုညနေတွင်ပဲ ဉာဏ်တိုးက နီနီ့ဆီကို သွားသည်။ နီနီက တစ်အိမ်လုံးစားသောက်ထားသည့် ပန်းကန်တွေ ခွက်တွေကို ဆေးကြောနေသည်။ နီနီ့ကိုကြည့်ရတာ ပင်ပန်းစရာ။ ထို့ကြောင့် ဉာဏ်တိုးက ကူပြီး စဉ့်အိုးထဲ ရေဖြည့်ခပ်ပေးလိုက်သေးသည်။

ပြီးမှ မိမိလာရင်းကို ပြောသည်။ ဉာဏ်တိုးက မနေ့က တံခွန် လမ်းဘေးမှာ အိပ်သည်ဟု ပြောပြလိုက်သည်။ ထင်ထားသည့်အတိုင်း နီနီက မျက်လုံးဝိုင်း၍ . . .

“ဘာလို့အိပ်တာလဲ”

ဟု မေးတော့ သူက . . .

“နင့်ကို စိတ်မချလို့ပေါ့”

ဟု ပြန်ဖြေသည်။

“နင်က အဘွားမှုရက်ကန်းစင်ကနေ ဘယ်အချိန်မှ ပြန်မယ်မှန်းမသိတော့ သူစိတ်မချလို့ သစ်ပင်အောက်မှာ အိပ်ပြီးစောင့်နေတာပေါ့”

ဟု ရုပ်တည်နှင့် အောင်သွယ်သည်။ နီနီက မျက်နှာရဲသွားသည်။ ထိုသို့ မထိခလုတ်ပြောပြီး ဉာဏ်တိုးထွက်လာသည်။

နောက်နေ့မနက် ချောင်းထဲမှာ တံခွန်နှင့် ရေကူးကြသည်။ တံခွန်က ရေကူးနေစဉ် ဉာဏ်တိုးက ကမ်းဘေးမှာ ထိုင်နေသည်။ ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ကို လက်ကကိုင်ကာ မျက်စောင်းထိုးရင်း ဘာလုပ်နေမှန်း မသိ။

"ဟော့ကောင် . . . ခရုကို ဘာလုပ်နေတာလဲ"

"ခုနက ဒီကောင် ငါ့အပေါ်ကို တက်လာတာ ငါ ယားသွားတာပဲကွ။ ဒါကြောင့် ဒီကောင် ပြန်ယားအောင် ကလိယားထိုးနေတာ"

"အာ . . . "

တံခွန် ဆလံသသွားသည်။ ညာဏ်တိုးက ထိုသို့ ပေကပ်ကပ်။ ခရုကိုတောင် သဘောထားကြီးမပေးနိုင်ဘဲ ကလဲ့စားချေနေသည်။

ခရုက ယားမယားတော့ မသိ။ ခရုကို ကလိယားထိုးသလို သွားသွားပွတ်နေရသဖြင့် သူ့လက်ပဲ ယားနေသည်။ ချောင်းထဲခုန်ဆင်းကာ လက်ရေပြန်ဆေးရင် . . .

"ဟော့ကောင် . . . တံခွန်၊ မင်းကို နီနီက ဟိုတစ်နေ့က သစ်ပင်အောက်မှာ အိပ်တယ်ဆိုတာ ဟုတ်လားလို့ မေးလိမ့်မယ်။ အဲ့ဒီအခါ မင်းက . . . "

"သူ လာမေးပြီးပြီကွ။ ညတုန်းက . . . "

"ဟင် . . . အဲ့ဒီလိုမေးတော့ မင်း ဘယ်လိုဖြေလိုက်လဲ"

"ဘယ်လိုဖြေရမှာလဲ။ အမှန်အတိုင်း ဖြေလိုက်တာပေါ့။ ခရုတွေ တက်နင်းမိမှာဆိုးလို့ ဘာလုပ်ရမှန်းမသိဘဲ အတွေးလွန်ပြီး သစ်ပင်အောက်မှာ အိပ်ပျော်သွားတာလို့"

"ဟာ . . . ချီးနဲ့မှပဲ။ အဲ့ဒီတော့ သူက ဘာပြောသွားသေးလဲ"

"ငါ့ကိုတော့ ဘာမှမပြောဘူး။ ဒါပေမဲ့ စိတ်ဆိုးသလိုလို ရှက်သလိုလို အမူအရာဖြစ်သွားပြီး 'ကောင်စုတ်ညာဏ်တိုး ရေတွင်းထဲကျပါစေ' ဆိုပြီးတော့တော့ ကျိန်ဆဲသွားသေးတယ်"

"သေရောပေါ့ကွာ"

နီနီကလည်း သွက်သည်။ ညတွင်းချင်း သွားမေးသည်။ ညာဏ်တိုး အကွက်မစေ့လိုက်ဘူး ဖြစ်သွားသည်။



တံခွန်ကလည်း ညာဏ်တိုး၏ အမူအရာနှင့် မေးခွန်းတွေကို ကြည့်ပြီး . . .

"ညာဏ်တိုး . . . မင်း ငါနဲ့ နီနီကြားမှာ ဘာမွှေထားတာလဲ"

"မပြောဘူးကွာ။ ငါက ညာဏ်ကောင်းလို့ စီစဉ်ထားတာကိုလည်း မင်းက အထာမနပ်ဘူး။ မဖြစ်ပါဘူး . . မင်းနဲ့နီနီ နီးစပ်အောင် ငါ ညာဏ်ကုန်ထုတ်ပြီး ကြံပါဦးမယ်"

ညာဏ်တိုးက ထိုသို့ပင်။

သူ ကြည်ဖြူသော သူတွေကို အကောင်းဆုံး ဆက်ဆံတတ်ပြီး မိမိအပေါ် တစ်ခုခု ပြုမူထားသူအတွက်လည်း ပြန်တုံ့ပြန်ရန် ကြိုးစားတတ်သူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကိုရင် ကွင်းပြင်ကြီးကိုကြည့်၍ အတွေးပွားနေမိခြင်းဖြစ်သည်။ ထိုကွင်းပြင်ကြီးသာ စကားပြောတတ်လျှင် မိမိကို ဘာများလှမ်းပြောလေလိမ့်မလဲ။ 'မတွေ့တာကြာပြီဟု နှုတ်ဆက်မလား' ။ 'ထွက်သွားလိုက်တာ နှစ်ကာလတွေတောင် ပေါက်တယ်။ ဘယ်နှစ်နှေရာသီရှိပြီလဲ။ အခုမှ ပြန်လာရသလား' ဟု အပြစ်တင်သံသဲ့သဲ့နှင့် ပြောလေမလား မသိပါချေ။ ကိုရင်ကတော့ ကွင်းပြင်ကြီးကို အသိအကျွမ်းဟောင်းတစ်ယောက်ကို ကြည့်နေရုံမှလွဲ၍ ဘာမှ ပြောချင်ဟန်မရှိ။ ထို့ကြောင့် ရှေ့ဆက်ကြွရန်အတွက်သာ ခြေလှမ်းပြင်လိုက်တော့သည်။

ကိုရင်ဆက်လျှောက်လာရင်း သစ်သားဖြင့် ဆောက်လုပ်ထားသော ချောင်းကူးတံတားတစ်စင်းပေါ်လည်း ရောက်ခဲ့သည်။ တံတားပေါင်ပေါ် သပိတ်တင်ပြီး ရေပြင်ဆီ ငေးနေလိုက်သေးသည်။ ငါးတစ်ကောင်က ရေပြင်အပေါ်ယံနားတွင် ရစ်ဝဲနေသည်။ ပြီးလျှင် အမြီးခတ်ပြီး ရေအောက်ထဲ ပြန်ငုပ်လျှိုးသွားသည်။ ငါးကလေး၏ အမြီးခပ်သွားမှုကြောင့် ရေပြင်အထက်တွင် ရေပူပေါင်းလေးတစ်လုံး ဖြစ်ပေါ်လာသေးသည်။ သို့သော် ခဏပါပဲ။ စက္ကန့်၏ အပုံတစ်ရာပုံလေးငါးပုံလောက်ပဲ ကြာမည်။ ရေပွက်ပူပေါင်းလေး 'ဖန်း'ခနဲ ပေါက်ကွဲသွားသည်။



"ဩော် . . . ရေပွက်ပမာဆိုတာ သိပ်ကောင်းတဲ့ ဥပမာတစ်ခုပါလား"

သမုဒ္ဒရာကြီးရှေ့ထဲ တကူးတက သွားကြည့်စရာမလို။ ချောင်းငယ်ကလေးတွင်ပဲ တွေ့နိုင်သည်ပင်။

ပုစွန်ဆိတ်ကြည်ကြည်လေးတစ်ကောင် တဆတ်ဆတ် ခုန်ချင်သလို ဖြစ်နေတာကိုလည်း လှမ်းတွေ့ရပြန်သည်။ ထိုစဉ်ပဲ ငါးမည်းကြီးတစ်ကောင်က ပုစွန်ဆိတ်ကလေးကို ပါးစပ်ဟ၍ လှမ်းဟက်ကာ ငုံစားသွားလေသည်။ တစ်ခဏလေးအတွင်းပါပဲ။ ဒီအဖြစ်အတွက်လည်း တောနက်ကြီးထဲ သွားကြည့်ရန်မလို။ ချောင်းငယ်ကလေးတွင်ပင် တွေ့နိုင်သော ကြီးနိုင်ငယ်ညှဉ်းဝါဒ။ ဒီလိုပြောရင် ရက်စက်ရာကျမလား။ မသေချာပေမဲ့ တစ်ဦးရှင်သန်ရေးမှာ တစ်ဦးစတေးပေးရသော သဘောကိုတော့ လက်ငင်းတွေ့ရလေသည်။

ကိုရင်တို့ငယ်စဉ်က ရေကူးခဲ့ရာ ချောင်းကလေးပေါ့။ ချောင်းစပ်ကနေ မျောက်လွှဲကျော်လို ခုန်ဆင်းကျွမ်းပစ်ခဲ့သော ငယ်ဘဝများက တစိမ့်စိမ့်ပြုံး၍ သတိရစရာပင်။ ကိုရင်က ငယ်စဉ်က ရေကူးတော်တော်သည်။ ဟိုဘက်ဒီဘက်ကို သိပ်အားမထုတ်ရဘဲ အလွယ်ကူးနိုင်သည်။ ထားပါတော့။ ဒါတွေ သိသိသာသာ ကျန်ခဲ့ပါပြီ။

ကိုရင် သပိတ်ကိုပြန်မ၍ ဆက်ကြွလာခဲ့သည်။ ဆွမ်းခံအိမ်လေးငါးအိမ်ကျော်ပြီးတော့ ကျောင်းရှေ့သို့ရောက်သည်။ အထက်တန်းကျောင်းပါ။ ကိုရင်တို့ရွာနှင့် အနီးနားမှ ရွာနှစ်ရွာတို့အတွက် တစ်ခုတည်းသော ကျောင်းပါ။ ကျောင်းရှေ့ရောက်တော့လည်း ကျောင်းသားဟောင်းတစ်ဦးလို စိတ်ကဝင်လာမှန်းမသိ ဝင်လာပြန်၏။ နံနက်ခင်းနှင့် အဖြူအစိမ်းတွေလောက် လိုက်ဖက်တာ ဘယ်အရာမှမရှိ။ ခေါင်းလောင်းကိုလည်း လှမ်းမမြင်ဘဲ ခေါင်းလောင်းသံကို ကြားရသယောင် ခံစားရမိ၏။

ကိုရင် ကျောင်းတော်ရှေ့ခြေစုံရပ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (ခ)

ပဲရိုးပုံကြီးတွေ၊ နှမ်းရိုးပုံကြီးတွေကို ဖြတ်သန်းသွားရသော ကျောင်းသွားလမ်းမှာ စမ်းချောင်းကလေးများလည်း ခြံရံနေသေး၏။ ထို့ကြောင့် ဝါးတံတားပျော့အိအိများကိုလည်း ဖြတ်ရသည်။ တံတားကြမ်းအကွပ်မှ အောက်သို့ လှမ်းကြည့်လျှင် ငါးရံ့မည်းမည်းကလေးများ အမြီးခတ်နေသည်ကို မြင်ရဦးမည်။

ချောင်းငယ်ထဲမှာ ကနဖော့၊ ကန်စွန်း၊ ရေမှော်နှင့် ဗေဒါပင်များ ရောထွေးနေသည်။ ဗေဒါများ အပွင့်စိုစိုပွင့်ပါလျှင် ထိုအပွင့်များပေါ်တွင် ရောင်စုံပိုးကောင်တွေ အမြင့်ခုန်နေသည်ကို တက်ကြွဖွယ်တွေ့ရသေးသည်။ ကျောင်းသွားလမ်းက ဖွဲ့နွဲ့ရလျှင် အဆုံးခက်အံ့။

"လုပ်ထား . . . ငှါကောင် . . . ရှူး . . . ရှူး . . ."

"လုပ်ထား . . . ချစ်တုံးကြီး . . . လုပ်ထားစမ်းပါ"

"ငှါကောင့်ကြီးရေ . . . ကြိုးစားလိုက်စမ်းပါ။ ဒီပွဲနိုင်ရင် မင်းကို ပြန်လွှတ်ပေးမှာ . . . ရှူး . . . ရှူး . . ."

မသိလျှင် နွားတိုက်နေတာနှင့်တူမည်။ တကယ်က 'ဘုတ်ဘုတ်' ဟုခေါ်သည့် မြေမွှားကောင်လေးများကို ပြိုင်ခိုင်းနေကြခြင်းဖြစ်သည်။ မန်ကျည်းစေ့တစ်ဝက်ခန့်ရှိသော ထိုအကောင်များကို လောင်းကြေး



ထပ်ကာ အပြေးပြိုင်ခိုင်းနေကြသည်။ ထိုပိုးကောင်ကလေးများသည် ခြေတံ ဖါသော အိမ်တွေ၏ မြေပွပွများတွင် ကန်တော့ပုံစံမြေတွင်းတူး၍ နေနေတတ်ကြသည်။ ထိုတွင်း(ကျင်း)ကလေး၏ဘေးကို လက်နှင့်ပုတ်၍ 'ဘုတ်ဘုတ်ရေ ထွက်ပါတော့ . . . ဘုတ်ဘုတ်ရေ ထွက်ပါတော့' ဟု ရွတ်လျှင် ထိုဘုတ်ဘုတ်ကောင်များ ထွက်လာကြသည်။ တကယ်တော့ ဘုတ်ဘုတ်များက 'ဘုတ်ဘုတ်ရေထွက်ပါတော့ . . .' ဟု တကြော်ကြော်အော်နေခြင်းကြောင့် ထွက်လာခြင်းမဟုတ်။ ကျင်း၏ဘေးကို လက်ဖြင့် တဘုတ်ဘုတ်ပုတ်နေသောကြောင့် ကျင်းပြိုကာ ဘုတ်ဘုတ်ကလေးများ ထွက်လာခြင်းဖြစ်သည်။

အခု စာသင်ခုံပေါ်တွင် ဘုတ်ဘုတ်များကို အပြေးပြိုင်ခိုင်းနေသည်မှာ ထက်ခေါင်တို့အဖွဲ့နှင့် စိုးဝင်းသန်းတို့အဖွဲ့။ တဟေး . . . ဟေး . . . နှင့် ပွဲက မြိုင်နေသည်။ ထက်ခေါင်ကတော့ မရ။ မသာအိမ်ရှိလျှင် ဖဲပွတ်သည်။ ပြိုင်သူရှိရင် ကြက်တိုက်သည်။ ကျောင်းခန်းရောက်တော့လည်း ရရာသတ္တဝါကို ညှဉ်းပန်း၍ လောင်းကစားနေပြန်သည်။ ဘုတ်ဘုတ်ကောင်များက လေပြင်းပြင်းနှင့် မှုတ်လိုက်ရင်တောင် လွင့်သွားသည်မို့ ဆရာ /ဆရာမမမြင်အောင် အစဖျောက်ရလည်း လွယ်သည်မဟုတ်လား။

တံခွန်၊ ဉာဏ်တိုး၊ နီနီနှင့် ခင်ထွေးတို့သည် အတူတူလာတာမဟုတ်သော်လည်း လမ်းတစ်ထောက်မှာ ဆုံဖြစ်ခဲ့ပြီး ကျောင်းလမ်းခရီးကို အတူတူလာဖြစ်ခဲ့ကြရာ ယခုမှ ကျောင်းခန်းထဲ ဝင်လာခြင်းဖြစ်သည်။ ဝင်ဝင်လာချင်းပင် အတန်းသားတွေ ဝိုင်းအုံ၍ ပွဲစည်နေသော စာသင်ခုံကိုလည်း လှမ်းမြင်သည်။

"ရှန်းလိုက်စမ်းပါ . . . ဖေ့သားကြီးရာ"

"လုပ်ဟ . . . လုပ်ထား . . ."

ထိုမြင်ကွင်းနှင့် ထိုအသံကို ကြားရုံဖြင့် ပွဲထဲ ခေါင်းတိုးဝင်ရာမလိုဘဲ 'ဒါဘာလုပ်နေတာလဲ' ကို တံခွန်သိသည်။ သူ ထိုဗေဒါးနည်း



www.burmeseclassic.com

www.burmeseclassic.com

ကို မုန်းသည်။ ကိုယ်ချင်းစာတရားခေါင်းပါးသူများက ကိုယ့်ထက် အားနည်းလွန်းသော သတ္တဝါကို ညှဉ်းပန်းကာ မိမိစိတ်လှုပ်ရှားဖို့ ဖျော်ဖြေခိုင်းသည့် ရက်စက်သော ကစားနည်းဟု နားလည်သည်။ ကစားနေသူတွေ ဘာရသခံစားရလဲတော့ မသိ။ လှမ်းမြင်သူကတော့ . . .

ထို့ကြောင့် သူ့စိတ်ထဲ တစ်ခုခုလုပ်ရန် ကြံမိတော့သည်။

"နီနီ . . ."

နီနီက ဘုရားစင်မှ ဘုရားပန်းများ ခြောက်နေသည်ကို လှမ်းကြည့်နေရာမှ ခေါ်သံကြောင့် တံခွန့်ထံ အကြည့်ပြောင်းလိုက်သည်။ သူက . . .

"နောက်ထပ် ခြေလှမ်းငါးလှမ်း လှမ်းပြီးရင် နင် ငါ့ပခုံးကို နည်းနည်းအားစိုက်ပြီး တွန်းလိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ"

နီနီက အလွယ်တကူ အံ့သြတတ်သော မိန်းကလေးဖြစ်ရာ မျက်လုံးဝိုင်းရင်း ပြန်မေးလေသည်။

"နောက်ထပ် ခြေငါးလှမ်း လှမ်းပြီးရင် နင် အလိုလို သိသွားမှာပါ"

သူတို့ပြောနေစဉ် ဉာဏ်တိုးနှင့် ခင်ထွေးက ကိုယ့်စာသင်ခုံ ကိုယ်သွက်သွက် သွားနေကြပြီဖြစ်သည်။ နီနီနှင့် တံခွန်က အခုမှ အခန်းပေါက်ကနေ စတင်ပြန်လျှောက်လာသည်။ နီနီက စိတ်ထဲက တစ်၊ နှစ်၊ သုံး စသဖြင့် ရေတွက်နေသည်။ နီနီ့နှုတ်ခမ်းများက တစ်စုံတစ်ရာမဆိုဘဲ ပန်းရောင်ဖြင့် နုနယ်နေသည်။

"လေး . . . ငါး . . . အင့် . . ."

ငါးလှမ်းမြောက်သည်နှင့် အင့် . . . ခနဲ သူမ တွန်းလိုက်သည်။

"အ . . . အောင်မလေးဗျ . . ."

နီနီက ဖြည်းဖြည်းပဲ တွန်းတာရယ်ပါ။ ဒါကို တံခွန်က အသံကျယ်ကြီးနှင့် အော်ကာ ကျောင်းသားတွေ ဝိုင်းအုံနေကြသည့် ဝိုင်းထဲ



သို့ ခေါင်းကြီးတိုးဝင်သွားတော့သည်။ ဘုတ်ဘုတ်တွေပြိုင်သည့် စာသင်ခုံပေါ် လက်ထောက်မိရင်ပဲ နေးတိနေးတုံ့နှင့် ပြိုင်ပွဲဝင်နေသည့် ဘုတ်ဘုတ်နှစ်ကောင်ကို လက်နှင့် တောက်ထုတ်လိုက်သည်။ ပြီးလျှင် ချက်ချင်းပဲ ခုံအစွန်းက ဘုတ်ဘုတ်တွေထည့်ထားသည့် ထက်ခေါင်၏ စက္ကူဘူးကိုပါ လက်နှင့် ပုတ်ချလိုက်၏။

"ဟာ . . . သွားပါပြီကွာ . . . ပွဲပျက်ပါပြီ"

"ဟာ . . . ငါ့ကောင်တွေ လွတ်ကုန်ပြီ"

"ချီးတဲ့မှ . . ."

". . . . . ."

ဆဲသံတွေ ပွက်ထွက်လာကုန်ကြသည်။ ဒီလိုအဖြစ်တွေဖြစ်လာမှ တံခွန်က သူ့ကို ဘာလို့တွန်းခိုင်းမှန်း နီနီသိတော့သည်။

"ဟေ့ကောင် . . . မင်း ဘယ်လိုလုပ်တာလဲ"

ထက်ခေါင်က တံခွန့်အကျီကို ဆောင့်ဆွဲကာ မျက်နှာချင်းဆိုင်ဖြစ်သွားတော့ မေးလိုက်သည်။ တံခွန်က အလွန်အမင်း အားတုံ့အားနာဟန်လုပ်ကာ . . .

"အာ . . . ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ . . . မတော်တဆ ဖြစ်သွားတာပါ။ ဟိုမှာ နောက်ကနေ နီနီက ငါ့ကို တွန်းလိုက်လို့ကွ"

"ဟင် . . ."

ထက်ခေါင် 'ဟင် ' သွားသည်။ ဆောကိုလှည့်ကြည့်လိုက်တော့ နီနီက ပါးကွက်ဝါလေး အဖွေးသားနှင့် မျက်နှာချီထားသည်။ ထက်ခေါင်က ထွက်နေသည့် ဒေါသကို ထွက်သက်နှင့်အတူ 'ဟင်း . . .' ခနဲ လျှော့ချလိုက်ကာ တံခွန့်အကျီစကို တင်းတင်းဆုပ်ကိုင်ထားသည့် လက်အား ဖြည်းဖြည်းချင်း လျှော့ချကာ လွှတ်လိုက်သည်။

"နင်က ဘာလို့ ဒီကောင့်ကို တွန်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လဲ . . . ငါ့သူငယ်ချင်း ငါတွန်းတာ။ တွန်းရုံတင် မကဘူး။ ရိုက်လို့လည်း ရ၊ ဗိုက်ခေါက်လိမ်ဆွဲလို့လည်း ရတယ်။ ငါ့သူငယ်ချင်း ငါ ကြိုက်သလို လုပ်ခွင့်ရှိတယ်"

နီနီက ကျန်သည့်အချိန်တွေ နှုးညံ့သလောက် ထက်ခေါင်နှင့်ဆိုစွာပြီးသား။ ထက်ခေါင်က နီနီနဲ့ ပြောင်းပြန်။ ကျန်သည့်အချိန်တွေ ကျောက်တောင်ကြီးလို မာထန်နေပေမဲ့ နီနီနှင့်ဆို သက်တန့်လို ကွေးညွတ်ရိုကျိုးသွားတတ်သည်။

နီနီ့အဖြေကို မကြိုက်သော်လည်း ထက်ခေါင် ဘာမှမပြောတော့ပါ။

ကိုယ့်ခုံကိုယ် အသီးသီး သွားထိုင်ပြီးကြတော့မှ ဉာဏ်တိုးက တီးတိုးပြောသည်။

"မဆိုးဘူး . . . တံခွန်။ မင်းလည်း ငါ့ခြေဖျားလောက် ဉာဏ်ကို လှာသုံးတတ်နေပြီ။ ဟိုကောင်တွေ ကစားဝိုင်းကို ဖျက်လိုက်တာ လှတယ်"

"အဟင်း . . . "

မိန်းကလေးခုံတန်းတွင်လည်း ခင်ထွေးက နီနီ့ကို . . .

"နီနီ . . . နင် တံခွန့်ကို ကာကွယ်ပေးပြီး ထက်ခေါင်ပေါ် အနိုင်ယူလိုက်တာများ သိပ်သိသာလိုက်တာ"

"သိသာအောင် လုပ်တာပဲတော့် သိသာမှာပေါ့။ တံခွန်က ကောင်းတာလုပ်တာ။ ဟိုကောင်က မကောင်းတာလုပ်တာလေ။ ကောင်းတဲ့သူကို ကာကွယ်တာ ဘာမှားလို့လဲ"

"မမှားပါဘူး။ မဟုတ်လည်း နင်က တံခွန် ဘာပဲလုပ်လုပ် ကောင်းတယ်လို့ ထင်နေမှာပဲကို"

သည်လိုကျတော့ နီနီ့မျက်စောင်းက ရောက်လာသည်။

• • •



နေလုံးက ငှက်တွေဖြတ်ပျံအပြီးမှာ ရေသောက်ဆင်းဖို့ ပြင်သည်။ ကျောင်းခေါင်းလောင်းကြီးကို ကျောင်းအုပ်ဆရာမအိုကြီးက လှုပ်ခါလိုက်တော့ 'ဒေါင် . . . ဒေါင် . . . ဒေါင် . . . ' ဟု မြည်သွားသည်။

ကျောင်းဆင်းလမ်းအတိုင်း ဉာဏ်တိုးနှင့် တံခွန် ပြန်လာသည်။ ဉာဏ်တိုးက မြန်မာစာစာအုပ်ကို လက်ခလယ်နှင့် လှည့်၍ လေချွန်လာသည်။ ပြီးတော့ ခင်ထွေးအဖေ ဘကြီးချို၏ နွားခေါင်းအကြောင်း မကြာခဏ ပြောလာသည်။ ချိုင့်ခွက်တွေများပြီး ပွရှုလှသော ထိုနွားခေါင်းကြီးကို တွေးကြည့်ရုံနှင့် ထမင်းစားပျက်ကြောင်း ပုတ်ခတ်လာသည်။

"မင်းကို ဘယ်သူက တွေးကြည့်ခိုင်းနေလို့လဲ"

တံခွန် ဒီလိုပြောတော့ ဉာဏ်တိုး ရယ်သည်။

"ဘာပဲဖြစ်ဖြစ် ငါ့နွားခေါင်းကိုတော့ အဲ့ဒီနွားခေါင်းလို ဘယ်တော့မှ မဖြစ်စေရဘူး"

ဟုဆိုကာ သူ့နွားခေါင်းသူ ဆွဲနေသေးသည်။

ညောင်ပင်ကြီး တစ်ပင်အောက်ရောက်တော့ ဉာဏ်တိုးက လျှောက်နေရာမှ ရပ်လိုက်သည်။ လမ်းဘေးက အုတ်နီခဲကိုကောက်ကိုင်ကာ ညောင်ပင်ကြီး၏ မြေထဲမှ ကောက်ထွက်နေသော အမြစ်ဆုံကြီးကို အုတ်နီခဲနှင့် ထုတော့သည်။

"ဟေ့ကောင် . . . ဘာလုပ်တာလဲကွ"

"မနေ့က ကျောင်းလာတုန်းက ဒီသစ်မြစ်ကြီးကြောင့် ငါ ခလုတ်တိုက်တယ်လေ။ ဒါကြောင့် ငါ သတိရတုန်း သူနာအောင် ပြန်လုပ်မလို့"

အုတ်နီခဲဒဏ်ကြောင့် သစ်မြစ်ကြီး ဖွာထွက်ကာ စုတ်ပြတ်လာသည်။

"မင်းကလည်းကွာ . . . သက်မဲ့နဲ့များ ပြိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com

"သစ်ပင်က သက်မဲ့ဆိုရင် ဘာလို့ [illegible] ထည့်သွင်းနေသေးလဲ။ ဒီသစ်ပင်မှာ အသက်တစ်ဝက်တော့ ရှိမှာပဲ။ ဒါကြောင့် ဆန္ဒလည်း တစ်ဝက်ရှိမှာပဲ။ ဒီအကောင် ငါ့ကို ခလုတ်တိုက်အောင် တမင်သက်သက်လုပ်တာနေမှာ"

"ကလဲ့စားချေတယ်ဆိုတာ ကောင်းတဲ့အထဲ မပါဘူး"

"ငြိမ်ခံနေတာလည်း သိပ်မှမကောင်းပဲကွ။ ဘာပဲဖြစ်ဖြစ် တရားနည်းလမ်းကျတယ်။ ကိုယ့်လုပ်ရင် ပြန်လုပ်ရမယ်။ ငါက ဉာဏ်ကောင်းတဲ့ကောင်ဆိုတော့ ဒါတွေ သဘောပေါက်တယ်ကွ"

" . . . . . . "

"အင့်ဟာ . . . အင့်ဟာ . . . ဟင် . . . ဘာတွေလဲဟ"

ဉာဏ်တိုး သစ်မြစ်ကို အုတ်နီခဲနှင့်နက်နေတုန်း ပခုံးပေါ် ညောင်သီးမှည့်တွေ ကြွေကျလာသည်။ ကျောင်းစိမ်းအကျီဖြူဖြူမှာ ညောင်သီးမှည့်ထဲမှ အရည်တွေ၊ အဆံသေးသေးလေးတွေနှင့် စွန်းကုန်သည်။

"ဟာ . . . လေပါတယ်။ ငါက အုတ်နီခဲနဲ့ထုလို့မှ မဝသေးဘူး၊ ဒီကောင်က ညောင်သီးတွေ ခြွေချပြီး ပြန်ပညာပြနေပြီ"

"အေး . . . အဲ့ဒီလိုပဲကွ။ ကလဲ့စားချေတယ်ဆိုတာ မုန့်လုံးစက္ကူကပ်ကဗျာလို စမိရင် သိပ်မဆုံးချင်တော့ဘူး"

ဉာဏ်တိုးက ပခုံးပေါ်က ညောင်သီးတွေကို ခါချရင်း ရှေ့ကို ကြည့်လိုက်သည်။

"ဟော့ကောင် . . . ဆရာကြီးလုပ်ပြီး ငါ့ ဆုံးမ မနေနဲ့။ ဟိုမှာ မင်းကိုလည်း ကလဲ့စားချေမယ့်ကောင်တွေ လာနေပြီ"

တံခွန်လည်း ရှေ့ကိုကြည့်လိုက်တော့ လမ်းချိုးတစ်ခုကနေ ထက်ခေါင်တို့အဖွဲ့ ထွက်လာတာကို တွေ့လိုက်သည်။ ကောင်းပါသည်။ တံခွန်လည်း မျှော်လင့်ထားပါသည်။ ထိုသို့ပင် တွေ့ချင်ပါသည်။



ထက်ခေါင်အနောက်တွင် ထူးညီ၊ အမြွာညီအစ်ကို ဆန်းဝင်းချစ်၊ ဆန်းမင်းချစ်၊ ဘူးသီးနှင့် အောင်ပြည့်တို့ ထုံးစံအတိုင်း ပါလာသည်။

ထက်ခေါင်က တံခွန်ရှေ့ရောက်တော့ ရပ်လိုက်သည်။ တံခွန်၏ မျက်လုံးကို တည့်တည့်ကြည့်သည်။ တံခွန်ကလည်း သူ ဘာပြောမလဲ စောင့်ရင်း ပြန်ကြည့်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် ချက်ချင်း စကားမပြောဖြစ်ကြ။ နည်းနည်းကြာမှ ထက်ခေါင်က . . .

"ငါ အခုဘာလို့ မင်းရှေ့ရောက်နေတာလဲဆိုတာ မင်း သိမယ်ထင်တယ်"

"သိလို့ ဘယ်မှမသွားဘဲ နေနေတာပေါ့။ မနက်ကကိစ္စအတွက် မင်း ငါ့ကို မကျေနပ်ဘူး မဟုတ်လား"

"ဟုတ်တယ် . . . နီနီက ကာကွယ်ပေးနေလို့ မင်း သက်သာသွားတယ်။ ဒါပေမဲ့ အခုတော့ မင်း သက်သာမှာ မဟုတ်ဘူး"

ဉာဏ်တိုးက ညောင်မြစ်နားက အုတ်နီခဲဆီ မျက်စိရောက်နေသည်။ တစ်ခုခုဆို ဦးအောင်တွယ်ပြီး ပြေးရန်။

တံခွန်ကတော့ သူ့နဂိုဟန်အတိုင်း တည်တည်ပြုံးပြုံးပဲ . . .

"မင်းထိုးရင် ထိုးသွားလိုက် . . . ထက်ခေါင်။ ငါ ပြန်လုပ်မှာ မဟုတ်ဘူး . . . စိတ်ချ။ မင်း ကျေနပ်သလောက် ထိုးသွား"

"အဲ့ဒါမျိုးက ဘာလုပ်မှာတုံး။ ငါ မလိုချင်ဘူး။ မင်းလည်း ပြန်ထိုး။ ငါလည်း ပြန်ထိုးမယ်။ ယောက်ျားပီပီပဲ လုပ်ချင်တယ် [illegible]ကောင်။ ငါ့ဘာသာ ပြိုင်ပြီးရတဲ့အနိုင်ကိုပဲ လိုချင်တယ်။ အရှုံးပေးလို့[illegible]တဲ့ အနိုင်မျိုးတွေ စိတ်မပါဘူး"

ထက်ခေါင်တွင် အလွယ်ကြိုက်သည့် စိတ်ဓာတ်တော့ ရှိပုံမ[illegible]

"အဲ့ဒါဆိုရင်တော့ ခက်ပြီ။ ငါက သူများအသားနာအောင် လ[illegible] ရမယ့်အလုပ်ကို လုပ်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

တံခွန်က သူ့စိတ်ရင်းအတိုင်းပဲ ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ထက်ခေါင်အတွက်တော့ ထိုစကားက ပေကပ်ကပ် တုံ့ပြန်သလိုဖြစ်နေသည်။ ထို့ကြောင့် ပင်ကိုက ခပ်မာမာရှိသည့် ထက်ခေါင်၏မျက်နှာပိုတင်းလာသည်။

ဉာဏ်တိုးက သူမပါလျှင် မဖြစ်တော့ဟု တွေးကာ . . .

"ကဲ . . . ငါက ဉာဏ်ကောင်းတဲ့ကောင်ဆိုတော့ တစ်ခုခုအကြံပေးကြည့်မယ်။ လောလောဆယ် ထိုးဖို့ချဖို့ မပြိုင်နဲ့။ တခြားဟာပြိုင်ကြ။ ပြီးမှ နိုင်တဲ့သူရဲ့ စိတ်ကြိုက်တစ်ခုခု လုပ်ပေးကြေး။ ဘယ်လိုလဲ"

တံခွန်နှင့် ထက်ခေါင် ဉာဏ်တိုးဆီ အကြည့်ရောက်သည်။ ထိုနည်းက ဟန်ကျမည်ထင်သည်။

"ငါတို့က ဘာပြိုင်ရမှာလဲ"

ထက်ခေါင်မေးသည်။ ဉာဏ်တိုးက . . .

"ရေကူးပြိုင်ကြ။ မင်းတို့နှစ်ယောက်လုံး ရေကူးကောင်းတာပဲ။ဘယ်လိုလဲ"

နှစ်ယောက်သား ခဏငြိမ်သည်။ ပြီးမှ သဘောတူလိုက်ကြသည်။

ရွာအနောက်ဘက်က ချောင်းထဲ ချီတက်ကြတော့သည်။

ချောင်းကိုရောက်တော့ ဉာဏ်တိုး ဟိုဘက်ကမ်းသို့ အရင်ကူးသွားကာ ညောင်စွန်းနေသည့် သူ့အင်္ကျီကို ကျောက်ပြားနှင့် ရိုက်လျှော်နေသည်။

ထက်ခေါင်နှင့် တံခွန်က ခါးတောင်းကျိုက်နေသည်။

"ငါ တစ်၊ နှစ်၊ သုံး လို့ အော်ပြီးတာနဲ့ ပွဲစမယ်နော်။ ရေကူးနေတုန်း ဆွဲလား၊ ရမ်းလား မလုပ်ကြေး။ ထက်ခေါင် မင်းကောင်တွေကိုလည်း ပြောထား။ ကမ်းပေါ်ကနေ ရွှဲ့နဲ့ လှမ်းထုတာတွေ၊ မခံချင်အောင် စကားနဲ့ လှမ်းဆွတာတွေ မလုပ်ရဘူး။ အဆင့်ရှိရှိ ပြိုင်ရမယ်"



စည်းမျဉ်းစည်းကမ်း သတ်မှတ်နေသည့် ဉာဏ်တိုးကို ဟိုဘက်ကမ်းက ဆန်းဝင်းချစ်က ရွှဲ့ဗွက်နှင့် လှမ်းပေါက်သည်။ ဉာဏ်တိုးက ပြန်ဆဲလိုက်သည်။ ထက်ခေါင်က သူ့ကောင်တွေကို လှမ်းတားသည်ပြီးမှ ဉာဏ်တိုးဆီ လှမ်းပြောသည်။

"ဟေ့ကောင် . . . အုပ်စုလိုက် အနိုင်မယူချင်လို့ အခုလို တစ်ယောက်ချင်း ဆတူပြိုင်နေတာကွ။ အပိုစည်းကမ်းတွေ လာမထုတ်နဲ့ငါ့ကောင်တွေဘက်က ညစ်တာရှိရင် ငါ အရှုံးပဲ"

"ကြိုက်တယ်။ ငါက ဉာဏ်ကောင်းလို့ သိတယ်။ မင်းစိတ်ဓာတ်မှာ အကောင်းဓာတ်လေးတော့ နည်းနည်းစိမ့်ဝင်နေသား"

တကယ်ပြိုင်ရမည့် တံခွန်က ဘာမှသိပ်မပြော။ ဉာဏ်တိုးကချည်း ပြောနေသည်။ တံခွန်က ဒီပွဲကို အနိုင်ပြိုင်ရမည်ဟုတော့ သိသည်။ ထက်ခေါင် အနိုင်ရပါက ကာယချင်းယှဉ်ဖို့ စိန်ခေါ်မည်။ ထိုကြကြိတ်ကြလျှင် ဘာကောင်းမည်နည်း။ ကွဲကြပြဲကြနှင့် ဘာမှဟုတ်တာလည်း မဟုတ်။ ရင်ထဲက အပူမီးများ ငြိမ်းဖို့ထက် တိုးပွားဖို့သာပိုများမည်။ ထို့ကြောင့် သည်ပွဲကို အနိုင်ရရန် ဆုံးဖြတ်ထားသည်။

"ငါ အဆင်သင့်ဖြစ်ပြီ"

တံခွန်က ပြောလိုက်သည်။ ထက်ခေါင်က ဟက်'ခနဲ တစ်ချက်ရယ်ကာ အကြောလျှော့ရာက ရပ်လိုက်သည်။

ဉာဏ်တိုးက ဟိုဘက်ကမ်းဆီကနေ တစ် . . . နှစ် . . .

"သုံး . . ."

ဟု ရေတွက်လိုက်လေတော့သည်။

ထက်ခေါင်၏ ဘက်တော်သားတွေက အော်ဟစ်အားပေးကြသည်။

ဉာဏ်တိုးက သည်ဘက်ကမ်းမှ အင်္ကျီရေညှစ်ရင်း စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

တဗွမ်း . . . ဗွမ်းနှင့် ကူးကြလေသည်။ အလုကူးမဟုတ်သည်မို့ အပြိုင်အဆိုင်ပင်။ တာအထွက်မှာ အလယ်လောက်အထိ နှစ်ယောက်စလုံး အတူတူပင်။ မည်သူ့မည်သူမှ မသာကြ။ ချောင်းအလယ်ရောက်မှသာ ကွာခြားမှုက ရှိလာသည်။ ချောင်းက ဝါးနှစ်ရိုက်နည်းနည်းလျော့သလောက် ကျယ်၏။ ရေလယ်မှသာ လူမြုပ်အောင်နစ်ပြီး ကျန်သည့်နေရာတွင် ခြေဖျားထောက်ရပ်နိုင်သည်။ ဝါးတစ်ရိုက်လောက် လက်ပစ်ကူးလာပြီးမှာ ထက်ခေါင်က သက်လုံမရှိတော့။ မခံနိုင်တော့၍ ခြေဖျားထောက်ကာ ခဏနားရသည်။ ထိုအချိန်တွင် တံခွန်က တဗွမ်းဗွမ်း ဆက်ကူးသွားနိုင်သည်။ ထက်ခေါင် အသက်ဝအောင်ရှူပြီး အနောက်က အမြန်လိုက်ကူးသည်။

ထက်ခေါင်ဘက်က ကောင်တွေက သူ့ကောင် အခြေအနေမကောင်းသဖြင့် မျက်နှာပျက်နေကြသည်။ ဘယ်လိုအကြံအဖန် လုပ်ရမှန်းမသိ ဖြစ်နေကြသည်။

ညာဏ်တိုးက သူလျှော်ပြီးသည့် အင်္ကျီကို ဇော့ယမ်း၍ အရင်ပန်းဝင်လာသော တံခွန့်ကို အော်ဟစ်ဆီးကြိုနေသည်။ တံခွန် အနိုင်ရခဲ့လေပြီ။

"ဟား . . . ဟား . . . မင်းက ဆေးလိပ်တွေ ခိုးသောက်နေတာကိုးကွ။ အဲဒီတော့ အမောမခံနိုင်တော့ဘူးပေါ့။ လျှော့ . . . လျှော့ အဲ့ဒါလေးတွေ လျှော့"

"မင်း အပိုတွေ ဝင်မပြောနဲ့ . . . ညာဏ်တိုး။ ကဲ . . . တံခွန် မင်းနိုင်တယ်။ ငါ့ကို ဘာလုပ်ခိုင်းမှာလဲ ပြော"

ထက်ခေါင်က ပြတ်ပြတ်ပြောသည်။

တံခွန့်တွင် အနိုင်ရပေမဲ့ အထက်စီးရသည့် မျက်နှာမျိုး နည်းနည်းမျှ မရှိချေ။ အသံကလည်း ပင်ကိုပကတိအသံ။

"ဒီမနက် ကိစ္စအတွက် ငါ တောင်းပန်ပါတယ်။ ဒါပေမဲ့ နောက်ဆို အဲ့ဒီလို ကြက်တိုက်၊ နွားတိုက်တာတို့ မနက်ကလို ပိုးကောင်တွေ



ကို အပြေးပြိုင်ခိုင်းတာတို့ အဲ့ဒီလို တိရစ္ဆာန်တွေကို ညှဉ်းပန်းရတဲ့ ကစား

နည်းတွေ မလုပ်ဖို့ ကတိပေးပါ"

"ဒါပဲမို့လား"

တံခွန်က ခေါင်းညိတ်ပြတော့ ထက်ခေါင် ချာခနဲ လှည့်ထွက်သွားသည်။

ညာဏ်တိုးက သူ့အင်္ကျီကို ရေညှစ်ချနေရင်း . . .

"ဒီတစ်ပွဲတော့ မင်း နိုင်သွားတယ်ပေါ့ . . . တံခွန်ရာ။ ဒါပေ ငါက ညာဏ်ကောင်းတော့ သိတယ်။ ရေရှည်မှာတော့ မင်းနိုင်မှာ မဟုတ်ဘူး"

"ဘာကို မနိုင်ရမှာလဲ။ ငါတို့က ဘာတွေ ရေရှည်ထပ်ပြိုင် ဦးမှာ မို့လို့လဲကွ မင်းစကားက . . . "

တံခွန်က မရှင်းသလို ပြန်မေးတော့ ညာဏ်တိုးက ညာဏ်ကောင်းသည့် မျက်နှာပေးမျိုးဖြင့် တစ်ခွန်းတည်း ဖြေသည်။

"မိန်းမနဲ့ နဖူးစာပွဲမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## (3)

ကိုရင် စာသင်ကျောင်းရှေ့တွင် ရပ်နေခဲ့မိတာက အတော်ကြာပြီဖြစ်သည်။ ကျောင်းဆောင်သစ်၏ သွပ်ခေါင်မိုးတစ်ချက်မှ အလင်းပြန်တာကိုတွေ့မှ ဆွမ်းနောက်ကျဦးမည်ဟု သတိဝင်ကာ ဆက်လျှောက်ဖြစ်ခဲ့သည်။ ကျောင်းကလေးကို လည်ငုံ့ကြည့်ရင်းမှ ဆက်လျှောက်ဖြစ်ခဲ့သည်။ စကားမပြောတတ်သည့် စာသင်ကျောင်းရှေ့ ခဏရပ်မိတာတောင် ဒီလောက် သံယောဇဉ်မပြတ်နိုင်လျှင် ခက်ရတော့မည်ဟု မိမိကိုယ်ကို ကိုရင်လေး အပြစ်တင်မိသေးသည်။

စည်းရိုးများနှင့် ကာထားသော လမ်းချိုးတစ်ကွေ့ရောက်တော့ လူတစ်ယောက်နှင့် တိုးသည်။ ထိုလူကို မြင်ရုံနှင့် ကိုရင် တန်းမှတ်မိသွားသည်။ 'ဘကြီးချို' ဟု နှုတ်မှ ရေရွတ်မိလျက်သား ဖြစ်သွားသည်။

ဘကြီးချိုသည် ခင်ထွေး၏ ဖခင်ဖြစ်သည်။ အင်မတန် သဘောကောင်းသည်။ ရေဒီယိုကြီး တကိုင်ကိုင်နှင့် လမ်းလျှောက်တတ်သည်။ မျက်နှာက နာမည်အတိုင်း အချိုလွန်ပြီး နူးနေသည်။ လူတိုင်းကို ရေဒီယိုထဲက လာတဲ့သတင်းကို ပြောပြတတ်သည်။ ဘယ်သူမဆို သူ့အိမ်လိုက်၍ ထမင်းစားရန် ဖိတ်ခေါ်တတ်သည်။ တချို့ မျက်နှာပြောင်သည့် လူ



တွေက တကယ်လိုက်စားတော့လည်း တကယ်ကျွေးသည်ပဲ။ ဘကြီးချို၏ သဘောကောင်းလွန်းသောအကျင့်ကို စိတ်ညစ်ရသည်က သူ့မိန်းမ အရီးရွှေတင်နှင့် သူ့သားသမီးတွေဖြစ်တဲ့ ခင်ထွေးနဲ့ ဖိုးတေပါပဲ။

ယခုကိုရင်မှာ ဘကြီးချိုနှင့် ထိပ်တိုက်တွေ့တော့ မျက်နှာကရှင်သွားသည်။ သဘောကောင်းလွန်းသည့်သူနှင့်တွေ့ရသည်ကို ဘယ်သူမဆို လိုလားကြမည်ပင်။

ကိုရင်က နှုတ်ဆက်မလို့ ပြုံးစဉ်မှ ဘကြီးချိုက ကိုရင့်ကို တွေ့ခြင်းဖြစ်သည်။

ဘကြီးချို၏ မျက်နှာသည် ယခင်ကာလများနှင့် မတူတော့ပါချေ။ ချိုရွှင်လှသော သွေးကြောတွေ ပျောက်ကွယ်နေသည့်အလား တင်းမာသော အကြောများသာ ပြိုင်းပြိုင်းထနေသော မျက်နှာ။ တဒင်္ဂအလိုမကျသော မျက်နှာမျိုးမဟုတ်ဘဲ တင်းမာမှုနှင့် အသားကျနေသည်မှာ အတော်ကြာခဲ့ပြီဖြစ်သော မျက်နှာထားမျိုးဖြစ်သည်။

အားရပါးရနှုတ်ဆက်မည့် ကိုရင်မှာ တွန့်သွားကာ သူ့လိုက်လှဲမှုများ လေထဲတွင် ပျောက်သွားသည်။ ဘကြီးချိုက ကိုရင့်ကို မှတ်မိဟန်ပြသော်လည်း လက်အုပ်ချီ ကိုယ်ရို့တာမျိုးပင် မလုပ်ဘဲ ဘာမှလည်း မပြောဘဲ ဘေးဘက်မှ ရှောင်ကွင်းကာ သူ့လမ်းသူ ခြေလှမ်းမာမာဖြင့် ဆက်လျှောက်သွားသည်။

"ဘယ်လိုဖြစ်သွားတာပါလိမ့်။ ပြောင်းလဲသွားလိုက်တာ"

အမြဲပြုံးနေသော နှုတ်ခမ်းများကို ဘယ်လိုအရာတွေက ဆွဲဖြန့်ကာ တင်းမာစေခဲ့သနည်း။

ကိုရင် သက်ပြင်းချကာ လမ်းအတိုင်း လျှောက်ခဲ့သည်။ တမာပင်မှောရုံကျော်တော့ ရွာဈေးထဲရောက်သည်။ ရွာဈေးက မဖြတ်ချင်။ ရွာဈေးဆိုတော့ လူသွားလူလာများသည်။ လူများများနှင့် မတွေ့ချင်ပါ။ သို့သော် ရှောင်ကွင်းသွားရန်လည်း လမ်းမရှိတော့သည်နှင့် ဖြတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဈေးထဲက ဆိုင်တွေတွင်တော့ ကိုရင် ဆွမ်းမခံပါချေ။ လှူလိုသူက တားလာမှသာ ရပ်ပေးလိုက်သည်။ ပြီးလျှင် ဆက်လျှောက်ခဲ့သည်။

ကုန်စုံဆိုင်တစ်ခုရှေ့မှအဖြတ် အသံတစ်ခု ကြားလိုက်ရသည်။

"ဦးဇင်း . . ."

ကိုရင် ခဏရပ်လိုက်သည်။ ခေါ်သံကို ရင်းနှီးသည်။ သို့သော် မိမိကို ခေါ်တာကော ဟုတ်ရဲ့လား။ သံသယတစ်ဝက်နှင့် လှည့်ကြည့်မည်ကြံတုန်း ခေါ်သံရှင်က ရှေ့သို့ရောက်လာသည်။

"ဟင် . . . ခင်ထွေး"

"ဦးဇင်း . . . ဦးဇင်း . . . တံခွန် . . . အဲ . . ."

"ကိုရင်ပဲ ရှိပါသေးတယ်။ ပဉ္စင်း မခံရသေးပါဘူး။ ဘွဲ့က ရှင်ပညာသာမိပါ"

"သြော် . . . ကိုရင်ရှင်ပညာပေါ့။ ဒါဆို ကြွပါဦး။ ဒါ တပည့်တော်တို့ ကုန်စုံဆိုင်ပါ . . . အထဲ ခဏကြွပါဦး"

ခင်ထွေးပုံစံက အလွန်အမင်း ဝမ်းသာနေဟန်ဖြစ်သည်။ ကိုရင့်မျက်နှာလည်း အနည်းငယ်ဝင်းနေ၏။ ခင်ထွေးလက်ထဲမှာ ကလေးငယ်ကို ပွေ့ထားသည်။ ကျန်လက်တစ်ဖက်မှာ စာရင်းစာအုပ်ကိုကိုင်ထား၍ ဆံထုံးထဲမှာလည်း ဘောလ်ပင်တစ်ချောင်းကို ထိုးထားသဖြင့် ခင်ထွေး အင်မတန် အလုပ်များနေကြောင်း ခန့်မှန်းမိသည်။

ခင်ထွေး၏ ကုန်စုံဆိုင်ထဲ ကိုရင် ခဏအထိုင်ကြွလိုက်သည်။

"ယောက်ျားရေ . . . အအေးတစ်ဘူး ဖောက်ခဲ့စမ်းပါ။ ကိုရင့်ကို ကပ်ဖို့"

ကုလားထိုင်ပေါ်တွင် အဝတ်သန့်သန့်ခင်း၍ ထိုင်စေသည်။ ခုနက 'ယောက်ျားရေ' ဟု ကြားလိုက်၍ ကိုရင် စိတ်ဝင်စားသွားသည်။ ခင်ထွေးလက်ထဲမှ ကလေးကိုမြင်တုန်းက သိပ်မသေချာသေးသော်လည်း ယခု ခေါ်သံကြားရချိန်မှာတော့ သေချာသွားပါပြီ။ ခင်ထွေး အိမ်ထောင်ကျရှာပြီ။



"လာပြီ . . . လာပြီ . . . ကိုယ့်မိန်းမရေ . . . မုန့်ပါ ကပ်ရမယ်"

ဟု အသံနှင့်အတူ ဆိုင်အနောက်ဘက်မှ လူတစ်ယောက်ထွက်လာသည်။

ထိုလူနှင့် ကိုရင်တွေ့မိသွားတော့ အပြန်အလှန် အံ့သြသွားကြသည်။

"ကုလားလေး မောင်ချို"

ကုလားလေးမောင်ချိုက မျက်လုံးပြူးကြီးနှင့် . . .

"ဟာ . . . တံခွန် . . ."

ဖြောင်း ခနဲ ခင်ထွေးက သူ့ယောက်ျားလက်မောင်းကို ပိတ်ရိုက်ကာ

"ဘာ တံခွန်တုန်း . . . ကိုရင်ဖြစ်နေပြီဟဲ့။ ကိုရင် ရှင်ပညာလို့ ခေါ်"

"သြော် . . . ဟုတ်ပါရဲ့။ ကိုရင်ရှင်ပညာ ကန်တော့ . . . ကန်တော့"

ခင်ထွေးက ယောက်ျားနိုင်ပုံရသည်။ ကုလားလေးမောင်ချိုက ကုန်းနေအောင် ဦးသုံးကြိမ်ချသည်။

"ကိုရင်နဲ့တွေ့ရတာ ဝမ်းသာချက်။ တပည့်တော်က အလုပ်များနေလို့၊ နောက်မှာ ထော်လာဂျီပြင်နေတာလေ။ ဒီနေ့ အပြီးပြင်မှ အဆင်ပြေမှာမို့ ခွင့်ပြုပါဦး"

"သွားပါ . . . အားမနာပါနဲ့"

ခင်ထွေးက ကိုရင့်ကို အအေးဘူးဖောက်ကာ ကပ်သည်။

"ကိုရင် သိချင်မယ်ထင်လို့ တပည့်တော် ပြောပြရဦးမယ်"

ခင်ထွေးက သူ အိမ်ထောင်ကျဖြစ်ပုံကို ပြောပြတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင် ရွာက ထွက်သွားပြီးမကြာခင်ပဲ ရွာကို မြို့က ဓာတ်မြေသြဇာကုမ္ပဏီတစ်ခုက စိုက်ပျိုးရေးလမ်းညွှန်ဖို့ ဝန်ထမ်းတွေ ရောက်လာတယ်လေ"

ထိုအထဲမှ ဝန်ထမ်းတစ်ဦးနှင့်ခင်ထွေး လူငယ်ချင်း သီးချိန်တန် သီးခဲ့သည်။

စိုက်ပျိုးရေးနည်းလမ်းညွှန်မှုကြောင့် စိုက်ခင်းထဲက ဟင်းသီးတွေ မသီးသေးပေမဲ့ မေတ္တာသက်ဝင်ခြင်းနှင့် သဘာဝသစ်သီးလေးကတော့ သီးလာပါပြီ။ လူငယ်ချင်းဆိုပေမဲ့ တစ်ဘက်လူက ခင်ထွေးထက် ငါးနှစ်ကျော်ခန့် ကြီးသည်။ နောက်ဆုံး မြို့ပြန်ခါနီးမှာ မခွဲနိုင်ဟုဆိုကာ ခိုးယူဖို့တွေ ဖြစ်လာသည်။ ခိုးရာလိုက်ဖို့ဆိုတာ ခင်ထွေး မတွေးခဲ့ဖူးသော အရာပါ။ ဗီဒီယိုတွေထဲတော့ မကြာခဏ တွေ့ဖူးသား။ သို့သော် ထိုသို့အခြေအနေမျိုး ကိုယ်တိုင်ကြုံရမည်လို့ ယောင်လို့ပင် မထင်ခဲ့။ အခုလို ချစ်သူက စွန့်စားဖို့ပြောလာတော့ ခင်ထွေး မျက်လုံးလေးဝိုင်းလျက် လှုပ်လှုပ်ရှားရှား စိတ်ကလေးနှင့် ခေါင်းညိတ်မိသွားပါသည်။

"ကြို့ပင်ကုန်းက ချောင်းနံဘေး ဇရပ်အဟောင်းမှာ နေ့လယ်တစ်နာရီ စောင့်နေမယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့သာ လာခဲ့ . . အချစ်ရယ်' ဟု ပွေ့ဖက်ချွဲနွဲ့ခဲ့သည့်စကားက ခင်ထွေးကို တစ်နေ့လုံး တလုပ်လုပ် ဖြစ်နေစေခဲ့သည်။ နှမ်းထောင်းတော့ နှမ်းတွေဖိတ်သည်။ နွားစာစဉ်းတော့ လက်ထိမိသည်။ စိတ်နှင့်လူမှ မကပ်တော့ဘဲ။ နောက်ဆုံးတော့ ဘာမှ အပိုမမြင်တော့ပါချေ။ ချစ်သူခေါ်ရာကိုသာ အညှို့ခံရသူပမာ သွားနေမိတော့သည်။

"တပည့်တော်ကလည်း ဓာတ်လမ်းထဲ ကြည့်ခဲ့ဖူးတဲ့အတိုင်းပေါ့။ အဖေနဲ့အမေအတွက် စာလေး ရေးချန်ခဲ့သေးတယ်။ စာအောက်မှာ သမီးမိုက်တွေ ဘာတွေတော့ မရေးဖြစ်ပါဘူး။ ဒါပေမဲ့ အဖေနဲ့ အမေရဲ့ ဓာတ်ပုံလေးတော့ ယူလာခဲ့သား။ သူက အဝတ်တစ်ထည် ကိုယ်



တစ်ခုနဲ့ဆိုပေမဲ့ ကိုယ်ကတော့ အဝတ်ထုတ်တစ်ခုတော့ ယူခဲ့လိုက်တာပေါ့ . . . ကိုယ်တော်"

ခင်ထွေး ရွာထဲက ခိုးကြောင်ခိုးဝှက်ဖြတ်ခဲ့ရတာ စိတ်မလုံခဲ့ပါ။ ရွာအနောက်ဘက်က ချောင်းဆီရောက်တော့ လှေဝမ်းထဲမှာ ခမောက်နှင့် မျက်နှာအုပ်ပြီး အိပ်နေသည့် ကုလားလေးမောင်ချိုကို တွေ့သည်။ ကုလားလေးမောင်ချိုကို ကြို့ပင်ကုန်းသို့ လှေနှင့် လိုက်ပို့ဖို့ ပြောသည်။ ကုလားလေးမောင်ချိုက . . .

"နေတအားပူတယ်။ ဘာသွားလုပ်မလို့လဲ . . . ခင်ထွေးရဲ့"

နှင့် အမေးအမြန်းထူသေးတယ်။ ခင်ထွေးက လေသံမာမာနှင့် ပြန်ဟောက်ရသေးသည်။ ကုလားလေးမောင်ချိုကို ခင်ထွေးက ဘယ်တုန်းကမှ သိပ်အဖက်လုပ်ချင်တာမဟုတ်။

သို့သော် သူ့အဖက်မလုပ်ချင်သူကပင် သူ့ခိုးရာလိုက်ဖို့ လိုက်ပို့ပေးပါသည်။ ချိန်းထားသည့်အချိန်ထက် တစ်နာရီစော၍ နေရာကို ခင်ထွေးရောက်သည်။ စောရောက်လို့များ ချစ်သူဘက်က 'ချီးကျူးလေမလား။ ဒါမှမဟုတ် အထင်သေးမလား' ဟု အတွေးတွေ ဝင်လာသေးသည်။ ရင်လည်း ထိတ်ရပါသည်။ ရောက်လာမှတော့ စောင့်ရတော့မည်။ ချစ်သူက မလာသေး။

"နင်က ဒီမှာ ဘာလုပ်မလို့လဲ။ တစ်ယောက်ယောက်နဲ့ ချိန်းထားတာလား"

ဟု ကုလားလေးမောင်ချိုက သိချင်စိတ်မထိန်းနိုင်၍ မေးသေးသည်။

"ဘယ်သူနဲ့ ချိန်းချိန်း"

ဟု ခင်ထွေး ပြန်ပက်သည်။ ဇရပ်ထဲတွင် အထုပ်ပိုက်ကာ ချစ်သူလာမည့်လမ်းကို မျှော်မိသည်။ ကုလားလေးမောင်ချိုကလည်း ပြန်မသွားဘဲ လှေပေါ်မှာ ငါးမျှားရင်း ဘာမှန်းမသိဘဲ ကူစောင့်နေပေးသည်။ ခင်



www.burmeseclassic.com

www.burmeseclassic.com

ထွေးကလည်း လူပြတ်သည့်နေရာက ဇရပ်ပျက်ထဲမှာ တစ်ယောက်တည်း စောင့်ရမှာ ချောက်ချားသဖြင့် သူ့ကို မောင်းမထုတ်။ သူကလည်း စည်းတားထားသည့်အလား ကမ်းပေါ်ကို လုံးဝမတက်။

နေလုံးက ပုပုဝင်သွားသည့်တိုင် ချစ်သူက မလာသေး။ ခင်ထွေး ရင်ပူပါပြီ။ ဒီကတော့ ချစ်လွန်းသဖြင့် ဒီကိစ္စကို ဘယ်သူနဲ့မှပင် မတိုင်ပင်ဘဲ ကိုယ်တိုင် ဆုံးဖြတ်ခဲ့သည်။ အချစ်ဆုံးသူငယ်ချင်း နီနီနှင့်တောင် တီးတိုးမတိုင်ပင်ခဲ့။ တိုင်ပင်ရင်လည်း နီနီက တားမှာပါပဲလေ။

လျှာရှည်ပြီး ခိုးရာလိုက်ပြေးဖို့ဆိုပြီး စာကလည်း ချိန်ခဲ့ပြီဆိုတော့ ဒီအချိန်အိမ်ကလူတွေ ရွာထဲမှာ ဒေါင်းတောက်အောင် ရှာနေကြလောက်ပြီ။ မပြန်ရဲတော့ပါ။

ညမိုးချုပ်တဲ့အထိ မပြန်ရဲလို့ ဇရပ်ထဲမှာ သူမ ငိုနေခဲ့သည်။ ဗိုက်လည်းဆာ၊ ခြင်လည်း ကိုက်လိုက်တာ မပြောပါနှင့်။ ထိုအချိန် ကုလားလေးမောင်ချိုက ဇရပ်ပေါ်တက်လာသည်။ ခင်ထွေးတော့ ကံကြီးဆိုးပြီဟု သိလိုက်သည်။ တစ်ခုခုကြံရင်တော့ သူသေကိုယ်သေပဲဟု စိတ်တွင် တေးထားလိုက်သည်။ သို့သော် ကုလားလေးမောင်ချိုက ဘာမှ မလုပ်ပါ။ တံဆို့ထိုးကင်ထားသည့် ငါးကင်သုံးကောင် လာပေးသည်။

ခြင်၊ ဖြုတ် မကိုက်အောင် ဇရပ်ထဲမှာ သစ်ခေါက်အခြောက်တွေနှင့် မီးမွှေးပေးခဲ့သေးသည်။ ပြီးတော့ လှေပေါ်ပြန်တက်သွားကာ ထိုင်နေသည်။ ခင်ထွေးက လှေပေါ်မှာ ခမောက်ဆောင်းလျက် ထိုင်နေသည့် ကုလားလေးမောင်ချိုကို ပထမဦးဆုံးအကြိမ် လေးစားသောအကြည့်နှင့် လှမ်းကြည့်ဖြစ်သွားသည်။

ထိုညက မိုးလင်းခါနီး မိုးရွာသေးသည်။

"ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ဒါမျိုးပေါ့ . . . ကိုရင်ရယ်"



မိုးကြီးကျသည့်တိုင် ဇရပ်ထဲ ကုလားလေးမောင်ချို ဝင်မလာပါ။ နံနက်ကျတော့ ခင်ထွေး ဘာမှမလုပ်တတ်တော့ မဆုံးဖြတ်တတ်တော့သည်မို့ ရွာပြန်သည်။ ကုလားလေးမောင်ချိုက မိုးသည်းထဲ နေခဲ့ရသည်မို့ အဖျားတက်နေသည်။ ထိုကြားထဲက လှေကို ရအောင်ထိုး၍ ခင်ထွေးကို မှဲ့တစ်ပေါက် မစွန်းစေဘဲ ရွာပြန်ပို့သည်။

ရွာရောက်တော့ ထုံးစံအတိုင်း ခင်ထွေး ဆဲခံရသည်။ မိဘမျက်နှာ အိုးမည်းသုတ်တာတို့ ဘာတို့။ မောင်ဖြစ်သူ ဖိုးတေကလည်း အဖေထက် တစ်လကြီးပြီး ဓားကြိမ်းကြိမ်းသေး။ သို့သော် ခင်ထွေးပုံစံက တစ်ညတည်းနဲ့ ရင့်ကျက်သွားသည့်နှယ်။ အပြစ်မှန်သမျှ ရင်ဆီးခံသည်။ အဖြစ်မှန်ကို ပွင့်ပွင့်လင်းလင်း ရှင်းပြသည်။ ခိုးမည့်သူရောက်မလာလို့ ပြန်လာတာဖြစ်ကြောင်း ပြောပြတော့ အားလုံး ခင်ထွေးကို အပြစ်မမြင်ကြတော့ဘဲ လာမခိုးသည့် မြို့သားကိုသာ စက်ဆုပ်ကြပြန်သည်။

ကုလားလေးမောင်ချိုက မိုးမိသည့်ဒဏ်၊ အဖျားတက်သည့်ကြားက အပင်ပန်းခံခဲ့ရသည့် ဒဏ်တို့ကြောင့် အိမ်မှာ ဘုန်းဘုန်းလဲတော့သည်။

"ဒီတစ်ခါတော့ တပည့်တော်မအလှည့်ပေါ့ . . . ကိုယ်တော်ရယ်။ တပည့်တော်မက သူ့ကို နေမကောင်းသွားမေးရင်း ငါးဆန်ပြုတ်နဲ့တိုက်မိပါရော"

ကုလားလေးမောင်ချိုက ခင်ထွေးတိုက်သည့် ငါးဆန်ပြုတ်ကို သောက်ရင်း ခင်ထွေးဆီကို ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများဖြင့် ငေးရီနေသည်။ ခါတိုင်းဆို သည်မျက်လုံးမျိုးကို ရင်ခုန်ဖို့ဝေးစွ။ 'ဘာကြည့်တာလဲ သေနာက' တွေဘာတွေနှင့် ကက်ကက်လန် ပြန်အော်ပစ်မည်။ သည်တစ်ခါမှာတော့ ခင်ထွေး ခေါင်းလေးငုံ့သွားသည်။

ခင်ထွေး ဖြတ်ကျော်ခဲ့ရသည့် တစ်ညတာ အတွေ့အကြုံက နည်းလို့ရယ်လား။ မနည်းပါ။ ပဝါပါးနှင့်လည်း ကြက်သားမစားလိုတော့



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သည့်အမြင်မျိုး ဖြစ်ချင်ဖြစ်မည်။ ခင်ထွေး ယောကျ်ားတွေကို မယုံတော့ပါ။ လူရိုးဆိုတာ ရှားမှန်းသိပါပြီ။ ယောကျ်ားကောင်းက ပို၍ပင် ရှားသေး။ တစ်ရက်ကနေ နှစ်ရက်ဖြစ်အောင် ဝေးဝေး သွားမမျှော်တော့ပါ။ ရွာနားက မြက်လည်း ရွေးစားတတ်ရင် ချိုပါသည်။ သူချစ်နှင့်သာ ရောင့်ရဲတော့မည်ဟု တွေးမိတာတွေ ရှိလာသည်။

တစ်မြို့သားကို စိတ်နာတာကော၊ ပတ်ဝန်းကျင်က တစ်ညလုံး အတူရှိနေခဲ့ကြသည့် ခင်ထွေးနှင့် ကုလားလေးမောင်ချိုကို မယုံသလို အမြင်မျိုးတွေ ရှိတာကြောင့်ရော ရောပြွမ်းကာ သူ့ကို သနားကြည့်နှင့် ကြည့်နေသော ကုလားလေးမောင်ချိုကို ခင်ထွေး မထူးဇာတ်နှင့် ရွေးချယ်လိုက်တော့သည်။

"ဖူးစားပါပဲ . . . ကိုယ်တော်ရယ် . . . ဖူးစာပါပဲ။ ဖူးစာကိုတော့ တပည့်တော်မ ယုံသွားပါပြီ။ အမယ်လေး . . . ကန်တော့ . . . ကန်တော့ . . . လောကီအပူအပုပ်တွေအကြောင်း ပြောနေလိုက်တာ ကိုယ်တော့်ကို သံဃာဆောင်ထဲကမှန်းတောင် မေ့သွားတယ်။ မပြောသင့်တာတွေ ပြောမိပါပြီ"

ခင်ထွေး အခုမှ သူ အားရပါးရ ပြောပြနေသည့်အကြောင်းကို သူ ပြန်သုံးသပ်မိသည်။

ကိုရင်က ပြုံးစစ ဖြစ်၍နေသည်။

"ဒါနဲ့ ခုနကတောင် ဒကာမရဲ့ အဖေနဲ့ တွေ့ခဲ့သေးတယ်။ ဒကာမရဲ့ အဖေမျက်နှာက အရင်လိုမဟုတ်သလိုပဲ"

"ဩော် . . . ကိုယ်တော်တောင် ခဏပြန်တွေ့ရုံနဲ့ ခန့်မှန်းနိုင်တာပဲ။ အဖေ့အကြောင်း ပြောရရင်တော့ . . . "

ဘကြီးချိုတွင် ဆီးချိုမရှိ၊ သွေးချိုမရှိ။ မည်သည့်ရောဂါမှ မရှိ။ ရှိလျှင်တော့လည်း တစ်ခုတော့ဖြင့် ရှိနိုင်ပါသည်။ ထိုတစ်ခုသော ရောဂါက သဘောကောင်းလွန်းသော ရောဂါဖြစ်ပေလိမ့်မည်။



ဖော်ရွေလွန်းသော ဘကြီးချို တစ်ဖက်ရွာတွင် နွားသွားကြည့်သည်။ ဈေးမတည့်၍ မဝယ်ခဲ့ရ။ သို့နှင့် အပြန်လမ်း ရွာမရောက်ခင် လမ်းတစ်ထောက်တွင် သူစိမ်းနှစ်ယောက်နှင့် တွေ့သည်။ တောထဲမျက်င် လည်နေသော လူနှစ်ယောက်ဟု ပြောသည်။ ဘာလို့ တောထဲလာင်း မျက်စိလည်နေတာလဲကိုလည်း စေ့စေ့ငုငုမမေးဘဲ ကူညီဖို့သာ စိတ်က သန်နေသည်။ အခုမှသိ၊ အခုပဲခင်က ဘကြီးချို ဗီဇပြတော့သည်။

ထိုလူစိမ်းနှစ်ယောက်ကို ဘကြီးချို အိမ်ခေါ်လာသည်။ ထုံး အတိုင်း ရေဒီယိုက သတင်းတွေ ဖွင့်ပြသည်။ အိမ်မှာကိုယ်တိုင် မီးဖိုဝ ပြီး ချက်ကျွေးသည်။ ထိုညက ရွာထဲက လူတော်တော်များများလည်း ရွာမှာ မရှိကြ။ ဓလေ့အတိုင်း တစ်ဖက်ရွာတွင် ပွဲကောင်းသည်ဆို လှည်းနှင့် လှေနှင့်နှင့် ရွာလုံးမကျွတ်ပေမဲ့ အဲ့သည်လောက်နီးပါး ပွဲသွား ကြည့်ကြသည့်အချိန်။

ဘကြီးချိုက သူစိမ်းနှစ်ယောက်ကို သူ့အိမ်ခေါ်ပြီး ပြုစုလိုက ပါသည်။ နံနက်ကျတော့ ဘကြီးချိုတစ်အိမ်လုံး ဟင်းလင်း။ အရိပ်ထွက စရာပင် ဘာပစ္စည်းမှမကျန်တော့။ ရေအိုးစင်ပေါ်က သတ္တုသောက်ဇ ခွက်ကလေးပင်မချန် အကုန်ခိုးသွားတော့သည်။ ခင်ထွေးတို့အိမ်က ချမ်းသာလှတာမဟုတ်။ အခုလို ရန်သူမျိုးတစ်ပါးက တက်တက်စင အောင် ခိုးသွားတော့ ဆိုဖွယ်ရာမရှိတော့။ ရွာထဲက လှောင်သည်။ သူခိုး ကို အိမ်ခေါ် ထမင်းကျွေးတဲ့သူဆိုပြီး အလှောင်ခံရတာလည်း ရှက်၊ အဖြ သနစ်ကို တွေးရင်းလည်း ဒေါသထွက်နှင့် နောက်ပိုင်း ဘကြီးချိုမျက်နှ က ယခင်လို ပျော့ပျောင်းမှုတွေ ပျောက်ကွယ်ကုန်ခြင်းဖြစ်သည်။ ခိုးခံ သည့်အထဲ သူ့ရေဒီယိုလေးပါသွားသည်က သူ့ကို ပိုခံစားရခက်ဖ သည်။

ဒီကြားထဲ သိပ်မကြာခင်ပင် ခင်ထွေးကလည်း ယောကျ်ား နောက် လိုက်ပြေးတာမျိုးတွေ ဖြစ်သွားတာကြောင့်လည်း ပါသည်။ မည



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်မှလည်း စကားချိုချို မပြောတော့။ အားလုံးကိုလည်း မသင်္ကာသလို မျက်လုံးတစ်စုံနှင့် စိုက်ကြည့်နေတတ်သည်။ 'စေတနာက လူတိုင်းနဲ့ မတန်ဘူးကွ' ဟူသည့် စကားကိုလည်း တွင်တွင်သုံးတတ်လာတော့သည်။

"သြော် . . . အဲ့ဒီလိုကိုး . . . အဖြစ်က"

ကိုရင် ရေရွတ်ရင်း ခေါင်းညိတ်ကာ သံဝေဂခံယူမိသည်။

ထိုအချိန် ဆိုင်ရှေ့ဈေးဝယ်လာသဖြင့် ကလေးကို ပွေ့ထားရာက ကြမ်းပြင်ပေါ်ခဏချကာ ဈေးသွားရောင်းသည်။ ဈေးဝယ်က အကြွေးဝယ်ပုံရသည်။

"ကိုပေါက်စ . . . ရှင် အရင်အကြွေးတွေလည်း ရှိသေးတယ်နော်။ မြို့ကပြန်လာတာနဲ့ အကုန်ချေတော့"

"အေးပါဟ . . . ခင်ထွေးရ"

ခင်ထွေးက ဆံထုံးထဲက ဘောလ်ပင်ကို ဆွဲနှုတ်ကာ စာအုပ်ထဲ အကြွေးစာရင်း မှတ်သည်။ နောက်ထပ် ဈေးဝယ်သုံးလေးယောက် ထပ်ဝင်လာသည်။

ကလေးက ကြမ်းပြင်တွင် ပုံ့ပုံ့ထိုင်ကာ ဝိုင်းကြည့်နေသော မျက်လုံးဖြင့် ကိုရင့်ကို မော့ကြည့်နေသည်။ ကိုရင်လည်း ကလေးကို ချီပြုချင်စိတ် ပေါ်လာမိသေးသည်။ သို့သော် လက်တွေ့မပြုမိပါ။ လူဝတ်ကြောင်တို့၏ ရင်သွေးကလေးကို ပွေ့ချီခြင်းက 'အနေသန-မအပ်သောပစ္စည်းရှာနည်းတစ်မျိုး' ဟု ပညတ်ထားသည်ကို သတိဝင်မိသောကြောင့်ဖြစ်သည်။

ခင်ထွေးလည်း အလုပ်မအားမှန်း မြင်တွေ့သလို ကိုယ်တိုင်လည်း ကြွချင်ပြီဖြစ်သဖြင့် ကြွဖို့ ပြင်တော့သည်။

"ကဲ . . . ကြွလိုက်ဦးမယ် . . . ဒကာမရေ"

"တင်ပါ့ဘုရား"



ဟု လက်အုပ်ချီလျက် ခင်ထွေးက ကြည့်နေသည်။ ခင်ထွေး အကြည့်က တစ်မျိုးဖြစ်နေသည်ဟု ကိုရင်ထင်သည်။

"တစ်ခုခု ပြောစရာရှိသေးလို့လား"

"မ . . . မ . . . ရှိပါဘူး . . . ဘုရား"

ကိုရင်ထွက်သွားမှ ခင်ထွေး ပင့်သက်ချသည်။

ခင်ထွေး စကားတစ်ခုကို မပြောဖြစ်အောင် ထိန်းချုပ်ထားခဲ့သည်။ ကိုရင်လေး အဝေးရောက်သွားချိန်မှာတော့ ထိုထိန်းချုပ်မှု သက်ပြင်းနှင့် ရောကာ ခင်ထွေး လွှတ်ချမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

**(4)**

“ကိုယ်တော် . . . ကိုယ်တော် . . . ကိုယ်တော် . . . တံခွန်မို့လား”

မျက်နှာချင်းဆိုင်ကလျှောက်လာသော တစ်ဖက်လူက အံ့သြတကြီး မျက်ကလဲဆံပြာနှင့် မေးလာသည်။ ကိုရင်က သဲ့သဲ့ပြုံးသည်။

“ကိုယ်တော်က တံခွန်ဖြစ်ခဲ့ဖူးပေမယ့် အခု ရှင်ပညာသာမိပါ”

“အာ . . . ကိုယ်တော်ကတော့”

ဟုဆိုကာ ‘ကြက်တော’ က ကိုရင့်ပခုံးကို ပုတ်ရန်ပြင်သည်။ သို့သော သတိက အမီဝင်လာပြီး လက်အုပ်ပြန်ချီလိုက်ရသည်။ ကိုယ့်ရဲ့သူငယ်ချင်းက အခု လူဝတ်မဟုတ်တော့တာကို ‘ကြက်တော’ သတိလွတ်ချင်နေသည်။

ထို့နောက် ကိုရင့်ဘေးက ကြက်တော ကပ်လိုက်ပါလာရင်း စကားတွေ ပြောလာသည်။ ကိုရင် ရွာမှ ထွက်သွားပြီးသည့်နောက်ပိုင်း အဖြစ်အပျက်များကို ပြောပြလာသည်။ ဟိုလူ သည်လူတွေအကြောင်း စုံတကာစေ့အောင် ပြောပြသေးသည်။

သို့သော် ထိုလူတွေထဲတွင် နီနီနှင့် ဉာဏ်တိုးတို့အကြောင်းကား မပါချေ။



“ကိုယ်တော့်လူဝတ်တုန်းက အနီးကပ်ပေါင်းတဲ့ တခြားသူငယ်ချင်းတွေအကြောင်းလည်း ထပ်ပြောပါဦး . . . ဒကာ”

“အဲ . . .”

ဒီလိုမေးတော့ ကြက်တော အံ့ချင်သလို ဖြစ်သွားသည်။ ကိုရင်က ဉာဏ်တိုးအကြောင်း မေးချင်တာပါ။ ဒါကို ကြက်တောက နီနီ့အကြောင်းမေးလိုသည်ဟု ထင်သွားသည်။ ကြက်တော နာရီကို ဖျတ်ခနဲ ကြည့်လိုက်ကာ . . .

“ဟာ . . . တပည့်တော် သွားစရာလေးရှိသေးလို့ သွားလိုက်ဦးမယ် . . . ကိုယ်တော်။ ညနေကျမှ ထွန်းမော်နဲ့ ကျောင်းကိုလာပြီး တစ်ခေါက်ဖူးပါဦးမယ်”

ပြောပြောဆိုဆိုနှင့် ကြက်တော သုတ်ချေတင်ထွက်သွားသည်။ ကိုရင် နားမလည်မှုနှင့် အူတူတူ ကျန်ခဲ့သည်။ ကြက်တောပုံးလည်း တစ်ခုခု ဖုံးကွယ်ထားချင်သလိုပါလား။

ကိုရင် ခြေလှမ်းနှင့်စိတ်နှင့် မကပ်တော့။ ကိုယ့်ကို တစ်ခုခု ဖုံးကွယ်ထားမှန်း သိပါလျှင် အဘယ်မှာ စိတ်နှင့်ကိုယ် ကပ်နိုင်ပါမည်နည်း။

ကိုရင် လျှောက်လာရင်းပင် ဆိုင်တစ်ဆိုင်နား ရောက်လာသည် ဘီယာဆိုင်ပါ။ ရွာမှာရှိသည့် ဘီယာဆိုင်နှစ်ဆိုင်အနက်က တစ်ဆိုင် အစက သေးသေးလေး။ အခုတော့ ကြီးကြီးမားမား ဖြစ်နေပြီ။ ကိုရင် ဆွမ်းခံလာသည့် ရွာရိုးတစ်လျှောက် တိုးတက်သော အပြောင်းအလဲဟူ၍ ဒီတစ်ခုသာ တွေ့ရသေးသည်။ ဒီတစ်ခုကလည်း ဘီယာဆိုင်။

ကိုရင် ခပ်လှမ်းလှမ်းမှာ ခဏရပ်မိရင်း ကြည့်မိသေးသည်။ ဆိုင်၏ မျက်စောင်းထိုးလောက်တွင် ယခင်အခါက မန်ကျည်းပင်ကြီးတစ်ပင် ရှိခဲ့ဖူးသည်ကို ပြန်သတိရမိသည်။ ယခုတော့ သစ်ငုပ်တိုပင် မတွေ့ရတော့။ ကိုရင်မရှိခိုက် သစ်ပင်ကြီးကို လူတို့ တစ်ခုခု စီရင်လိုက်ပြီ ထင်ပါသည်။ မိုးဒဏ်လေဒဏ်ထက် လူတို့၏ဒဏ်ဟုသာ ကိုရင် အ ဆုံးမြင်မိတာ အမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၈)

"ဟော့ . . . တံခွန် . . . သုတ်သုတ် သုတ်သုတ်နဲ့ ဘယ်သွားမလို့လဲ"

တံခွန် မြောင်းကူးတံတားနားအရောက် တခြားလမ်းဘက်က ထွက်လာသော အော်သံကို ကြားလိုက်ရသည်။ ကြားရရုံနှင့် သူ့ရင်ထဲကနေ လင်းလင်းဝင့်ဝင့်ကို သိပါသည်။ နီနီအသံ။

နီနီက ပါးကွက်ကို ဝါနေအောင် ကွက်ထားလျက်နှင့် သူ့ဆီ လျှောက်လာသည်။

"ဈေးတန်းဘက်ကို သွားမလို့"

"ပြောပါဦး . . . ဘာများ သွားလုပ်မလို့လဲ"

ဆံမြိတ်ချထားသည့် ဆံပင်နုနုများကြားမှ စူးစူးစမ်းစမ်း ဖြစ်နေသည့် နီနီ့မျက်လုံးကို မြင်ရသည်။ တံခွန်က . . .

"ငါ့ကို တစ်ယောက်ကပြောတယ်။ မင်းက လောကကြီးကို ပိတ်ထားတဲ့ အခန်းတစ်ခုလို့ ထင်နေတဲ့ကောင်တဲ့။ ပြီးတော့ အဲ့ဒီပိတ်ထားတဲ့ အခန်းအပြင်ကိုလည်း ထွက်ချင်နေတဲ့ကောင်တဲ့။ ဒီလိုပိတ်ထားတဲ့ အခန်းထဲက ထွက်ဖို့ဆိုရင် အဲ့ဒီအခန်းကို လေ့လာဖို့လည်း လိုတယ်တဲ့။ ဒါကြောင့် မင်းကို လောကကြီးရဲ့ အခန်းကို အပေါ်စီးကနေ ကြည့်လို့ရအောင် ငါပြမယ်။ ညနေလာခဲ့ဆိုပြီး ခေါ်ထားလို့"

'ဟင့်' ခနဲ နီနီက နှုတ်ခမ်းစွန်းကို ခွက်ကာ မဲ့၍ . . .

"အဲ့ဒီတစ်ယောက်က ဉာဏ်တိုးမို့လား"

"အဲ . . . နင် ဘယ်လိုသိလိုက်တာလဲ"

"ဒီလောက် ကြီးကြီးကျယ်ကျယ်ပြောမှတော့ အဲ့ဒီကောင်ပဲဖြစ်မှာပေါ့ဟဲ့။ နင် သူ့စကားကို ကြပ်ကြပ်ယောင် နင်ပါ အရူးကြောင်ကြောင် ဖြစ်လိမ့်မယ်။ အဲ့ကောင်က သူ့ကိုသူ သာမန်ထက်ထူးတယ်လို့ ထင်နေတဲ့ကောင်ဟဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ"

နီနီက တန်းမဖြေသေး။ မြောင်းနံဘေးမှာ ထဘီကို သေသေဝပ်ဝပ် သိမ်း၍သွားထိုင်လိုက်သည်။ တံခွန်ကပါ မလှမ်းမကမ်းမှာ ဝင်ထိုင်ရင်း ထပ်မေးသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . တံခွန်ရဲ့။ ဟိုနေ့က ငါတို့ အဘမြိုင် အလှူအတွက် မြို့တက်ဈေးဝယ်ကြတော့ လှည်းပေါ်မှာ အဲ့ကောင်ပါ ပါလာတယ်လေ"

"အဲ့ဒီတော့ . . ."

ရေမြောင်းထဲမှ ငါးရံ့တစ်ကောင်က ကြာရွက်အောက်မှ နီနီနှင့် တံခွန်ကို မော့ကြည့်နေသည်။ နီနီက မြက်တစ်ပင်ကို နှုတ်ယူကာ ဘာရယ်မဟုတ် လိမ်ကျစ်ကစားရင်း ဆက်ပြောသည်။

"အဲ့ဒီတော့ ငါ့အထင် ဒီကောင်က ဝမ်းချုပ်လာတယ်ထင်ပါတယ်ဟာ။ လှည်းပေါ်မှာ လေလည်တယ်လေ။ ငါတို့မှာ နံလိုက်တာမှ နံလို့"

"အဟား . . ."



www.burmeseclassic.com

www.burmeseclassic.com

နီနီ့ အီးစော်နံ့သည့် မျက်နှာအား တံခွန်စိတ်ထဲမှ မြင်ကြည့် ရင်း ရယ်မိသွားသည်။ နီနီက မျက်စောင်းချိတ်ရင်း . . .

"ရယ်ပေါ့ဟာ . . . နင်ကမှ သူ့အီးမရှူဖူးတာ။ ပြီးတော့ နင့်ကောင်က လေလည်တာ ရိုးရိုးမလည်ဘူး"

"ဆန်းဆန်းလည်တာလား"

"အေး . . . လေလည်ရင်းနဲ့ လက်ချိုးရေတွက်နေတယ်။ သူ ဘယ်နှကြိမ် လေလည်သလဲဆိုတာကိုလေ"

"ဟင် . . . အဲ့ဒါက ဘာသဘောတုန်းဟ"

"အေး . . . ငါတို့လည်း သူ့ကို အဲ့ဒီလိုမေးတယ်။ အဲ့ဒါ ဘာလုပ်တာတုန်းလို့။ သူက ဖြေတယ်။ သာမန်လူတစ်ယောက်က တစ်နေ့ (၁၄) ကြိမ် လေလည်တတ်တယ်တဲ့။ ငါ အခုလေလည်တာ (၁၆) ကြိမ် ရှိပြီတဲ့။ ဒါကြောင့် ငါဟာ သာမန်လူမဟုတ်တော့ဘူးတဲ့။ သေချာတယ်။ ငါက နင်တို့ထက် ညဏ်ကောင်းတဲ့သူပဲတဲ့"

ဒီတစ်ခါတော့ အသံမထွက်ဘဲ တံခွန်ရယ်မိပါသည်။ နီနီက လက်သီးကို ထောင်ကာ . . .

"နင် ဒီကောင်နဲ့ ကြပ်ကြပ် သတိထားပေါင်း။ နင်ပါ ဂေါက်မယ်"

"ဟဲ . . . ဟဲ . . . အေးပါဟာ၊ ငါက ဒီကောင့်လောက် ညဏ်မကောင်းတော့ ဂေါက်မှာမဟုတ်ပါဘူး။ ကဲ . . . ငါသွားဦးမယ်"

ပြောပြီး တံခွန်ထွက်ခဲ့သည်။

နီနီထိုင်ရာမှ ဖြည်းဖြည်းထပြီး သူ့ကို ကြည့်မိသည်။

သူမနှင့် လမ်းမှာ တွေ့သူချင်းကို သူမကို ဘယ်သွားမှာလဲ၊ လိုက်ပို့ရမလား စသည်ဖြင့် တစ်စွန်းတစ်စမှ ခွန်းဟမှုမရှိခဲ့သည့် သူ့ကို ရင်ထဲမှ နည်းနည်း ဝမ်းနည်းသွားမိသည်။ လက်ထဲက လိမ်ကျစ်ဆော့ကစားထားသော မြက်ပင်ကလေးကို လွှင့်ပစ်လိုက်၏။

• • •



ချိန်းထားသည့် နေရာကိုရောက်တော့ ညဏ်တိုးကို မတွေ့သေး၊ ချိန်းထားသည့်နေရာကလည်း အတိအကျတော့မဟုတ်။ အရက်ဆိုင်တန်းဘက်ဟုသာ အလွယ်ချိန်းထားခြင်းဖြစ်သည်။

"ချွတ် . . . ချွတ် . . ."

နှုတ်ခမ်းစုပ်ပြီး ခေါ်သံကြားလို့ မော့ကြည့်လိုက်မှ တွေ့တော့သည်။ ညဏ်တိုးက မန်ကျည်းပင်ပေါ်တွင် မန်ကျည်းပွင့်တစ်ပွင့်ကို ပါးစပ်ထဲ ထိုးသွင်းဝါးလိုက်ရင်း လက်ယပ်ခေါ်နေသည်။

တံခွန်လည်း မန်ကျည်းပင်ပေါ် တက်ခဲ့သည်။ ညဏ်တိုးနံဘေးက အကိုင်းခွမှာ ထိုင်သည်။

"မင်းကိုပြမဲ့ လောကကြီးရဲ့အခန်းက ဟိုဟာပဲ"

မန်ကျည်းပင်၏ မျက်စောင်းထိုးနေရာလောက်တွင်ရှိသော ဘီယာနှင့် အရက်တွဲရောင်းသော ဆိုင်ကို ညွှန်ပြလိုက်ခြင်းဖြစ်သည်။

"အာ . . . အဲ့ဒါ အရက်ဆိုင်ပဲဟာ"

"ဟုတ်တယ်လေ . . . လောဘ မောဟတွေ ပြည့်ဝနေတဲ့ နေရာက လောကကြီးရဲ့ အခန်းပေါ့ကွာ။ ကြည့် . . . ခဏနေ စိတ်ဝင်စားဖို့ကောင်းတာ တွေ့လာလိမ့်မယ်"

ဒီလိုပြောသည့်တိုင် တံခွန်က သိပ်စိတ်မဝင်စားတော့ပါ။ လောကကြီးကို အပေါ်စီးက ကြည့်ရန်လာခဲ့တာ ဒီရောက်မှ မန်ကျည်းပင်ပေါ်ကနေ အရက်ဆိုင်ကို ငုံ့ကြည့်ရမယ်မှန်း သိတော့သည်။ ထို့ကြောင့် စိတ်လည်း ပျက်သွားသည်။

"ဟာ . . . . ဟိုမှာလာပြီကွ"

"ဘာတွေလဲ"

"ငါမျှော်နေတဲ့ လူသုံးယောက်လေ။ ဟိုဘက် လက်ပံရွာက လူတွေကွ။ ဒီလူတွေက ထူးခြားတဲ့စကားတွေ ပြောတတ်တယ်"

ညဏ်တိုးပြောသည့် လူသုံးယောက်သည် ဆိုင်ထဲဝင်လာသည်။ ဆိုင်ထဲဝင်လာသည်ဆိုသော်လည်း ဆိုင်အတွင်းထဲ ဝင်လာခြင်းမဟုတ်သေး။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်အတွင်းထဲက စားပွဲမြင့်မြင့်များတွင် ဘီယာများသာ ရောင်းခြင်းဖြစ်သည်။ သာမန်အရက်ဖြူ သောက်သူများကတော့ ဆိုင်အပြင်မြေကွက်လပ်ရှိ စားပွဲခုံပုပုကလေးများတွင် ဝိုင်းရခြင်းဖြစ်သည်။

ထိုလူသုံးယောက်က စားပွဲပုတွင် ဝင်ထိုင်ပြီး ဈေးပေါသော အရက်ဖြူတစ်လုံးနှင့် ငါးခြောက်ကြော်တစ်ပွဲ မှာလိုက်သည်။

"ဘာထူးခြားလို့လဲ အဲ့ဒီသုံးယောက်က"

အပင်ပေါ်မှ ငုံ့ကြည့်ကာ တံခွန် မေးလိုက်သည်။ ထိုလူသုံးယောက်တို့ဝိုင်းသည် တံခွန်တို့ရောက်နေသော မန်ကျည်းပင်၏အောက်တွင်ပင်ဖြစ်သည်။ ထို့ကြောင့် ထိုလူတွေ၏ စကားပြောသံကို ကောင်းစွာ ကြားရမည်ဖြစ်သည်။ ခုနက တံခွန့်အမေးကို ဉာဏ်တိုးက မဖြေဘဲ အောက်က လူသုံးယောက်ဝိုင်းကိုသာ အာရုံစိုက်နေသည်။

လူသုံးယောက်က စကားပြောနေကြသည်။ သူတို့တစ်ယောက်နှင့် တစ်ယောက် သူတို့ ကံဆိုးခဲ့ပုံတွေကို ပြောနေကြသည်။ မိမိကိုယ်ကို ကံအဆိုးဆုံးဖြစ်အောင် ပြောနေကြသည်။

"ငါက ကံအဆိုးဆုံးပါပဲကွာ။ ငါနဲ့ဝင်းသန်းက မြချယ်ကို အပြိုင်ပိုးနေတာ တစ်ရွာလုံး အသိပဲလေကွာ။ နောက်တော့ မြချယ်က ဝင်းသန်းကို နှုတ်ခမ်းထော်လို့ဆိုပြီး မြချယ်က ငါ့ကို ရွေးလိုက်တယ်လေ။ အဲ . . . အဲ့ဒီလိုနဲ့ ငါနဲ့မြချယ် ပထမဆုံး ချိန်းတွေ့မယ့်နေ့ကို ရောက်လာတယ်။ ချိန်းတဲ့အချိန်က အစောကြီး မှောင်။ နံနက်လေးနာရီ၊ ရေသွင်းစိုက်ခင်းတွေဘက် တံတားပေါ်မှာပေါ့။ ဒါနဲ့ ငါလည်း သုံးနာရီလောက် ထပြီး သွားတိုက်။ မျက်နှာသစ် လုပ်ရတာပေါ့။ အဲ့ဒီမှာ ကံဆိုးတော့တာပဲ"

"ဘယ်လို ကံဆိုးတာလဲ"

"ရာသီဥတုက ငါ့ဘက်မပါတာလို့ ပြောရမယ်။ အဲ့ဒီနံနက်က ဆောင်းမနက်လည်း ဖြစ်တာနဲ့ သိပ်အေးနေတယ်။ ငါက ပလုတ်ကျင်း



ဖို့ ဖလားခွက်နဲ့ ရေခပ်ပြီး နှုတ်ခမ်းနဲ့ တေ့လိုက်တယ်။ အဲ့ဒီမှာ အပေါ်နှုတ်ခမ်းနဲ့ အေးစိမ့်နေတဲ့ရေနဲ့ ထိမိပြီး 'ကျွိ . . . ခနဲ' ငါ့နှုတ်ခမ်းဟာ ရှေ့ကို ထော်သွားတော့တာပဲ။ အေးလွန်းလို့ နှုတ်ခမ်း လန့်ပြီးထော်သွားတာဖြစ်မယ်"

"ဟာ . . . မဖြစ်နိုင်တာကွာ။ နှုတ်ခမ်းက ရေနဲ့ထိတာနဲ့ လန့်ပြီးထော်သွားရတယ်လို့။ ပြီးတော့ 'ကျွိ . . . ခနဲ' မြည်သေးတယ်တဲ့"

"ရေက အရမ်းအေးလို့ပေါ့ကွ။ ငါ့တကယ်ကိုယ်တွေ့ပါ။ ကျွိဆိုတဲ့အသံကတော့ ငါ့ရင်ထဲကနေ ကြားရတဲ့ အသံပေါ့ကွာ။ ကဲ . . . ဘယ်လောက်ကံဆိုးလဲ။ အခုမှရတဲ့ ရည်းစားကမှ နှုတ်ခမ်းထော်တာ မကြိုက်ပါဘူးဆို ပထမဆုံးချိန်းတွေ့တဲ့နေ့မှာပဲ နှုတ်ခမ်းက လာထော်နေတော့ ငါ ကံမဆိုးဘူးလား။ ချိန်းတွေ့တဲ့ နေရာရောက်တော့ အဲ့ဒီနှုတ်ခမ်းကိုမြင်ပြီး မြချယ်က ငါ့ကိုဖြတ်သွားတယ်လေ"

ကျန်နှစ်ယောက်က ရယ်သည်။

သစ်ပင်ပေါ်က ဉာဏ်တိုးနှင့် တံခွန်လည်း ရယ်သည်။ ဉာဏ်တိုးက . . .

"ဟား . . . ဟား . . . ဒီလူကံဆိုးတာ အမှန်ပဲ။ မင်းလည်း ဆောင်းရာသီ ပလုတ်ကျင်းရင် သတိထား"

ပြီး အောက်ကစားပွဲဝိုင်းကို နားစွင့်ကြပြန်သည်။

တစ်ယောက်က သူမှ ကံဆိုးကြောင်း ပြောနေပြန်သည်။

"ငါကမှ ကံဆိုးသူမောင်ရှင် အစစ်ပါကွာ။ ကံဆိုးတာမှ ငါတစ်ယောက်တည်း ကံဆိုးတာတောင် မဟုတ်ဘူး။ ငါနဲ့ပတ်သက်တဲ့သူပါ ကံဆိုးလိုက်သေး"

"လုပ်ပါဦး . . . သောက်ရင်း ပြောပြစမ်းပါဦး"

"အဲ့ဒီနေ့နံနက်က ငါ လန်းလန်းဆန်းဆန်း နိုးလာတယ်။ စိတ်ကလည်း ဘာကြောင့်မှန်းမသိ ကြည်လင်နေတယ်။ ဒါနဲ့ ခါတိုင်း အိမ်



www.burmeseclassic.com

www.burmeseclassic.com

ဘောလာပြီး ဘောလုံးကန်ကြတဲ့ ကလေးတွေကိုလည်း မဆူမငေါက်ဖြစ်ဘူး။ ကလေးတွေရဲ့ဘောလုံး ချုံထဲကျတော့တောင် ငါ သွားဆယ်ပေးလိုက်သေးတယ်။ အေး . . . အဲ့ဒီလို စေတနာလွန်မိတာ ကံဆိုးခြင်းအစပဲ"

"ဘာဖြစ်တာလဲ"

"ငါက ဘောလုံးလည်း ချုံထဲဝင်သွားရော ချုံရဲ့တစ်ဖက်ကို ပြေးပြီး ဘောလုံးကို ကလေးတွေရှိတဲ့ဘက် ပြန်ကန်ပေးလိုက်တယ်။ ချုံပုတ်ထဲ အစထွက်နေတဲ့ ဘောလုံးကို ကလေးတွေဆီရောက်အောင် ငါအားထည့်ကန်လိုက်တယ်။ အဲ့ဒီမှာ မှားပြီလေ"

"ဘာမှားသွားတာလဲ"

"ငါကန်လိုက်တာ ဘောလုံးမဟုတ်ဘူး။ ကိုကတုံး (ခေါင်းတုံး) ရဲ့ဖင်ကြီး ဖြစ်နေတယ်"

"ဟင် . . ."

"ကိုခေါင်းတုံးက ချုံထဲကုန်းဝင်ပြီး ဘာအပင်နှုတ်နေတာလဲ မသိဘူး . . . နှုတ်နေတာကွ။ သူ့ပုဆိုးက ဘောလုံးရဲ့အဆင်လို အဖြူအမည်းကွက်ဖြစ်နေတော့ ငါက ဘောလုံးမှတ်ပြီး ပိတ်ကန်လိုက်တာလေ"

ကျွန်နှစ်ယောက် ရယ်ကြသည်။ သစ်ပင်ပေါ်မှ တံခွန်နှင့် ညဏ်တိုးလည်း ပြုံးသည်။ သို့သော် ထိုလူ့စကားက မဆုံးသေး။

"ကိုခေါင်းတုံးကလည်း ခါတိုင်းစိတ်နဲ့ဆို ငါ့ကို အမှုန့်ကြိတ်ပြီးသားပဲ။ ဒါပေမဲ့ သူကလည်း ငါ့လိုပဲ ဒီနေ့ စိတ်ကောင်းထားမယ်၊ သည်းခံစိတ်မွေးမယ်လို့ ဆုံးဖြတ်ထားလို့ ဘာမှပြန်မလုပ်ဘူး။ အဲ . . . နေ့လယ်ကျတော့ ငါ ရွာလယ်က ဓမ္မာရုံပြင်တာ သွားကူဖြစ်တယ်။ အဲ့ဒီမှာ လုပ်အားပေးပြီး ခဏနားလို့ ဆေးပေါလိပ် ဖွာနေမိတယ်။ ပြီးတော့



ဆေးပေါလိပ်ကို ခဏချပြီး ရေသွားသောက်တုန်း အော်သံကြားတော့တာပဲ"

"ဘယ်သူ့အော်သံတုံး"

"ကိုခေါင်းတုံးအော်သံပဲဟော့။ ဘယ်က ဘယ်လိုရောက်လာပြီလဲ မသိဘူး။ ငါ ဆေးပေါ့လိပ်ချထားတဲ့နေရာကို လာထိုင်မိပြီး ဖင်ပူလို့ ထအော်တာ"

"ဟား . . . ဖြစ်ပြန်ပြီ"

"ဖြစ်တယ်ဖြစ်တယ်။ ဒါပေမဲ့ ကိုခေါင်းတုံးကလည်း ဒီတစ်ကြိမ်လည်း သူ့ဖင် လက်ဖဝါးလေးနဲ့ပွတ်ပြီး ထပ်ခွင့်လွှတ်ပြန်ပါတယ်။ ဒီလိုနဲ့ ညနေကျတော့ စိတ်ညစ်ညူးနေတာတွေ ပြေပျောက်အောင် မြစ်ဘက် ငါးမျှားထွက်ခဲ့တယ်။ ငါးမျှားတံလေး ချပြီး ထိုင်မလို့ရှိသေး၊ ငါးမျှားတံဆီက စီးစီးပိုင်ပိုင် အရသာတစ်မျိုး ဝင်လာပါရောလား"

"ဟား . . . ဒါ ငါးဆွဲတာပဲ"

"အေး . . . ငါလည်း အဲ့လိုအထင်နဲ့ အားရပါးရ ဆောင့်ဆွဲတာပေါ့။ ဒါပေမဲ့ တော်တော်နဲ့ ငါးက တက်မလာဘူး။ အားနဲ့ မြှောက်မြှောက်ဆွဲတော့မှ တရိပ်ရိပ်တက်လာတာဟော့"

"အဟား . . . ဝေလငါးကြီးများလား"

"မဟုတ်ဘူး . . . ကိုခေါင်းတုံးဖင်ပဲ"

"အာ . . . ၊ မင်းနဲ့ ကိုခေါင်းတုံးဖင်နဲ့ကတော့ ရေစက်ပဲ"

"ဟုတ်တယ် . . . ကိုခေါင်းတုံးက ရေကူးရင်း လက်စွပ်ကျွတ်ကျလို့ ပြန်လိုက်ရှာနေတာတဲ့။ သူက ရေငုပ်နေတော့ ငါက ဘယ်မြင်မလဲ။ ငါးမျှားချိတ်ရဲ့အထစ်ပါ အသားထဲ နစ်ဝင်သွားလို့ မြို့တက်ပြီးခွဲရပါရောလား။ ဒီတစ်ကြိမ်တော့ ကိုခေါင်းတုံး ခွင့်မလွှတ်နိုင်တော့ဘူးလေ။ သူ့ဒဏ်ရာပျောက်တာနဲ့ ငါ့ကိုလာသတ်မှာတဲ့။ ကြည့်ပါဦး . . . ငါဘယ်လောက်ကံဆိုးလဲ။ ငါတင်မကဘူး။ ငါနဲ့ရေစက်ဆုံတဲ့ လူပါ ကံဆိုးရတယ်။ ငါ့ကံက မင်းတို့ထက် အဆိုးဆုံးပါပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ပေါ်တွင် ဉာဏ်တိုးက တံခွန့်ကို မေးသည်။

"ဒီတစ်ယောက်နဲ့ ပထမတစ်ယောက် ဘယ်သူကံဆိုးတယ်လို့ မင်းထင်လဲ"

တံခွန်က ပခုံးတွန့်ပြရင်း . . .

"မထင်တတ်ဘူး။ တတိယတစ်ယောက်ရဲ့ ညည်းချင်းကိုလည်း နားထောင်ကြည့်ပါဦး"

သစ်ပင်အောက်တွင် နောက်ဆုံးတစ်ယောက်က သူ့ကံဆိုးမှုကို စတင်ဖွင့်လှစ်နေသည်။ သစ်ပင်ပေါ်မှ တံခွန်နှင့်ဉာဏ်တိုး၏ အရိပ်တစ်ပိုင်းတစ်စသည် စားပွဲပေါ်က အရက်ဖြူခွက်ထဲတွင် ကျရောက်နေသည်။

"မင်းတို့ထက် ကံဆိုးသူက ငါပါပဲ။ တစ်နေ့ညနေက ငါလည်း စိတ်လက်ပေါ့ပေါ့ပါးပါးရှိတာနဲ့ လှေလေးစီးရင်း မယ်ဒလင်လေးခေါက်ဖို့ စိတ်ကူးရတယ်။ အဲ့ဒါနဲ့ ကြာကန်ဘက်ကို လှေလှော်ခဲ့တယ်။ ကံကဆိုးချင်တော့ လှေကြုံလိုက်မယ့် မယ်စိန်ထွားနဲ့ လာတွေ့နေတယ်။ စိန်ထွားဆိုတာ မင်းတို့သိတဲ့အတိုင်း။ တညင်းသီးဆားရည်စိမ် သုံးလုံးဆင့်ပြီး ထောင်ထားတဲ့ ရုပ်နဲ့ကွာ။ သူက လှေကြုံလိုက်လာတော့ ငါ မယ်ဒလင်တီးချင်စိတ် ကုန်သွားတယ်။ နောက်ထပ် ကံဆိုးချင်တော့ ရေလယ်ရောက်မှ လှေက ဝမ်းပေါက်နေမှန်း သိတာပဲဟေ့။ ဒီတော့ လှေထဲဝင်လာတဲ့ ရေတွေ ခပ်ထုတ်ရပြန်ပါရောလား။ စိန်ထွားက ရေတွေကူးခတ်ထုတ်မယ် မရှိဘူး၊ တင်လုံးကြီးကြီးနဲ့ ကျုပ်ကို ကြာကြည့်ကြည့်နေတယ်လေ"

"ကြာပန်းကလေးလို ကြည့်တာလို့ သဘောထားလိုက်စမ်းပါ"

"မထားနိုင်ဘူး . . . မောင်။ ပိုပြီး ကံဆိုးတာက ကြုံလာလို့လေ။ သဖန်းပင်တွေအောက်က လှေဖြတ်တော့ မြွေတစ်ကောင် လှေပေါ် ပြုတ်ကျလာတယ်လေ။ အဲ့ဒီမှာ တအားနင်းကံဆိုးတော့တာပဲ။ မြွေ



ကြောက်လို့ဆိုပြီး စိန်ထွားက ကျုပ်ကို ဖွတ်ဖက်ပြီး အော်တယ်၊ မြွေကလည်း သူ့အော်သံကြောင့် လန့်ပြီး ပါးပြင်ထောင်နေတယ်။ စိန်ထွားဖက်ထားတာနဲ့ ဗျာများ၊ လှေကလည်း ရေဝင်နဲ့ နောက်ဆုံး လှေမှောက်ပါရောလား။ လှေမှောက်တော့ ကိုယ်သေရင် တော်သေး။ စိန်ထွားသေရင် အမှုပတ်ရချည်ရဲ့ဆိုပြီး စိန်ထွားကို အရင် ကမ်းပေါ်ဆွဲပို့ရတယ် စိန်ထွားက အငြိမ်မနေပြန်ဘဲ ကြောက်အားလန့်အားနဲ့ တကြော်ကြော်အော်။

အဲ့ဒီမှာ ရွာကလူတွေ ရောက်လာတာပဲ။ တော်သေးတယ်၊ ရွာကလူတွေ ဆွဲကယ်လို့။ ဒါပေမဲ့ ကံမကောင်းပါဘူးဗျာ။ နောက်နေ့ကျတော့ ရွာထဲမှာ ပြောကြတာ ကျုပ် စိန်ထွားကို လှေစီးရင်း မယ်ဒလင်တီးပြတာတဲ့။ ကျုပ်နဲ့စိန်ထွားက ဖြစ်နေတာတဲ့ဗျာ။ ကဲ . . . ဘယ်လောက် ကျုပ်ကံဆိုးလဲ။ မြွေကိုက်လို့သေတာမှ စိတ်အေးချမ်းဦးမယ်တကယ် . . ."

"ခံစားချက် ပြင်းလှချည်လားဗျာ"

"ကျွတ် . . . ကျွတ် . . ."

သစ်ပင်ပေါ်တွင် ဉာဏ်တိုးက ရှင်းပြသည်။

"ဒီလူသုံးယောက်က ဒီလိုပဲ ညနေဆိုလာပြီး သူတို့ကံဆိုးခဲ့တဲ့အကြောင်းတွေ ပြိုင်ဆိုင်ကြတယ်ကွ။ အဲ . . . ထူးခြားတာတစ်ခုတော့ ရှိသေးတယ်။ ကံဆိုးတယ်ဆိုပေမဲ့ နောင်တစ်ချိန် ပြန်တွေးရင် ပြုံးစရာကောင်းတဲ့ ကံဆိုးမှုမျိုးပေါ့ကွာ။ အဲ့ဒီလို ပြိုင်ကြပြီး ရှုံးတဲ့နှစ်ယောက်က သူတို့သောက်တဲ့ အရက်ဖိုးဖိုး ရှင်းရတယ်"

"သြော် . . . သြော် . . ."

တံခွန် ထိုသို့သာ အသံပြုမိသည်။ ခေါင်းထဲမှာတော့ အတွေးတွေ ဝင်လာပါသည်။

လူတွေမှာ ပြိုင်စရာရှားလို့ ကံဆိုးတာမှ ပြိုင်ကြရသလား၊ တခြားပြိုင်စရာ မရှိဘူးလား။ တကယ်တမ်းပြိုင်ကြရင်ကော ဒီလောက



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘယ်သူက ကံအဆိုးဆုံးလဲ။ တစ်ခါတစ်ရံမှာ လူတိုင်းသည် မိမိကိုယ်ကို ကံအဆိုးဆုံးဟု ထင်ကြလိမ့်မည်ဟု တံခွန်တွေးဖြစ်သည်။ သက်ပြင်းလည်း ချဖြစ်သည်။ နိဗ္ဗာန်ဟူသော ကင်းလွတ်ငြိမ်းရာဆီ မရောက်မချင်း အားလုံး ဝဋ်ကံဆိုးမှု ချားရဟတ်ထဲမှာ လည်ပတ်ပိတ်မိနေကြဦးမှာပါလား။

“ဟူး . . .”

“ဘာသက်ပြင်းချတာလဲ”

“မဟုတ်ပါဘူး . . . ဒီလိုပါပဲ။ ဒါနဲ့ ကံရဲ့အဓိပ္ပာယ်က ‘အလုပ်’ မဟုတ်ဘူးလား။ ကံမကောင်းဘူးဆိုတာ ကိုယ်လုပ်တာ မကောင်းလို့ ဖြစ်မှာပေါ့ကွ။ တခြားကို အပြစ်မမြင်သင့်ပါဘူး”

ဉာဏ်တိုးက ထိုစကားကို လက်မခံပါ။ တစ်ချက်မဲ့ပြီး . . .

‘ကံဆိုတာအလုပ်လို့ အဓိပ္ပာယ်ဖွင့်တိုင်း ငါတို့ချွေးတွေ ပိုင်နေ့သွားတယ်လို့ ငါ ခံပြင်းမိတယ်။ မင်းကို ငါပြောမယ်။ ကိုယ်လည်း အကောင်းဆုံးလုပ်ပါလျက်နဲ့ ကိုယ်က အကောင်းဆုံးမဖြစ်ဘဲ ကိုယ့်လောက် မကောင်းတဲ့သူတွေက အကောင်းဆုံးဖြစ်နေတာမျိုးတွေ ကြုံလာတဲ့အခါ ခုနကမင်းပြောတဲ့ ကံဆိုတာ အလုပ်လို့ပြောတဲ့ အဓိပ္ပာယ်မျိုးက ကျဉ်းမြောင်းတယ်လို့ မင်းမြင်လာလိမ့်မယ်။ အဲ့ဒါတွေ ထားပါတော့ကွာ။ ဒါနဲ့ ဟိုမှာ နီနီ့အစ်ကို ကိုမြင့်ဟန်မို့လား”

အရက်ဆိုင်ဘေးက ကွမ်းယာဆိုင်တွင် ကိုမြင့်ဟန် ကွမ်းဝယ်နေသည်။ ကွမ်းယာသည်မလေးက ငယ်ရွယ်သေးသည်။ ကွမ်းယာကိုသာ အာရုံစိုက်လျက် ငုံ့ယာနေသည်။ ကိုမြင့်ဟန်၏ တစ်နေရာရာကို ကြည့်နေသော အကြည့်များက မီးလိုဝင်းနေသည်။

“ငါ အဲ့ဒီလူရဲ့မျက်လုံးတွေကို မကြိုက်ဘူး”

“ဘာဖြစ်လို့လဲ”

“မင်း သေချာကြည့်ကြည့်ပါလား။ ကွမ်းယာနေတဲ့ ကောင်မလေးကို ဒီလူ ဘယ်လိုကြည့်နေလဲဆိုတာ”



ဉာဏ်တိုး စကားအဆုံး တံခွန်က ကိုမြင့်ဟန်ကို ထပ်လှမ်းကြည့်မိသည်။ ဉာဏ်တိုးစကား သိပ်မမှားဟု တံခွန်ထောက်ခံမိသည်။ ကွမ်းယာသည်မလေးသည် ရင်ဟိုက်နေ၏။

ထိုအချိန် ဆိုင်ကယ် လီဗာသံပြင်းပြင်းတစ်ချက်ကို ကြားလိုက်ရသည်။ သူတို့နှစ်ယောက်အကြည့်များ လမ်းမထက်ဆီသို့ လှည့်မိသွားသည်။ ထင်သည့်အတိုင်း ထက်ခေါင်ကို တွေ့ရသည်။ ထက်ခေါင်ကတော့ သူတို့ကို မတွေ့။

ကွမ်းယာဆိုင်မှ ကိုမြင့်ဟန်က ထက်ခေါင်ကို လှမ်းခေါ်သည်။ ထက်ခေါင်အနားရောက်တော့ ကိုမြင့်ဟန်က ပခုံးဖက်ကာ ဘီယာဆိုင်အတွင်းထဲ ခေါ်သွားသည်။ ပြီးနောက် စားပွဲထိုးခေါ်ကာ စားပွဲအပြည့်မှာတော့သည်။ သိပ်မကြာခင်ဘဲ အနံ့ရလို့ရောက်လာသည့် ဝံပုလွေတွေများအလား ထက်ခေါင်၏ ဘက်တော်သားတွေဖြစ်သော ထူးညီ၊ ဆန်းဝင်းချစ်၊ ဆန်းမင်းချစ်တို့ ရောက်လာကြသည်။ သောက်ကြ စားကြသည်။

“တွေ့လား . . . ဒီကောင်တွေက ထက်ခေါင်ကိုကပ်ပြီး သောက်ကြစားကြနေတာ။ ခက်တာက အဲ့ဒီအထဲ နီနီ့အစ်ကို ကိုမြင့်ဟန် ပါနေတာပဲ”

“အဲ့တော့ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ မင်း ကံဆိုးတာပေါ့ . . . တံခွန်ရ”

“အဟင်း . . .”

တံခွန်က ရယ်ကျဲကျဲလုပ်တော့ ဉာဏ်တိုးက မျက်နှာတည်တည်နှင့်ကြည့်ကာ . . .

“အခု ရယ်ချင်ရယ်ပေါ့။ ဒါပေမဲ့ ဒါ နောင်တစ်ချိန် ပြန်တွေးမိရင်တော့ ရယ်ရတော့မယ့် ကံဆိုးမှုထဲ မပါဘူးနော်။ မင်း အဲ့ဒါကို သိထားသင့်တယ်”

ဉာဏ်တိုးစကားက သတိပေးသံ ဆန်လွန်းလှသည်။ ဘာကြောင့်မှန်းမသိ တံခွန်စိတ်တွေ ညစ်ညူးမိသွားသည်။

www.burmeseclassic.com

ဒီအချိန် အဖေလည်း ပုလင်းမှောနေတော့မည်ဟူသည့် အတွေးလည်း ဝင်မိသည်။ တံခွန့်အဖေကလည်း သောက်သည်။

ခဏအကြာတွင် မြန်မာဘောလုံးပွဲလာသည်။ မြန်မာလူငယ်အသင်းနှင့် အခြားပြည်ပအသင်းတစ်သင်း ကန်ကြသည်။ ဗိုလ်လုပ်ပွဲဟု ကြားရသည်။ ဆဲသံဆိုသံတွေ ထွက်လာသည်။ မြန်မာဘောလုံးအသင်း၏ပွဲကို ကြည့်ရတာဆိုတော့ ဒီလောက်တော့ ရှိမည်။

"ဟာ . . . တုံးလိုက်တာကွာ 'ကစ်' ကလဲ။ ဒါနဲ့များ ဘယ်လိုလုပ် လက်ရွေးစင်ဖြစ်လာတာလဲ"

"အသက်ကလည်း (၂၃) နှစ်အောက်တဲ့။ ရုပ်က ငါ့ထက်တောင် ရင့်နေပါလား"

"ချီး . . . ဒီနားနဲ့ ဒီနားတောင် လူမပေးတတ်ဘူးလား"

ငြီးငြင်သံတွေ ဆူညံပေါက်ထွက်လာသည်။ ညဏ်တိုးကလည်း သစ်ပင်ပေါ်ကနေ ဆိုင်၏ (T.V)မှ ဘောလုံးပွဲလှမ်းကြည့်ရင်း တောက်တခေါက်ခေါက် ဖြစ်နေသည်။ တံခွန်လည်း ခဏတော့ လှမ်းကြည့်ဖြစ်သေးသည်။ မြန်မာအသင်းကလည်း ဟုတ်သည်။ ဘောလုံးထိန်းတာလည်း ကြာသည်။ လူပေးရင်လည်း ကိုယ့်လူအလုပ်လုပ်လို့ရအောင် တစ်ခါတည်း မပေးတတ်။ အမြင်ကလည်း နည်းသေးသည်။ တစ်ဖက်အသင်းနှင့် ယှဉ်လိုက်ရင် ခြေက ကွာချင်တိုင်းကွာနေတော့သည်။ ဒါကတော့ ကံမကောင်းတာမဟုတ်။ ကိုယ် အသုံးမကျတာ။

သို့သော် တံခွန် ဘောလုံးပွဲကို စိတ်မဝင်စားပါ။ ငြင်းသံ၊ ခုန်သံ၊ ဆဲရေးသံ၊ အရက်ခွက်တွေ စားပွဲခေါ်ချလိုက်သံ၊ အရက်ငှဲ့သံ၊ ခွက်ချင်းတိုက်သံ၊ 'ဟာ . .' 'ဟင် . . .' အာမေဋိတ်သံ၊ 'တောက် . . .' "ချီး' 'ခွီး' ဒေါသသံတွေနှင့်အတူ ဆိုင်၏အနောက်ဘက် မီးဖိုထဲက အသားခုတ်သည့် ဓားသံကိုပါ လှမ်းကြားရသလို ခံစားမိသည်။ လူစုံသံစုံတွေ



နားထဲပြွတ်ဝင်လာတော့ ခေါင်းက မူးချင်သလိုလိုဖြစ်လာသည်။ မျက်လုံးကလည်း လျှောက်ကြည့်နေမိသည်။

အသားဖတ်တွေ ပါးစပ်ထဲထိုးသွင်းကာ မြည်းပြီး အရက်တွေကို ပါးစပ်ထဲ လောင်းထည့်လိုက်ပုံတွေ။ ရှုံ့လိုက်မဲ့လိုက် မျက်နှာပုံတွေ အာခေါင်ကြီး အဆမတန်ကျယ်အောင် ရယ်မောလိုက်ပုံတွေ၊ ထွီ ခနဲ တံတွေး တွေးလိုက်ပုံတွေ၊ ကြိတ်မနိုင်ခဲမရလက်သီးတွေ ဆုပ်သွားကြပုံတွေ စသဖြင့် ပုံတွေလည်း မှန်ကူကွက်တွေလို မျက်လုံးထဲ တိုးဝင်လာသည်။ တံခွန် ပိုခေါင်းမူးလာသည်။

ညဏ်တိုးကတော့ လောကကြီး၏အခန်းကို အပေါ်စီးက ကြည့်ဖို့ဟုဆိုကာ ခေါ်ခဲ့သည်။ ယခုမြင်နေရသည့် လောကကြီး၏အခန်းကတော့ ငရဲခန်းတစ်ခုလိုသာ တံခွန်မြင်နိုင်တော့သည်။ ခေါင်းထဲက မူး၊ ရင်ထဲက ပျို့လာသည်။

ဒါကို ဘေးနားက ညဏ်တိုးက မသိ။ ဘောလုံးပွဲထဲ အာရုံရောက်နေသည်။

တံခွန် စိတ်ကိုထိန်းကာ ဘီယာဆိုင်နှင့် ဝေးရာကို အကြည့်လွှဲမိသည်။ ဒါသာ လောကကြီး၏ အခန်းဆိုလျှင်တော့ ထိုအခန်းထဲက သူ ထွက်ပြေးသွားချင်မိသည်။ သို့သော် ထိုအခန်းက ပြေးထွက်ဖို့ရော လွယ်ရဲ့လား။ အလုံပိတ်ထားသော အခန်းတစ်ခုများလား၊ မဖြစ်နိုင် ထိုအခန်းကို ဖွင့်ဖို့သော့တစ်ခုတော့ ရှိမည်သာ။

တံခွန်အဝေးကို အကြည့်လွှင့်ထားသည်။ တောင်တစ်လုံးက မြင်ရသည်။ ညနေရောက်ပြီမို့ မြူတွေရစ်လာပြီ။ တောင်၏ရှေ့ဆီမှ မြ ရေသည့် တိမ်တစ်စု တရွေ့ရွေ့ဖြတ်သန်းသွားသည်။ တိမ်တွေကျော်လွန်သွားမှ တောင်ပေါ်မှ ဘုန်းကြီးကျောင်းလေးကို တရိပ်ရိပ် တံခွန်မြင်လာရသည်။

မြင် . . . မြင် . . . လာရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ငြိမ်သက်ကြည့်နေမိသည်။

ခေါင်းထဲ ကြည်လင်လာသလိုလို။

ရင်ထဲ အေးမြလာသလိုလို။

ခွပုံစံ ဖြစ်နေသော မန်ကျည်းကိုင်းကြားမှ သူ လှမ်းမြင်နေရခြင်းဖြစ်သည်။

ဒါ . . . ဒါ . . . လောကရဲ့အခန်းကို ဖွင့်မယ့် သော့တစ်ခုလား။

စိတ်၏ နားထဲကြေးစည်ခတ်သံများပင် ပျံ့လွင့်လာတော့သည်။



## (5)

မရှိတော့သည့် မန်ကျည်းပင်ကြီးကို ကိုရင်စိတ်နှင့် ရုပ်လုံးဖော်ကာ ရပ်ကြည့်နေမိတာ အတော်ကြာခဲ့ပြီ။ မိမိကိုယ်ကိုလည်း ပြန်သတိထားမိခဲ့ပြီ။ ထိုမှ ခြေဖဝါးကြွ၍ ခြေလှမ်းပြန်စလိုက်သည်။

သပိတ်ထဲဆွမ်းလည်း အသင့်အတင့်ရပြီ။ ကျောင်းပြန်ရန်သာ စိတ်ကူးမိသည်။ တခြားလူတွေနှင့် မတွေ့ချင်ပါ။ သို့သော် မိမိနေထိုင်ခဲ့ ရာ အိမ်အဟောင်းဆီသို့ တစ်ခါသွားကြည့်ချင်စိတ် ဖြစ်မိပြန်သည်

စည်းရိုးကာ လမ်းသွယ်လေးများကို ဖြတ်ရသည်။ လူတစ်ကိုယ်စာ မြက်ရိုင်းလမ်းကလေးကို ဖြတ်ရသည်။ မြောင်းကူးတံတားနှစ်စင်းလောက် ဖြတ်ပြီးတော့မှ အိမ်ကလေးဆီ ရောက်သည်။ မြေကပ်အိမ်ကလေးပါ။

အိမ်ရှေ့စည်းရိုး သစ်သားစူးတံခါးလေးမှာရပ်ရင်း ကိုရင် လှမ်းကြည့်ဖြစ်သည်။ လူနေစဉ်ကတည်းက မခမ်းနားလှသော အိမ်ကလေးမှာ ယခုလည်း နွမ်းအိုလျက်။ လူတွေ မနေတော့သည်မို့ ပင့်ကူမျှင်တွေ နေနေကြသည်။ ပိုးဟပ်နှင့် ကြွက်တွေဖြတ်ပြေးသံလိုလို ကြားရသည်၊ ကုလားထိုင်အိုကြီးမှာ ဘယ်သူမှ ထိုင်မနေခြင်းက အထီးကျန်စရာ။

အိမ်ကလေးထဲမှာ ဖေဖေ အရက်ငုံ့နေပုံကို မြင်ယောင်မိသည်၊ ညီလေး ခဲတံကိုထောင်ကိုင်ပြီး စာအုပ်ထဲ ပုံတွေလျှောက်ဆွဲနေပုံကို မြင်



www.burmeseclassic.com

www.burmeseclassic.com

ယောင်မိသည်။ မြင်ယောင်ခြင်းက ဘာကောင်းလဲ။ ယခု သူတို့မရှိကြတော့။ ရှိတယ်ဆိုတာကကော ဘာများလဲ။

သံဝေဂကို အိမ်အဟောင်းလေးမှာ လာယူရင်း ကိုရင် ခေါင်းညိတ်ခေါင်းခါ ဖြစ်မိသည်။

သစ်သားစူးတံခါးလေးကို ပြန်ပိတ်တော့ ကျွီ . . . ဟု သံရှည်ဆွဲ မြည်သွားပါသည်။

• • •

ကိုရင် ရွာထဲမရောက်ခင်က ရွာထဲမဝင်ချင်စိတ် များခဲ့သည်။ တစ်စနှင့် ရွာရောက်ခဲ့ပြီးတော့ ယခင်သွားနေကျလမ်းများထံ ကိုရင့် ခြေထောက်များက အလိုလိုရောက်ရောက်၍ သွားသည်။

ဖြတ်သန်းသွားနေကျ မြောင်းကူးတံတားဘက်၊ ကိုဖိုးပိန်တို့ စပါးကျီဘက်၊ ထွန်းမော်တို့ ဗီဒီယိုရုံဘက်၊ အေးအေးရီတို့ ကြက်ခြံတွေဘက်စသဖြင့် ခြေထောက်က သူ့အလိုလို ခေါ်ဆောင်သွားနေသည်။

"ဟင် . . ."

ကိုရင်လေး သပိတ်ပိုက်လျက် ရပ်တန့်လိုက်သည်။

"ငါ ဘယ်လိုလို့ ဒီအထိ ရောက်လာပါလိမ့်"

ကိုရင် မသွားရန် ဆုံးဖြတ်ထားသည့် နေရာတွေဘက်ပင် ခြေထောက်က သူ့အလိုလို ဘယ်လိုကြောင့် လျှောက်လာမိမှန်းမသိအောင် သတိလွတ်မိသွားသည်။

ရှေ့ဆက်လျှောက်လျှင် ရှေ့တွင် နီနီတို့ အိမ်ရှိလေသည်။ ယခုနေရာကပင် လှမ်း၍ကြည့်လျှင် သဲ့သဲ့မြင်ရနိုင်ပါသည်။ လှမ်းမြင်ရသလောက်တော့ တိတ်ဆိတ်နေသည်။ ခြံရှေ့တံခါးကလည်း ပိတ်ထားဟန်ရှိသည်။

ကိုရင် အကြည့်လွှဲလိုက်သည်။ ရှေ့ဆက်တော့ မလျှောက်လိုတော့ပါ။ ဘေးဘက်သို့ချိုးရသော လမ်းဆီသို့သာ ကွေ့၍ သွားလိုက်



ပါသည်။ အတွေးကိုလည်း တရားထဲတွင်သာ အာရုံပြု၍ တည်ငြိမ်အောင်ထားလိုက်သည်။

အနည်းငယ် လျှောက်လာပြီးသောအခါ ကိုရင် တိုက်အိမ်တစ်အိမ်ကို လှမ်းတွေ့ရလေသည်။ အုတ်ဖြင့်ဆောက်ထားသော သေသပ်လှပသော အိမ်တစ်အိမ်။ ရွာတွင် ယခင်က ဒီအိမ်မရှိကြောင်း ကိုရင်သိသည်။ လူသစ်သူဋ္ဌေးတွေများ ဆောက်ထားကြသလားဟု တွေးမိရင်း ထိုအိမ်ရှေ့က ဖြတ်လျှောက်လာဖြစ်ပါသည်။

ထိုအိမ်ထဲတွင် လူတွေ စည်ကား အလုပ်ရှုပ်နေသည်ကို တွေ့ရသည်။ ဒန်အိုး၊ ဒန်ခွက်များနှင့် ကြော်လှော်ချက်ပြုတ်နေကြသူများ၊ ကြက်သွန်နွှာနေကြ၊ ဂျင်းထောင်းနေကြ၊ မီးဖိုထင်းထိုးနေကြပုံများ စသဖြင့်တွေ့နေရသည်။ အလှူတစ်ခုခုပေးဖို့ ပြင်ဆင်နေကြသည်ဟု တစ်ချက်ကြည့်ရုံနှင့် သိသာသည်။ ကိုရင် ထိုအမည်မသိ အိမ်ရှေ့ကဖြတ်ရင်း ခြေလှမ်းတွေ နှေးနေမိသည်။

ထိုအချိန်တွင်ပဲ . . .

"ရှယ်တော်မူပါဦး . . . ဘုရား"

ဟု လှမ်းအော်လိုက်သံကို ကြားလိုက်ရသည်။

ကိုရင် ရပ်တန့်လိုက်မိသည်။ ပြီးလျှင် အိမ်ဘက်မျက်နှာမူကာ တစ်ချက်ကြည့်လိုက်သည်။ ကိုရင့်ကို ရပ်တော်မူခိုင်းသည့် သူကရွာထဲတွင် အလှူပွဲတိုင်း၏ ချက်ရေးပြုတ်ရေးကို အလိုလို ဦးစီးနေရသော ယောင်းမကိုင်မိန်းမကြီး ဒေါ်ကြာညိုဖြစ်နေသည်။ ဒေါ်ကြာညိုက ကိုရင့်ကို တံခွန်မှန်း မမှတ်မိပါချေ။ ကိုရင်ကလည်း သူမှတ်မိအောင် တစ်ခွန်းတလေ စကားနှင့်တောင် မနှုတ်ဆက်မိဘဲ ရပ်နေမိပါသည်။

"ဟဲ့ . . . ဒီကို အားတဲ့လူက လာပါဦး။ ကိုယ်တော်လေးကို ဆွမ်းသွားလောင်းပါဦးဟဲ့။ ရဟန်းသံဃာကို တစ်ခုခု မလှူလိုက်ရဘဲ ကိုယ့်အိမ်ရှေ့က မကြွသွားစေနဲ့ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြာညိုက ဘယ်သူ့ကို အတိအကျမရည်ရွယ်ဘဲ အော်ပြောလေသည်။ ကိုရင်က အသာပြုံး၍ မျက်လွှာချသွားမိသည်။

"သမီး သွားလောင်းလိုက်မယ်"

ထိုအသံကိုတော့ အိမ်အတွင်းထဲမှ လှမ်းကြားရသည်။

အိမ်အတွင်းထဲမှ ထိုအသံရှင် မိန်းကလေးတစ်ဦး ထွက်လာပါသည်။ စတီးလ်ဇလုံ ထမင်းအုပ်ကို ကိုင်လျက်။

ကိုရင်က မျက်နှာချထား၍ ထိုမိန်းမပျို၏ မျက်နှာပိုင်းဆီ မမြင်ရပါချေ။ မိန်းမပျိုက ကိုရင့်ရှေ့ လာရပ်သည်။ မျက်လွှာချထားသော ကိုရင်က မိန်းမပျို၏ ခြေအစုံကိုသာ မြင်မိပါသည်။

သပိတ်ကို အဖုံးဖွင့်၍ ဆွမ်းခံလိုက်သည်။ မိန်းမပျိုကလည်း တရိုတသေပင် ကိုရင့်သပိတ်ထဲသို့ စတီးလ်ဇွန်းကြီးနှင့် ဆွမ်းထမင်း နှစ်ဇွန်းကို လောင်းလှူလေသည်။ ဆွမ်းလောင်းပြီးတော့ ကိုယ်တော်သည် သပိတ်ဖုံးကို ပြန်ဖုံးရင်း ခေါင်းကို ပြန်မတ်လိုက်သည်။

"ဟင် . . ."

" . . . . . "

"ဟင် . . ." ဟူသည့် အာမေဋိတ်သံမှာ မိန်းမပျို၏နှုတ်မှ လွှတ်ကျသွားခြင်းဖြစ်ပါသည်။

ကိုရင်လည်း တစ်ချက်တုန်သွားသည် ထင်၏။ မျက်လုံးအစုံတွင်လည်း အံ့သြမှုအရောင်များ ဖြတ်ပြေးသွားကုန်သည်။ သတိ ချက်ချင်းဝင်လာ၍ ဣန္ဒြေကို ပြန်ထိန်းလိုက်သည်။ ချက်ချင်းပဲ ခန္ဓာကိုယ်ကိုလည်း ဘေးသို့ ဆွဲလှည့်လိုက်သည်။

ပြီးလျှင် ခြေလှမ်းတွေကို သွက်သွက်စတင်ပစ်လိုက်တော့သည်။

"ဗွမ်း . . ."

မိန်းမပျို၏ ဆွမ်းအုပ်လွှတ်ကျသွားသံကိုလည်း ကိုရင် သဲ့သဲ့တော့ လှမ်းကြားရပါသေးသည်။



## (6)

"ဟဲ့ . . . နီနီ . . . ဆွမ်းဇလုံလည်း လွှတ်ကျလို့၊ ဘာတွေဖြစ်နေတာလဲဟဲ့။ ဒီကောင်မလေးတော့ . . ."

"သူဌေးကတော်ဖြစ်နေတော့မှာဆိုတော့ မလိုချင်လို့ လွှတ်ပစ်နေတာလားဟဲ့ . . . အဟင်း . . . ဟင်း . . ."

အိမ်ခြံဝန်းထဲမှ လုပ်အားပေးနေသော မိန်းမများက လှမ်းအော်နေကြသည်။

နီနီ ရပ်တန့်လျက်။

အရုပ်တစ်ရုပ်လို ဆွံ့အလျက်။ သူ့ကို လှမ်းပြောသည့် စကားတွေကိုလည်း သူ့ဆီမရောက်ရှိသည့်အလား သူမကြား။ နှုတ်ခမ်းများမှာ တုန်ရီရှန်းကန်နေသည်။ တစ်ခုခုကို ရေရွတ်ချင်နေသည်။ နှုတ်ခမ်းများတင်မက မျက်လုံးများပါ တုန်ခါနေသလို။

တစ်ကိုယ်လုံး ဘယ်လိုကြီးဖြစ်နေမှန်း မသိ။ ရင်ထဲ တင်းကြပ်ခဲပြီး ပြည့်သိပ်နေသည်။

ဆွမ်းဇလုံကို ငုံ့ကောက်လိုက်သည်။ သို့သော် ထိုသို့ သူလုပ်လိုက်သည်ကို သူ ပြန်မသိသည့်နှယ်။ စိတ်နှင့်ကိုယ် ကွာထွက်သွားပုံများ။



www.burmeseclassic.com

www.burmeseclassic.com

သူမ တစ်လှမ်းချင်း အိမ်ဝန်းထဲ ပြန်ဝင်သွားသည်။ ခြေလှမ်းတွေက တုန်ခါတောင့်တင်းနေသည်။ ဆွမ်းဇလုံကို စားပွဲတစ်ခုမှာ ပြန်တင်လိုက်သည်။ အပေါ်ထပ်တက်သည့် လှေကားနားရောက်တော့ 'အင့် . . . အင့် . . . ' နှင့် ရှန်းကန်ညည်းညူသံမျိုး ရင်ထဲက စို့တက်လာသည်။

နှုတ်ခမ်းများမှလည်း . . .

"သူ . . . သူ . . ."

"တံ . . . တံ . . . တံ . . . တံခွန် . . ."

နောက်ဆုံး မခံနိုင်လွန်းတော့၍ မျက်လုံးများထဲမှ မျက်ရည်တွေ ခက်ခဲပင်ပန်းစွာ ထွက်ကျလာသည်။

ဝုန်း'ခနဲ နီနီ အိမ်အပေါ်ထပ် ပြေးတက်သွားသည်။

'မျက်ရည်စက်ကလေးတစ်စက် လှေကားသုံးထစ်မြောက်တွင် ပေါက်' ခနဲ ကျခဲ့ရှာသေးသည်။

⁂ ⁂ ⁂



မေ့ခဲ့သူရဲ့
နှစ်ကာလတွေဆီက . . .
စကားတစ်ခွန်းတောင် ပြန်မရခဲ့ဘူး
လေထဲမှာ မောင်းနေတဲ့ အိပ်မက်တို့
ဖောက်ခွဲခွာကနေ လက်ဖဝါးနဲ့ ဆိုင်ခံထားနေပါတယ်
သူဖြတ်ကျော်တော့မယ်လေ။

မေ့ခဲ့သူရဲ့
နှစ်ကာလတွေဆီက . . .
အကြည့်တစ်ခုတောင် ပြန်မရခဲ့ဘူး
မျက်ရည်တွေ ဘူးထဲထည့်စုထားခဲ့တာ
နောင်တရမိတယ်
ပါးပြင်မြစ်အထက်ကြောင်းတွေထဲမှာ
နာကျင်သူ့ရုန်းတွေ ခါးနေအောင် မွေးဆဲ။

မေ့ခဲ့သူရဲ့ နှစ်ကာလတွေဆီက
အထံထိသိတော့ဖြစ်တစ်စုံ
ပြန်လည်ရရှိခဲ့တယ်။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

## (7)

နီနီ စာကြည့်စားပွဲဆီ ပြေးထိုင်၍ မျက်နှာမှောက်ကာ ငိုပါတော့သည်။

ငိုလို့ကောင်းလိုက်တာ။

ခုနက ငိုချင်လျက်နှင့် မျက်ရည်လည်း မထွက်။ အသံလည်း မထွက်နိုင်သည့် အဖြစ်ကြီးက ဘယ်လောက်ဆိုးပါသလဲ။ အံ့သြခြင်း၊ ပျော်ရွှင်ခြင်း၊ သို့သော် ဝမ်းနည်းခြင်း၊ စွန့်လွှတ်လိုက်ရခြင်း၊ ဝေးကွာခြင်း၊ လွမ်းဆွတ်ခြင်း၊ အကြိမ်ကြိမ် တမ်းတခြင်း . . . စသော ခံစားမှုတွေ မြားဦးချွန်တွေလို ရင်ထဲထိုးဖောက်လာတော့ နီနီ ဒီခန္ဓာကိုယ်လေးတစ်ခုတည်းနဲ့ ဘယ်ခံနိုင်ပါ့မလဲ။

ကျိန်စာသင့် ရွှံ့ရုပ်ကလေးလို မိုးသည်းထဲ ရပ်တန့်ပြုံကျရုံသာ။

အခုတော့ မျက်ရည်တွေ ထွက်ပြီ။ နီနီ တစ်ခန်းလုံး အလုံပိတ်လိုက်သည်။ ပြီးလျှင် လုံးဝ မတားမဆီး၊ မချုပ်မနှောင်ဘဲ ငိုချပစ်လိုက်ပါတော့သည်။ ဒါ ငိုရမှာပဲ။ ဒါကိုမှ မငိုရင် ဘယ်လိုအရေးမှာ သွားငိုမှာလဲ။ နီနီ မျက်လုံးများကို မှိတ်မှိတ်ညှစ်ချကာ ရှိုက်ကြီးတငင် ငိုချပါသည်။



"တံခွန်ရယ် . . ."

"ဟင့်အင်း . . . ဟင့်အင်း . . . "

ညည်းညူခေါင်းခါသည်။ တံခွန့်ကို သက်န်းဝတ်နှင့် နီနီ မမြင်ချင်ပါ။ ငရဲထိုက်မည်လား နီနီ မတွေးနိုင်တော့။

တံခွန့်ကို လူဝတ်ဖြင့်သာ မြင်လိုသေးသည်။ တံခွန့်ဘဝ အစိတ်အပိုင်းမှာ သူမ ပါဝင်ချင်သေးသည်။ တံခွန်ကတော့ သူမအတွက် အကြီးမားဆုံး အစိတ်အပိုင်းပါပဲ။

မျက်ရည်သုတ်သော လက်ကိုင်ပဝါလေး ခဏအတွင်း စိုရွှဲသွားသည်။

နီနီက ငယ်ငယ်ကတည်းက မိဘမဲ့။ အဖေနဲ့အမေက တောထဲမှာ ဆင်ရိုင်းနင်း၍ တိမ်းပါးသည်။ ဦးလေးတွေ အဒေါ်တွေအိမ်မှာနေရင်း ကြီးပြင်းခဲ့ရသည်။ အဒေါ်တွေထဲမှာ နီနီ့အပေါ် စိတ်ကောင်းထားတာ တစ်ယောက်မှမရှိ။ နီနီက အိမ်မှာ သိမ်သိမ်ငယ်ငယ် နေရသည်။ ပင်ပင်ပန်းပန်း လုပ်ရသည်။ အလုပ်နဲ့လက် မပြတ်အောင်လုပ်နိုင်မှ ညည်းညူသံကင်းကင်း ထမင်းမျိုကျနိုင်သော နီနီပါ။ ကျောင်းထားပေးတာကိုပင် ကျေးဇူးအထူးတင်ရမည်။ ဒီလိုဘဝမျိုးမှာ လူလားမြောက်ရသည့် နီနီက ဘဝချင်းသိပ်မကွာသည့် သူငယ်ချင်းတံခွန့်ကို တွယ်တာသည်။

တံခွန့်စရိုက်ကို နီနီ အလွတ်ရသည်။ တံခွန်က စိတ်ထားပျော့ပျောင်းသည်။ အရာရာကို ဆင်ခြင်ပြီး သံဝေဂရနေတတ်သည့် စိတ်ကိုလည်း နီနီ သတိထားမိသည်။ တံခွန်တို့မိသားစုတွင်လည်း တံခွန့်အမေက မရှိတော့။ မြစ်ထဲ မတော်တဆရေနစ်၍ ဆုံးပါးခဲ့သည်။ ဉာဏ်ရည်သိပ်မပြည့်သည့် ညီတစ်ယောက်နှင့် အရက်ကိုမင်သော အဖေတစ်ယောက်သာ ရှိသည်။

ထိုသို့ ဘဝချင်းလည်း နီးစပ်သလို ငယ်ငယ်စောစောကတည်းက သံယောဇဉ်တွယ်မိသာ သူမအတွက် သူ့ကို ဘဝ၏အဆုံးပန်းတိုင်ဟု နီနီ ကိုးစားခဲ့သည်။ သို့သော် တကယ်စွန့်စားကြရမည့် အချိုးအကွေ့



www.burmeseclassic.com

www.burmeseclassic.com

များတွင်တော့ တံခွန်က . . . တံခွန်က . . . သူမကိုထားချန်ကာ မထင်မှတ်သည့် ထောင့်ချိုးတစ်ခုသို့ ချိုးကွေ့သွားသည်။

သူမ သိပ်ခံစားခဲ့ရပါသည်။ ထရံပြတင်းပေါက်ကို တွန်းဖွင့်တော့ ကြယ်တွေကို တွေ့သည်။ ထိုကြယ်တွေမှ သူ့အကြောင်းတွေ မေးခဲ့ရသည်။ ရက်ကန်းခတ်ရင်း ကြယ်ကြွေတာ မြင်ရင်လည်း သူနှင့်ပတ်သက်သော အနာဂတ်တွက်သာ ဆုတောင်းခဲ့သည်။ ခလုတ်တိုက်လျှင်ဘောင် သူ့အမည်သာ တ' ချင်ခဲ့သော နီနီပါ။

သူနှင့် ပတ်သက်သော အတိတ်တွေကို တွေးရလျှင် နီနီတွင် ကုန်နိုင်ဖွယ်မရှိ။

* * *



(ဃ)

"မင်းကကော ဘာလဲ။ အဝေးသင်ပဲ တက်မှာလား"

"အေးလေ . . . ငါကော နီနီကော အေးအေးရီကော"

"အေး . . . အေး . . . မင်းတို့သဘောပါ။ ဒါဆို မြို့မှာ သွားတက်ရမှာ ငါနဲ့ညထက်တိုးပဲ ရှိတော့တာပေါ့"

ထွန်းမော်က ရှဉ့်တစ်ကောင်လို ရှေ့သွားနှစ်ချောင်း ခေါသည်။ ထို့ကြောင့် စကားပြောရင် ရှေ့သွားထဲမှ လေမထွက်အောင် ထိန်းပြောတတ်သည်။

ခုနက စကားအတွက် တံခွန်က ခေါင်းညိတ်ပြလိုက်သည်။

အောင်စာရင်းက ထွက်ပြီးသွားပြီဖြစ်သည်။ ရွာထဲတွင် ထူးထူးချွန်ချွန်အောင်သူ သိပ်မရှိချေ။ ကျသူကတော့ ခပ်များများ။ ခင်ထွေးလည်း ကျသည်။ ထက်ခေါင်လည်း အပါအဝင်။ ခင်ထွေးကတော့ သူ့ကိုယ်သူ စာမလိုက်နိုင်မှန်းသိဖြင့် မဖြေခင်ကတည်းက ကြိုသိပြီးသား။ ထက်ခေါင်က ဆိုင်ကယ်တစ်စီးနှင့် လတ်လျားလတ်လျား အချိန်ကုန်နေမှတော့ မကျမရှိ။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းမော်က နွားများကို နှင်တံနှင့်ရိုက်သည်။ ထွန်းမော်က နွားကျောင်းထွက်တာကို အဖော်ခေါ်၍ တံခွန်က လိုက်ခဲ့ခြင်းဖြစ်သည်။ ထွန်းမော်၏ နွားတစ်ကောင်က တဘတ်ဘတ်နှင့် မစင်ချေးများ ပါချနေသည်။

"ငါ မင်းကို နှလုံးသားကိစ္စ အကူအညီတောင်းချင်တယ် . . . တံခွန်"

"ကျွတ် . . . မင်းကလည်း . . ."

တံခွန်မျက်နှာကိုရှု့ကာ စုတ်သပ်ပစ်တော့ ထွန်းမော်က မျက်နှာငယ်နှင့် . . .

"ဘာဖြစ်လို့လဲကွ။ သွားခေါ်တဲ့ကောင်က နှလုံးသားကိစ္စ ပြောခွင့်မရှိဘူးလား"

"မဟုတ်ပါဘူးဟ။ မင်းက နှလုံးသားကိစ္စပြောမယ်လို့လည်း ပြောလိုက်ရော မင်းနွားကြီးက ဘတ် ခနဲ ချေးတစ်တုံးပါချရော။ အဲ့ဒီနှစ်ခု အချိန်ကိုက်ဖြစ်သွားတာ မြင်လိုက်ရတော့ ငါ ရုတ်တရက် ရွံသွားလို့ပါကွ။ ကဲ . . . ကဲ . . . ဒီကောင် ချေးပါပြီးမှ မင်းနှလုံးသားကိစ္စ ပြောပါတော့"

တံခွန့်စကားကြောင့် ထွန်းမော် အိုးအိုးအမ်းအမ်း ဖြစ်သွားပါသေးသည်။ ပြီးမှ သေချာပြန်စဉ်းစားပြီး အောင့်သက်သက်ဖြစ်သွားကာ သူ့နွားဖင်ကို နှင်တံနှင့် လှမ်းထိုးသည်။ နွားက ခြေထောက်နှင့်ပေါက်တော့ နောက်ကို ခုန်ရှောင်လိုက်သည်။

သူ့နွား တကယ်ချေးပါလို့ ပြီးမှ . . .

"ငါ့နှလုံးသားကိစ္စပြောလို့ ရပြီလား"

"အေး . . . ပြော . . ."

"ပြောရရင် ငါ မိန်းကလေးတစ်ယောက်ကို ချစ်မိပြီကွ"

"အေး . . . အဲ့ဒါ ဘာထူးဆန်းလဲ။ မိန်းကလေးကိုပဲ ကြိုက်လို့ရမှာပေါ့။ ယောကျာ်းလေးကို ကြိုက်ရင်း မင်း အခြောက်ဖြစ်မှာပေါ့"



"ဟာ . . . စကားကောင်းကောင်းပြောကွာ။ ငါက ရင်ထဲကလာတဲ့အချစ်တွေနဲ့ တိုင်ပင်နေတာနော်"

ထွန်းမော်က သူ့သွားခေါခေါနှင့် လာအိုဗာ လုပ်ပြနေသေးသည်။ ခေါနေသည့် ရှေ့သွားနှစ်ချောင်းကို လက်နှင့်ဖိသွင်းပြီး (တကယ်လည်း ပြန်မဝင်ဘဲ) ဆက်ပြောသည်။

"ငါ အဲ့ဒီ ငါကြိုက်တဲ့ကောင်မလေးကို ပြောဖို့ ရည်းစားစကားတွေကို စာစီထားတယ်။ မင်း တစ်ချက် ဖတ်ကြည့်ပေး"

ဟု ဆိုကာ စာတစ်စောင်ကို တံခွန့်လက်ထဲ ထည့်ပေးသည်၊ တံခွန် စာရွက်ခေါက်ကို ငုံ့ကြည့်လိုက်သည်။ ထွန်းမော်က သွားကို ဖိရင်း နှင်တံကို လွဲနေသည်။

တံခွန်စာကို ဖြန့်ကြည့်လိုက်တော့ . . .

"ဟင် . . ."

စာထဲတွင် ရေးထားသော ထွန်းမော် စိတ်ဝင်စားသည်ဆိုသည့် ကောင်မလေးနာမည်က . . .

". . . နီ . . . နီ . . ."

တံခွန် စာကိုကိုင်လျက် ကြက်သေ သေသွားသည်။ ထိုအချိန် ထွန်းမော် တံခွန့်မျက်နှာကို အကဲခတ်လိုက်သည်။ တံခွန့်အမူအရာကို ကြည့်ပြီး တစ်ချက်ပြုံးသွားသည်။

"ဘာလဲ ငါ့စာထဲမှာ ပါတဲ့နီနီကို ငါတို့သူငယ်ချင်း နီနီလို့ ထင်လို့လား"

"ဟင် . . . မဟုတ်ဘူးလား"

ထွန်းမော်ထံ တံခွန့်အကြည့်က မြန်မြန်ရောက်သွားသည်၊ ထွန်းမော်က

"ငါ့စာထဲက နီနီက မြို့က နီနီကွ။ ငါ့အဖေရဲ့ စီးပွားဘက် မိတ်ဆွေရဲ့ သမီးကိုပြောတာ။ သူ့နာမည်က 'နီနီရွှေစင်' တဲ့။ ငါက အဖျားစွတ်ပြီး နီနီလို့ခေါ်တာ။ ငါ မြို့ကျောင်းကို သွားတက်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီ နီနီ့အိမ်မှာပဲ တည်းရမှာ။ ဟို 'နီနီ့' ကို ပြောတာ မဟုတ်ပါဘူး။ စိတ်မပူစမ်းပါနဲ့ကွာ"

"ငါက ဘာလို့ စိတ်ပူရမှာလဲ"

"တံခွန်ရာ မင်း ဘုရားဖြစ်မှ အုတ်နီခဲကြီးလို လုပ်မနေနဲ့။ ဘာဖြစ်လဲ ယောက်ျား ကြိုက်ရင်ကြိုက်တယ်ပေါ့။ မင်း ဒီလိုစိတ်နဲ့ဆို နောက်ကောက်ကျမယ်"

ထွန်းမော်၏ ခပ်ဆတ်ဆတ် ဝေဖန်ချက်ကြားမှာ တံခွန်က မျက်နှာကို တည်ထားသည်။ ဘာပဲပြောပြော ထွန်းမော်၏စာထဲက 'နီနီ' က ဟို 'နီနီ'မဟုတ်ဘဲ မြို့က 'နီနီ' ဖြစ်နေတာကိုတော့ တံခွန် ကျေနပ်မိသွားသည်။

ထွန်းမော်က တံခွန်ကို အကဲခတ်လျက်ပဲ . . .

"ကဲ . . . ထားပါ။ အဲ့ဒါ အခု အဲ့ဒီ ငါရေးတဲ့စာကို ငါ့ကို ဖတ်ပြကွာ ။ ငါ နောက်တစ်ပတ်မြို့တက်ရင် သူ့ကို ဖွင့်ပြောမလို့ အခုကတည်းက ကျက်ထားချင်လို့။ လက်နှေးလို့ မရဘူးကွ။ အခုခေတ်က ဖူးစာအချစ်ဆိုတာ ဦးရာစနစ် ဖြစ်နေပြီ။ ကဲ . . . ကဲ . . . ဖတ်ပြတော့"

ထွန်းမော်တွင် ထူးခြားချက်ရှိသည်။ သွားခေါ်တာအပြင် နောက်တစ်ချက်ဖြစ်သည်။ သူက စာကျက်လျှင် သူကိုယ်တိုင် အော်ကျက်လျှင် သိပ်မရတတ်။ သူများအော်ကျက်တာ ဖတ်ပြတာကို နားထောင်ရလျှင် အရမြန်သည်။ ထိုအချက်သည် တော်တော်ထူးခြား၏။

ဆယ်တန်းလည်း ဒီနည်းနှင့် အောင်ခဲ့ခြင်းဖြစ်သည်။ တံခွန်တို့ကြက်တောတို့က တကြော်ကြော်အော်ကျက်တာကို ထွန်းမော်က ဘေးက အိပ်ရင်း နားထောင်နေသည်။ တံခွန်တို့မရသေးခင်က သူက စောကာ နားရည်ဝပြီး အလွတ်ရနေပြီဖြစ်သည်။ အကြားနှင့် မှတ်သားရသည်ကို အားသန်ခြင်းဖြစ်မည်။ သီချင်းတွေဆိုလျှင်လည်း နှစ်ခေါက်လောက် နားထောင်လိုက်တာနှင့် ရသလိုလို ဖြစ်သွားသည်။ တံခွန်တို့



လည်း သူ့သွားခေါ်ကြီးသာ မလိုချင်တာ သူဒီမှတ်ဉာဏ်ကိုတော့ အားကျကြသား။

"သြော် . . . အရေးထဲ ငါ့မိုက်ထဲက ရစ်လာသလိုပဲကွ။ ချုံတိုးမှ ဖြစ်မယ်"

"ဒါဆို မင်း ချုံတိုးပြီးမှ ဖတ်ပြမယ်"

"မလုပ်နဲ့မလုပ်နဲ့ အချိန်က အဖိုးတန်တယ်။ ငါ ချုံတိုးနေတုန်း မင်းက အော်ဖတ်ပြ။ ငါက နားစွင့်နေမယ်။ တောလဲထိုင်အပြီး ရည်းစားစာလည်း အလွတ်ရ။ အဲ့လိုအချိန်ကို ကွက်တိ အသုံးချလိုက်မယ်လေကွာ"

"သဘောပဲ"

ထွန်းမော် ခါးပုံစံဖြည်ရင်း ချုံထဲ ပြေးလေတော့သည်။ ချုံထဲ ဝင်ပြီး နေရာထိုင်ခင်းကျတော့ လှမ်းအော်သည်။

"တံခွန်ဖတ်တော့ . . ."

"အေး . . ."

တံခွန် ထွန်းမော်၏ ရည်းစားစာကို မြက်ခြောက်ပင်များပေါ် ထိုင်၍ အော်ဖတ်ပြနေလိုက်သည်။ စာကရှည်သည်။ တစ်ကြောင်းနှစ်ကြောင်း ဖတ်ပြီးရုံနှင့် ဆက်ဖတ်ဖြစ်စေတဲ့ ဆွဲဆောင်မှုလည်း ပါနေသည်။ တံခွန် ခံစားသက်ဝင်စွာ အော်ဖတ်လိုက်သည်။

"နီနီရေ . . .

ငါ နင်နဲ့ တွေ့လိုက်တိုင်း ကမ္ဘာမြေလည်နေတာကို သတိထားမိတယ်။ ငါ့နှလုံးသားလည်း အခွံမာထဲက ထွက်လာတဲ့ သတ္တဝါလေးလိုပဲ တစ်ဖန် ပြန်နုပျိုတယ်။ ကမ္ဘာမြေမှာ ဘယ်သူတွေ ပင်ပန်းနေကြလဲ . . . အချစ်ရယ်။ ငါကတော့ နင်နဲ့တွေ့ရင် နင့်တံလေး နှစ်ဘက်ကားနေတဲ့ လိပ်ပြာတစ်ကောင်လို ကစားစားနားနား ပင်ပန်းမှု မဲ့နေခဲ့တယ်။ တကယ်တော့ ငါ တကယ်ခံစားနေရတာက အဲ့ဒီထက်ပိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုတစ်ညက လပြည့်တယ် . . . နီနီ။ လမင်းက အပြည့်လွန်ပြီး လျှံကျတယ်။ အလင်းနဲ့လုပ်ထားတဲ့ အရည်တွေ တစက်စက်နဲ့ ဖိတ်ကျတယ်။ ငါလေ တစ်နေရာရာမှာ နင် ငိုနေမလားလို့ စိတ်ပူသွားတယ်။ လမင်းဟာ နင့်ပါးတစ်ဖက်နဲ့ သိပ်တူတယ်။ လမင်းရဲ့ ယိုဖိတ်လာတဲ့ စီးကြောင်းတွေကတော့ နင့်မျက်ရည်တွေ ဖြစ်နေမလား။ အဲဒီအတွေးနဲ့ပေါ့။ နင် မငိုရဘူး။ ငါ့ရှေ့မှာကော ငါကွယ်ရာမှာကော နင့်မျက်လုံးတွေကို ငိုဖို့ အသုံးမချစေချင်ဘူး။ နင်လည်း မတောင်းဆိုဘဲ ငါ ကတိပေးချင်နေမိတယ် နီနီရယ်။ နင် မငိုရအောင် ငါ စောင့်ရှောက်ချင်တယ်။

နီနီရေ . . .

ငါ နင့်ကိုချစ်နေတယ် နီနီ။ ချစ်တာကို တခြားစာလုံးနဲ့ ငါ တကယ် အစားမထိုးတတ်တာပါ။ အကယ်၍ ချစ်တယ်ဆိုတဲ့ စာလုံးဟာ ခေတ်မရှိတော့ဘူး။ ဟောင်းသွားပြီဆိုလည်း ငါကတော့ ယုံကြည်လျက်သား ဖြစ်နေပြီနီနီ။ ချစ်တယ်ဆိုတာ ဟောင်းနွမ်းခြင်းမရှိတဲ့ ကျွန်းသေတ္တာတစ်လုံး။ ရိုးစင်းသွားခြင်းမရှိတဲ့ လက်ာအကျီလေးတစ်ထည်လို့လေ။ ဟောင်းတယ်ဆိုလည်း ဟောင်းနွမ်းသွားပါစေတော့ကွာ။ အဲဒီ ရှေးဟောင်းစကားလုံးနဲ့ပဲ နင့်ကို ဆက်ချစ်သွားမယ်။ ဘာကြောင့်လဲဆိုတော့ နင့်ကိုလည်း ငါက ဟိုးရှေးရှေးကတည်းက ချစ်ခဲ့တာမို့ပဲ။

ကန်ထဲမှာ ရေတွေပြည့်နေတော့လည်း နင့်ကို သတိရတယ်။ ရေပြည့်နေတဲ့ ကန်ထဲမှာ ပန်းရောင်ပါးအိုနဲ့ ကြာတွေ ထပွင့်တော့လည်း ပိုသတိရသည်။ အဲဒီကြာတွေပေါ် တောင်ပံကြည်ကြည်နဲ့ ပိုးကောင်တွေ လာနားတော့လည်း သတိရတာပဲ။ ပိုးကောင်ကလေးက ရုတ်တရက် ထပျံသွားတော့ ကြာပန်းလေး လှုပ်လီလှုပ်လဲ့ ကျန်ခဲ့တယ်။ အဲဒီအခါမှာတော့ ငါ အော်ဟစ်ချင်အောင် လွမ်းမိသွားတယ် . . . နီနီရယ်။

မြို့ရောက်တိုင်းလည်း ဆေးဆိုင်တိုင်းမှာ မေးချင်မိတယ်။ သတိရစိတ်ကို ထိန်းတဲ့ ဆေးရောင်းသလားလို့။ သူတို့က ငါ့ကို အရူးလို မောင်းထုတ်ကြမှာပါလေ။



နီနီရေ . . .

နင့်လက်ဖဝါးထဲမှာ တခြားအရာတွေကို ကြာကြာဆုပ်ကိုင်မထားပါနဲ့။ ငါ့အတွက် နေရာတစ်ခု အမြဲချန်ထားပေးပါ။ နင့်လက်ဖဝါးထဲမှာသာ နေရမယ်ဆိုရင် ငါ လောဘကြီးမိမှာပဲ။ ဘယ်လောက်ပဲ နေရာကျယ်ကျယ် 'ကြပ်တယ် . . . ကြပ်တယ်' လို့အော်ပြီး နေရာထပ်ချဲ့၊ ငါက တင်းတိမ်မယ့်ကောင် မဟုတ်ဘူး . . . နီနီ။ ငါ့ကို နေရာကျယ်ကျယ်ပေးပါ။

နောင်ဘဝမှာ နင့်ကို ကျောက်ဆောင်တစ်ခု ဖြစ်စေချင်တယ် နီနီ။ ငါကတော့ ပင်လယ်လှိုင်းတွေ လုပ်မယ်။ လေတိုက်တိုင်း ကိုယ့်ကို ကိုယ်လူးလိမ့် နင်ရှိရာဆီပြေးလာပြီး နမ်းရှိုက်မယ်လေ။ ဒီလို ရှက်ဖွယ်တွေပြောလို့ နင် စိတ်မဆိုးပါနဲ့ဟာ။ နင် စိတ်ဆိုးမှာကိုတော့ ပတ်ကြားအက်တွေက နွေရာသီကို ကြောက်သလိုမျိုး ငါကြောက်တာပါ။

နီနီရေ . . .

ငါ့အတွက် တံခါးကို ခေါ်သံတစ်ခုနဲ့ ဖွင့်ပေးပါလား။ ငါ နင့်ခေါင်းလောင်းခန်းဆီးကို တချွင်ချွင်တိုးဖော့လို့ နင့်ဆီ တစ်လှမ်းချင်း လာချင်တယ်။ ငါဘာဝယ်ခဲ့ရမလဲ။ ဘာမှမလိုအပ်တဲ့ နင့် ရင်ထဲမှာ တစ်ခုခုလိုအပ်မလားလို့ ငါ ဘာဝယ်ခဲ့ရမလဲ။ ဒင်္ဂါးပြားလေးကို ပစ်မြှောက်ဆော့သလို မော့လာတဲ့ နင့်မေးစေ့မှာ ငါ ခံစားနားလည်တဲ့ အဓိပ္ပာယ်တစ်မျိုး ရှိတယ်။ ဒါပေမဲ့ အဲဒါကို ငါ ပြောပြတတ်မှာ မဟုတ်ဘူး။

လွန်လေပြီးသော လူတွေလည်း ဒီတစ်ကွေ့ကို ကျော်ခဲ့ရမှာပဲ၊ အချစ်ဆိုတာ သစ်ကိုင်းတွေပေါ်တင်နေတဲ့ နှင်းခဲတွေလို လှပတယ်၊ အနွေးထည်အထူကြီးထဲမှာ ဝင်နေတဲ့ ကလေးတစ်ယောက်လို အပြစ်ကင်းတယ်။ နီနီရေ . . . ငါ နင့်စိတ်နဲ့ ယဉ်ကျေးချင်တယ်။ ငါ့ကို တည့်တည့်ကြည့်ပါ။ သို့မဟုတ် ငါ့ကို ချောင်းကြည့်ပါ။ ငါ့ရင်ကို မြင်ရင် ငါ့ကို မြင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

နီနီရေ . . .

စုံမဝှက်တမ်းကစားသလို ရင် မထိတ်ချင်ဘူး။ နင်နဲ့ ငါဆုံချင်တယ်။ လမ်းတစ်ခုနဲ့ လမ်းတစ်ခုတစ်နေရာမှာ တိုးဇော့မိတာ သဘာဝပဲ။ ဒီသဘာဝကို နင်နဲ့မှ မလွန်ဆန်ချင်မိတဲ ငါ့ကို အခွင့်အရေးပေးပါလား။ ရွာရဲ့စာခြောက်ရုပ်လို နေပူပူ မိုးသည်းသည်း တာဝန်တွေ ထမ်းဆောင်ချင်လို့ ငါ့ကို ခွင့်ပြုစမ်းပါ။ ခွင့်ပြုပေးစမ်းပါ . . . နီနီ။

နင်နဲ့မှမဟုတ်ရင် လယ်စောင့်တဲတစ်လုံးကို အဖော်မဲ့နေရမယ့်ဘဝမျိုးတွေ ရှိလာမယ်။ လေညင်းထဲမှာလည်း ရက်စက်တဲ့ ငှက်တွေ ပျံလာကြလိမ့်မယ်။ ချောင်းထဲကလည်း လှောင်ပြောင်တတ်တဲ့ ငါးတွေ ထခုန်ကြလိမ့်မယ်။ ဒီလိုအဖြစ်မျိုးတော့ လက်တစ်ဆုပ်စာတောင် ငါ မကြုံချင်ဘူး။

နီနီရေ . . .

နှားနဲ့မကြား၊ ရင်နဲ့ကြားပြီး ငါ့မေတ္တာတရားကို ယူပါ။ မှန်တဲ့စကားကို ချိုတယ်၊ ခါးတယ် အရသာ ခွဲမနေပါနဲ့တော့။ ရင်နဲ့ ရင်ဆိုင်၊ ရင်နဲ့ ဆုံးဖြတ်ခဲ့ပါ။ ငါတို့တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ဘာမှမခြားချင်တော့ဘူး။ ငါတို့ အမြဲအတူတူ ရှိပါရစေ”

စာက အခုမှ ဆုံးသည်။ စာကရှည်ပေမဲ့ ဖတ်ရတာတော့ မမောပေ။ အထဲက စာသားတွေကို တံခွန်သဘောကျသည်။ ထွန်းမော်ကို ဘယ်သူရေးပေးလိုက်လဲမသိ။ ထွန်းမော် ဦးနှောက်သက်သက်နှင့်တော့ ဒီလိုစာသားတွေကို အာရုံခံနိုင်မည်မဟုတ်ကြောင်း တံခွန် အတပ်သိသည်။

ချုံထဲက ထွန်းမော် ထွက်မလာသေးပေ။ ထို့ကြောင့် တံခွန် နောက်တစ်ခေါက် အော်ဖတ်သည်။ ဒီတစ်ခေါက် အော်ပြီးတော့လည်း ထွန်းမော် ထွက်မလာသေး။ ထို့ကြောင့် နောက်တစ်ခေါက် အော်ဖတ်လိုက်ပြန်သည်။



“. . . ငါ့နှလုံးသားလည်း အခွံမာတဲက ထွက်လာတဲ့ သတ္တဝါလေးလို . . . လမင်းဟာ နင့်ပါးတစ်ဖက်နဲ့ သိပ်တူတယ် . . . နီနီရေ ချစ်တယ်ဆိုတာ ဟောင်းနွမ်းခြင်းမရှိတဲ့ ကျွန်းသေတ္တာလေးတစ်လုံး . . ငါ အော်ဟစ်ချင်အောင် လွမ်းမိသွားတယ် . . . နီနီရေ။ နင့် လက်ဖဝါးထဲမှာသာ နေရမယ်ဆိုရင် ပတ်ကြားအက်တွေက နွေရာသီကို ကြောက်သလိုမျိုး။ နီနီရေ . . . လွန်လေပြီးသော လူတွေလည်း ဒီတစ်ကွေ့ကို နီနီရေ . . . ငါတို့ အမြဲအတူတူရှိပါရစေ”

စာဆုံးတော့ တံခွန် ခဏနားလိုက်သည်။ ချုံထဲက ထွန်းမော် ထွက်မလာသေး။ သို့သော် ထိုအချိန်ပဲ အနောက်ဆီက အသက်ရှူသံလို ခပ်တိုးတိုး တံခွန်ကြားမိသည်။ သူ လှည့်ကြည့်မိသွားသည်။

“ဟင် . . .”

သူ့နောက်တွင် ရပ်နေသူက နီနီ။ ထွန်းမော်ရဲ့ မြို့က နီနီမဟုတ်၊ ရွာက နီနီပဲ။ တံခွန်၏ အနောက်ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် နီနီ။

နီနီမျက်နှာ တစ်မျိုးဖြစ်နေသည်။ နီနီမျက်နှာတစ်ခုလုံး နီရဲမှုတွေ ဖြာနေသည်။ တုန်တုန်ရီရီ မျက်လုံးများနှင့် တံခွန့်ကို ကြည့်နေသည်။ နီနီ့အမူအရာတွေ တစ်မျိုးဖြစ်နေတာကို တံခွန် သိလိုက်ပြီ။ နီနီ ဘယ်အချိန်က သူ့နောက်ရောက်နေတာလဲ။ သူဖတ်နေသော စာကိုကော ကြားသွားပြီလား။ နီနီ့မျက်နှာက အရှက်လွန်ပြီး အနည်းငယ်ကြောက်သည့်ဘက်ပင် ရောက်နေသည့် မျက်နှာမျိုး။

တံခွန် ထိုင်ရာက ထလိုက်သည်။ နီနီ ဘာဖြစ်နေမှန်း သူသိသလိုလို သူ့ဘက်က တစ်ခုခုရှင်းပြဖို့ လိုသလိုလို . . .

“နီနီ . . .”

“နင် . . . နင် . . . မကောင်းဘူး . . . တံခွန်”

သူ နာမည်ခေါ်လိုက်စဉ်ပင် နီနီ့ဘက်ကလည်း အသံတုန်တုန်နှင့် စကားစပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ . . . ငါကတော့ နင် ပိုးထိလို့ဆိုပြီး အပြေးလာခဲ့ရတာ။ နင်ကတော့ ဒီရောက်တော့ ဘာစကားတွေပြောမှန်း မသိဘူး။ နင် . . နင် . . . တကယ်မကောင်းဘူး . . ."

"ပိုး . . . ပိုး . . . ထိ . . . လို့ . . ."

တံခွန်တောင် အူကြောင်ကြောင် ဖြစ်သွားသည်။ နီနီက မျက်လုံးကို အောက်ချလျက် . . .

"ကျွတ် . . . ခင်ထွေးတို့ . . . အေးရီတို့လည်း မကောင်းဘူး။ နင် ပိုးထိလို့ဆိုပြီး အပြေးလာပြောကြတယ်။ ဟန်ဆောင်ကောင်းလိုက်ကြတာ။ ဉာဏ်တိုးတို့၊ ကြက်တောတို့လည်း မြို့တက်ဖို့ ထော်လာဂျီ သွားခေါ်နေကြပြီတဲ့။ ငါ့ကို အားလုံး လိမ်ပြောကြတာပဲ"

" . . . . "

တံခွန်လည်း မျက်နှာပူသွားသည်။ အခြေအနေကိုလည်း ရိပ်မိသလိုတော့ ရှိသွားသည်။

"နင် . . . နင် . . . ဒီလိုကြံစည်တာ လုံးဝ မကောင်းဘူးဟာ။ ငါ . . . ငါ . . . သွားမယ်"

နီနီ နောက်လှည့် ထွက်ပြေးပါတော့၏။

တံခွန် ဘာလုပ်ရမှန်းမသိ။ နီနီ့နောက် ပြေးလိုက်ရမလား။ မလိုက်ရဘူးလားမသိ။ အူကြောင်ကြောင် ဖြစ်နေသည်။ 'ဟော့ . . . နီနီ . . . နီနီ' ဟုတော့ လှမ်းခေါ်ဖြစ်သေး။

နောက်မှ သတိဝင်ပြီး ချုံထဲ ပြေးဝင်ကြည့်သည်။ ထွန်းမော်ကား မရှိတော့ပါချေ။ ထွန်းမော် စွန့်ထုတ်ခဲ့သော် မစင်ပုံလည်း မတွေ့ရပါချေ။

• • •



နွားတွေကို သေချာလှန်ပြီးမှ တံခွန် ထွန်းမော်ကို အရှာထွက်ခဲ့သည်။ တွေ့လိုကတော့ ရွှေသွားနှစ်ချောင်းကို ချိုးပစ်မည်။ ရွာရိုးကိုးပေါက် ချောင်းတစ်လျှောက် ရှာဖွေခဲ့ရာ အတော်ရှာရပြီးမှ မြစ်ကမ်းဘေးက သစ်ပင်ရိပ်တွင် ကြက်တော၊ ဉာဏ်တိုးနှင့် ထွန်းမော်တို့ ထရည် (ထန်းရည်)တစ်မြူနှင့် အူမြူးနေသည်ကို တွေ့ရသည်။

တံခွန့်ကို တွေ့တော့လည်း ထွက်မပြေးကြချေ။ တဟားဟားရယ်လျက် ကြိုဆိုနေကြသည်။ တံခွန် ပုဆိုးကို တိုတိုဝတ်ရင်း ဒီကောင်တွေကြားထဲ ဝင်ခဲ့ကာ . . .

"ဟေ့ကောင် . . . ထွန်းမော်၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ။ ဘာတွေလုပ်ထားတာလဲ"

ထွန်းမော်က ရွှေသွားကိုမဖိဘဲ တခွီးခွီး ရှဉ့်သိုးကြီးလိုအသံမျိုးနှင့် ရယ်နေသည်။ ပြီးမှ . . .

"စိတ်လျှော့ . . . စိတ်လျှော့ . . . ဒေါသလေးကို သျှောင်တစ်ထုံးစာလောက် လျှော့လိုက်။ ဉာဏ်ကောင်းတဲ့ ဉာဏ်တိုးက မင်းသိချင်တာကို ရှင်းပြလိမ့်မယ်"

ထွန်းမော်က လျှော့ဆိုပေမဲ့ ဒေါသဆိုတာ စက်ဘီးကျွတ်ထဲကလေလို အရစ်လေးလှည့်ပြီး လျှော့ချင်သလို လျှော့လို့ရသည့် အရာမဟုတ်။ ဒေါသဖြစ်ခဲ့သည့် တံခွန် ဒေါသထွက်နေသည်ကို ဟိုသုံးကောင်က သဘောကျနေသည်။

ဉာဏ်တိုးက တံခွန့်ကိုပခုံးဖိကာ ထိုင်ခိုင်းလိုက်ပြီး . . .

"ငါ ရှင်းပြပါ့မယ်။ ဒါတွေက အားလုံး ငါ့ ဗျူဟာတွေပါကွ။ ငါက ဉာဏ်ကောင်းတဲ့ကောင်ဆိုတော့ ငါပဲ စီစဉ်လိုက်ရတာပေါ့ကွာ။ မင်းနားလည်အောင် သေချာ ရှင်းပြရရင်တော့"

အားလုံးက နီနီနှင့် တံခွန်ကို ဇာတ်လမ်းလုပ်ရန် တိုင်ပင်ထားကြခြင်းဖြစ်သည် နီနီနှင့် တံခွန် သမီးရည်းစားဖြစ်သွားရန် ကြားထဲမှာ စည်းပါးပါးလေးသာရှိသည်။ သူငယ်ချင်းဆိုသည့် စည်းလေး။ နှစ်

www.burmeseclassic.com

ယောက်စလုံး လူပျိုလူလွတ် ကာလသားသမီးအရွယ်တွေမို့ ထိုစည်းကို ကျော်ခွင့်ရှိသည်။ နီနီကတော့ ပါးကွက်ဖြူဖွေး မိန်းကလေးဆိုတော့ စတင်ကျော်မည်မဟုတ်။ တံခွန်ကလည်း သူချည်းသက်သက်ဆိုလျှင် ဘုရားရှေ့က ခြသေ့်ကြီးကို တုတ်တုတ်လှုပ်မည်မဟုတ်။ ထို့ကြောင့် ကြားလူများကသာ ရင်ထဲက အမြင်မတော်တော့၍ စီစဉ်ကြတော့သည်။

ဉာဏ်တိုးက ခေါင်းဆောင်ပြီး စီစဉ်သည်။ ရည်းစားစာကို ကြက်တော ထွန်းမော်နှင့် ဉာဏ်တိုးတို့သုံးယောက်ပေါင်းကာ ညစ်ကုန် ညှစ်ထုတ်လိုက်ကြသည်။

စာရတော့ ထွန်းမော်က နွားကျောင်းသွားမည့်ဟန်နှင့် တံခွန့်ကို အဖော်လာခေါ်သည်။ ရွာပြင်ခေါ်ထုတ်လာသည်။ ပြီးလျှင် သူတို့ရည်းစားစာကို အော်ဖတ်လာအောင် ကြံစည်လိုက်သည်။ ထိုအချိန် ဉာဏ်တိုး စည်းရုံးမှုနှင့် အဖွဲ့ထဲပါလာသော ခင်ထွေးနှင့် အေးအေးရီကို နီနီ့ဆီ လွှတ်လိုက်သည်။ တံခွန် ပိုးထိလို့ဟု လီဆယ်ခိုင်းလိုက်သည်။ နီနီက ပျာပျာသလဲ ရွာပြင်လိုက်လာသည်။

စီစဉ်ထားသည့်အတိုင်း အံဝင်ခွင်တည့်ဖြစ်ကုန်လာသည့်နောက် နီနီရှက်သွားသည်။ ဒါ ရင်ခုန်သွားခြင်းဖြစ်သည်။ တံခွန်က ပထမ အူကြောင်ကြောင်ဖြစ်သည်။ နောက်တော့ ဒေါသထွက်ကာ လိုက်ရှာရင်း အခု ဒီတောင်ရောက်လာခဲ့ပြီ မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် မကြာခင် နီနီနှင့် တံခွန့်ကြား ထူးခြားမှုတွေဖြစ်ပေါ်လာတော့မည်ကတော့ သေချာသည်။ ခြားထားသည့် စည်းကလေး အချိန်တန်စွာ ကွယ်ပျောက်တော့လေမလား။

“ဟာ . . . မင်းတို့ကကွာ . . . လုပ်ချလိုက်ပြီ”

“လုပ်တယ်၊ လုပ်တယ် . . . တံခွန်။ မလုပ်ရင် မင်းပုံစံနဲ့ နီနီ့ကို လက်လွှတ်ရကိန်း မြင်တယ်။ မင်း လက်လွှတ်တာကို ငါတို့ မမြင်ချင်သလို ထက်ခေါင် လက်ဝယ်ပိုင်ဆိုင်သွားမှာကိုလည်း ငါတို့ မလိုလားဘူး။ ဒါကြောင့် ငါတို့ စီစဉ်သင့်တာ စီစဉ်လိုက်တာပဲ”



ဉာဏ်တိုး စကားအဆုံး ထွန်းမော်က လက်မထောင်သည်။ ကြက်တောကလည်း ထန်းရည်ထည့်ထားသည့် ဝါးဆစ်ခွက်ကို ပင့်မြှောက်ပြကာ ထောက်ခံသလို အမူအရာ ပြပြီးမှ မော့ချသည်။

တံခွန်က . . .

“ဟာကွာ . . . ထွန်းမော်စာထဲက နီနီက မြို့ပေါ်က ထွန်းမော်ရဲ့ နီနီဆို”

“ဟာ . . . ဒီလောက်ရှင်းပြပြီးပြီ။ မြို့မှာ ဘာနီနီမှ မရှိဘူး။ နီနီအပြင် ပြာပြာ၊ ဝါဝါ၊ စိမ်းစိမ်း တစ်ယောက်မှမရှိဘူး”

တံခွန် အင်မတန် ခေါင်းရှုပ်သွားသည်။

“ဟာကွာ . . . ငါက ဘာလုပ်ရတော့မှာလဲ”

“နီနီ့ရည်းစား လုပ်ရမှာလေ”

တံခွန် ရှုပ်ထွေးနေသည်။ သူသည် သူ့ကိုယ်သူ သိသည်။ လောကအပေါ် အလိုလို ငြီးငွေ့ချင်နေတတ်သူတစ်ယောက်ဆိုတာ သူ့ကိုယ်သူသိသည်။ ဒီလိုလူက နီနီ့ကိုပျော်အောင် ထားနိုင်ဖို့ သေချာပါ့မလား။

ဉာဏ်တိုးက ပခုံးပုတ်သည်။

“မင်း စိတ်အေးအေးထား။ အသက်ဖြည်းဖြည်းရှူ။ ဖြည်းဖြည်းမှုတ်ထုတ်။ အဲ့လို ငါ ပြောသလို လေးငါးခါလုပ်လိုက်”

တံခွန် ဉာဏ်တိုးပြောသလို လုပ်လိုက်သည်။ စိတ်ငြိမ်သွားမှ ဉာဏ်တိုးက ထပ်ပြီး . . .

“မင်းက လက်တွေ့နဲ့ တရားနည်းလမ်းကျချင်တဲ့ ကောင်ဆိုတော့ ငါပြောမယ်။ မင်း သူများကို ညာတာပဲအပြစ်လို့ မမြင်နဲ့။ မင်းကိုယ်မင်း ညာနေတာတွေကလည်း မင်းကိုယ်မင်း ခွင့်လွှတ်နေတတ်တဲ့ အပြစ်တွေပဲကွ။ မင်းရင်ထဲကို မင်းစိတ်နဲ့ သေချာခံစားကြည့်စမ်း။ မင်း နီနီ့ကို မချစ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com

ညဏ်တိုးက လေးလေးနက်နက်ပြောသည်။ ကြက်တောနှင့် ထွန်းမော်ကလည်း တံခွန့်ကို အတည်ကြီး ကြည့်နေသည်။

တံခွန်ညဏ်တိုးပြောသလို ကိုယ့်စိတ်ကို ကိုယ်သေချာခံစားကြည့်သည်။ နီနီမျက်နှာလေး တရေးရေး ပေါ်လာသည်။ ရင်ထဲတွင် သာယာလာသည်။

တံခွန် ချက်ချင်း ရှေ့က ထန်းရည်မြူအိုးကို ကောက်မော့လိုက်သည်။ အသောက်အစားနှင့် ဘာမှမဆိုင်သလို နေတတ်သော တံခွန်က ရုတ်တရက်ကြီး ကောက်မော့လိုက်တော့ ကျန်သုံးယောက် မျက်လုံးအပြူးသား ဖြစ်သွားသည်။

ပါးစပ်ထဲက လျှံကျလာသော ထန်းရည်တွေကို လက်နှင့်ဖြစ်သလို သုတ်လိုက်ပြီးမှ . . .

"ဟုတ်တယ် . . . ငါ နီနီ့ကိုချစ်တယ်"

ကျန်သုံးကောင် တံခွန့်အမူအရာနှင့် အပြောကို ကြောင်နေကြသည်။ ပြီးကာမှ တိုင်ပင်လည်း မထားဘဲ ဟေး . . . ခနဲ ထအော်ကာ ပျော်နေကြလေသည်။

"ဟေး . . . ငါတို့ရဲ့ ဒုက္ခရစရိယာ အုတ်နီခဲကြီး ရင်ဘတ်ကြီး ပွင့်လာပြီကွ"

"ဂွဟား . . . နောက်တစ်မြူ ထပ်ချမယ်ကွ"

ထွန်းမော်နှင့် ညဏ်တိုးက အသံသေးအသံကြောင်နှင့် အော်ကြသလို ကြက်တောက မျောက်လို ထကလေတော့သည်။

• • •

"နင်ပြောတဲ့ ရည်းစားစကားက ထူးဆန်းသလိုပဲတဲ့။ သူ တစ်ခါမှ မကြားဖူးတဲ့ စကားလုံးတွေနဲ့ နင်က ပြောခဲ့တာတဲ့။ ငါ သူ့ကို မငြင်းချင်ပါဘူးတဲ့။ ဒါပေမဲ့ ငါက သူ ပိုးထိတယ်ဆိုပြီး စိုးရိမ်ပြီး ပြောလာတာ။ သူက ဒီရောက်တော့ ရည်းစားစကား ကြိုပြောနှင့်နေတော့ လူကို



ထူပူသွားတာပဲတဲ့။ နေရခက်လိုက်တာတဲ့။ အဲ့ဒီအတွက်ကိုတော့ နည်းနည်းစိတ်ဆိုးတယ်တဲ့"

" . . . . . "

"ရှေ့လပြည့်နေ့ကျမှပဲ ရွာဘုရားပွဲမှာ အဖြေပေးတော့မယ်တဲ့။ ဒီကြားထဲတော့ ငါ ရှက်လို့ ပုန်းပဲနေတော့မယ်တဲ့။ ချက်ချင်းကြီး တောင်းရမ်းတာမျိုးတွေတော့ သူ့ဘက်က မလုပ်ပါဘူးနော်တဲ့။ ငါတို့က ငယ်ငယ်ကလေးပဲ ရှိသေးတာတဲ့။ ငါ့အဒေါ်တွေကလည်း သူနဲ့ဆိုရင်တော့ ခက်ရဦးမှာဟ။ သူတို့က လောဘကြီးတယ်လေဟာတဲ့။ ငါ့အဒေါ်တွေနဲ့လည်း သူ့ကို ထိပ်တိုက် မတွေ့ချင်သေးဘူးဟ။ သူက ခိုးမယ်တွေဘာတွေပြောရင်တော့ ငါလိုက်မှာမဟုတ်ဘူး။ ငါ အဲ့လိုလုပ်တာ သဘောမကျဘူးတဲ့။ အင်း . . . ဒါပေမဲ့ သူက အဲ့ဒီလို မိုက်ရူးရဲမဆန်ပါဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ စိတ်ရှည်ပါတယ်တဲ့။ ငါစောင့်မှာပါတဲ့။ ဟဲ့ . . . မိန်းမတွေ . . . ခင်ထွေးရော အေးရီရောနော်တဲ့။ ငါအခုပြောတဲ့စကားတွေကို သူ့ကို သွားပြန်မပြောနဲ့နော်တဲ့။ ကဲ . . . အဲ့ဒါအကုန်ပဲ နီနီပြောတာ"

"ဟင်း . . . ပြန်မပြောလို့ပဲ တော်တော့တယ်။ နင်တို့ဟာ တစ်ခွန်းမကျန်"

"ဒါကတော့ ပို့မယ်ပို့ ကူးတို့ထိ ပို့ပေးတဲ့ သဘောပေါ့ဟဲ့ ဖေါက်ခေါ်ရဲ့"

မိန်းမသားချင်း ပြောခဲ့ကြသည့် စကားတွေကို အေးရီနှင့် ခင်ထွေးက အခု တစ်လုံးစီ အထစ်အငေါ့မရှိဘဲ လာသတင်းပို့နေသည်။

နီနီ့ဘက်က စိတ်ကိုသိရတော့ တံခွန် ဝမ်းသာမိသည်။

"ငါ အခု ဘာလုပ်ရင် ကောင်းမလဲ"

တံခွန်ကမေးတော့ ကြက်တောက . . .

"အခု မင်းလုပ်ရမှာက သူ့အပေါ်ထားတဲ့ မင်းရဲ့အချစ်ကို အဆက်မပြတ် သူသိအောင် ပြသနေဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ကြက်တောပြောတာ မှန်တယ်။ အဲ့ဒါကြောင့် ငါ ကြို့ပင်ကုန်းဘက်က ငါ့အစ်ကိုဆီက ဘင်ဂျိုတောင် ငှားခဲ့ပြီ"

ထိုရက်ပိုင်းညတွေမှာ ရွာထဲ ဘင်ဂျိုသံ တဒေါင်ဒေါင် ကြားရလေတော့သည်။ ထွန်းမော်၏ ဘင်ဂျိုသံကြား ကြက်တောက လင်ကွင်းကြီးကို 'ဝှမ်း . . .' ခနဲတီးပြီး ဝင်ရှိုင်းသေးသည်။ ဉာဏ်တိုးကတော့ သူတို့ဂီတကြောင့် ထွက်ဆွဲသော ခွေးမှန်သမျှကို လေးခွလက်ဆွဲကာ ကာကွယ်ရတော့သည်။ ဘင်ဂျိုသံကြားလျှင် ထရံပြတင်းပေါက်ကို မြန်မြန်ပိတ်လို့ ကျောမှီကာ နီနီ ရှက်ခဲ့ရပါသည်။ ပြီးတော့ ပျော်သည်။

နောက်တစ်ခါ လပြည့်တော့ နီနီက ပွဲဈေးတန်းရှိ အိုးပုတ်ဆိုင်ကလေးနံဘေးတွင် အဖြေပေးခဲ့ပါသည်။ ထိုညက ပွဲဈေးတန်းရှိ ရိုးရာမုန့်ပူပူလေးတွေ အကုန် ချိုမြိန်လွန်းနေခဲ့လိမ့်မည်။

သို့သော် ရည်းစားဖြစ်ပြီးနောက်ပိုင်း သူတို့ သမီးရည်းစားလို ပီပီပြင်ပြင် ချိန်းတွေ့ရတာမျိုး တစ်ခါမှမရှိ။ နီနီကလည်း အဒေါ်တွေ ခိုင်းသမျှကို မနားရအောင် လုပ်နေရပြီး တံခွန်လည်း အိမ်စရိတ်အတွက် ရွာနှင့်မြို့သို့ ဆွဲသည့်ကားတွင် ယာဉ်အကူလုပ်နေရသဖြင့် မအားလှပါ။ လမ်းမှာ ဈေးမှာ၊ အလှူတွေ ဘာ့တွေရှိမှ လူမြင်ကွင်းမှာ တွေ့တာသာများသည်။ သူငယ်ချင်းတွေ အိမ်မှာ ခိုးတွေ့တာတောင်မှ ခဏလေးပင် အချိန်ရပါသည်။

ချိန်းတွေ့သော အခါတွင်လည်း တံခွန်ကလည်း အေးစက်တတ်သလို နီနီကလည်း အရှက်ပိုတတ်သည်မို့ သူတို့ဆက်ဆံပုံက မတုန်မလှုပ်နှင့်။ သူငယ်ချင်းဘဝက ပုံနှင့် သိပ်မကွာဟခဲ့ပါ။ သို့သော် သူတို့ တစ်ယောက်နှင့်တစ်ယောက် မေတ္တာတရားကို ယုံကြည်ခဲ့ကြတာတော့ သေချာပါသည်။

ထိုသို့ . . . သေချာခဲ့ပါသည်။



**(8)**

နီနီ မျက်ရည်တွေ ခဏကုန်သွားပြီထင်သည်။ မျက်လုံးများတွင် မစိုစွတ်တော့။ မျက်နှာတစ်ခုလုံး မျက်ရည်ခြောက်တွေဖြင့် ဟင်းကြပ်စေးထန်နေသည်။

လဲလျောင်းဝိုင်နေရာမှ သူမ ထလိုက်သည်။ သည်အချိန် သူမကိုယ်သူမ မှန်ထဲကြည့်လိုက်လျှင် စိတ္တဇအငွေ့အသက်တွေ ရနိုင်မည်ထင်သည်။

"ငါ . . . ငါ . . . ငါ . . . ဘာလုပ်ရမှာလဲ"

တစ်ယောက်တည်း ဖြေသူမဲ့စွာ မေးမိသည်။ ပြတင်းပေါက်က လှမ်းမြင်ရသည့် တိမ်တွေက သူမကို ကြည့်နေသလို ထင်မိသည်။ တိမ်တွေကလည်း သူမ၏အမေးကို မဖြေပါ။

ခဏကြာတော့ မျက်ရည်တွေ ပြန်ပြည့်လာပြီထင်သည်။ မျက်ရည်တွေ ထပ်ကျလာသည်။ တစ်ယောက်ယောက်က တံခါးလာထုသေးသည်။ နေမကောင်းလို့ဟု သူမ ပြန်ပြောလိုက်သည်။ ပြီးတော့ ထပ်ငိုသည်။

ထာဝရ ဝေးကြပြီ။ ထာဝရ . . . ထာဝရ ဝေးကြပြီ။

ထိုအသိက ရင်ကို ဓားနှင့် ရိုက်သည်။ ဘယ်လောက်ဆိုးရွားသော အသိပါလဲ။ သူမ ငိုရင်း အတွေးတွေ ခေါင်လာသည်။ ပြီးတော့ ကြောင်လာသည်။ ထိုအသိကို မမှန်ဟု သူမ ထင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . ထာဝရဝေးတယ်ဆိုတာ မဖြစ်နိုင်ဘူး။ ငါတို့နှစ်ဦးစလုံး အသက်ရှိနေသေးတာပဲ။ ငါလည်း လက်ထပ်ရသေးတာ မဟုတ်ဘူး။ မနက်ဖြန်မရောက်ခင်အထိ ငါ့ကို ဘယ်သူမှ မပိုင်သေးဘူး။ ငါ ဘယ်သူ့မယားမှ မဟုတ်သေးဘူး။ သူလည်း လူထွက်လို့ မရတာမှမဟုတ်တာ။ သူလည်း ပြင်လို့ရသေးတာပဲ။ ဟုတ်တယ် . . . ဟုတ်သားပဲ။ ငါ . . . ငါ ဘာလို့ ကြောက်နေရမှာလဲ"

သူမ တွေးမိလာသည်။

ချက်ချင်း စာရေးစားပွဲမှာ ပြန်ထိုင်သည်။ စာရွက်တစ်ရွက်ကို ထုတ်လိုက်သည်။ ထိုစာရွက်ပေါ် ဘောလ်ပင်ကို ထောက်သည်။ စာရေးရတော့မည်။ သူမ သူ့အတွက် စာတစ်စောင်ရေးရမည်။ သူ့ကို သူမနှင့် ပြန်စွန့်စားဖို့ ခေါ်ရမည်။ သူ့ကို သူမဆီပြန်လာစေမည့် စာတစ်စောင် သူမ ရေးမည်။ လောကမှာ ပြင်လို့မရတာ ဘာမှမရှိ။ အချိန်ရှိသေးသည်။ သူမအတွေးတွေ ပြင်းထန်လာခဲ့ပြီ။

သို့

တံခွန် . . .

ရေးပြီး လုံးချေလိုက်သည်။ မဖြစ်။ တံခွန်လို့ ခေါ်ရန် မသင့်တော့။

သို့

ဦးဇင်း . . .

ဒါလည်း မဖြစ်သေး။ သူက ဦးဇင်းလား၊ ကိုရင်လား မသိသေး။ အခေါ်အဝေါ်က အရေးမကြီးဘူးထား။ 'သို့ . . . ဦးဇင်း . . .' ထိုသို့ ရေးပြီးလျှင် သူမ ဆက်ရေးထွက်တော့မည်မဟုတ်။ ဘောလ်ပင်နှင့် ထိုးချေခြစ်ပြီး လုံးချေလိုက်သည်။



သို့

. . . . .

ဘာအခေါ်အဝေါ်မှ ထည့်မရေးဘဲ ရှောင်ရေးမည်။ လိုရင်းပဲ ရေးချလိုက်မည်ဟု သူမတွေးသည်။ သို့သော် ထိုလိုရင်းကို သူမ ဘယ်လိုရေးရမလဲ။ 'လူထွက်ပြီးလာခဲ့ပါ' ။ မဖြစ်။ ဒါ ဖတ်ရခက်မည်။ ထိရောက်မှုမရှိ။ ဒီလိုစာလုံးလောက်နှင့် သူ ပြန်လာချင်မည်မဟုတ်မှန်း သူမ သိသည်။ တံခွန့်စိတ်ကို တုန်လှုပ်ဖို့ ဒီထက်ပိုလိုအပ်မည်။

သို့

. . . . .

ထိုအနေအထားမှာပင် စာက တန့်နေသည်။

ဘောလ်ပင်က တုန်နေသည်။ လက်က တုန်နေသည်ကိုး။ ရေးချင်ပြီ။ ရေးချင်နေသည်။

နံရံပေါ်က နာရီဝိုင်းထဲတွင် လက်တံအတိုက တစ်ဆယ်။ လက်တံအရှည်က တစ်ဆယ့်နှစ်။

ရေးချင်ပြီ။ တစ်ခုခု စဉ်းစားစမ်း။ သူ့စိတ်ကို တုန်လှုပ်စေမယ့် စာလုံးတွေ။ မိမိချစ်သူကို မိမိပြန်ခေါ်နိုင်မည့် စကားလုံးကိုတောင် မိမိ စဉ်းစားမရဘူးလား။ 'မိမိချစ်သူက သာမန်လူဝတ်မှ မဟုတ်တော့တာ' ထိုအသိကလည်း တောက်လျှောက်ဝင်လာသည်။ အိုး . . . ဒါတွေ မသိချင်ပါဘူး။ လိုရင်းသာ ပေးပါ။

နံရံပေါ်က နာရီဝိုင်းထဲတွင် လက်တံအရှည်က နံပါတ်လေး၊ လက်တံအတိုက တစ်ဆယ်ကျော်ကျော်။

"အဟင့် . . . ဟင်း . . . အား . . ."



www.burmeseclassic.com

www.burmeseclassic.com

နီနီ အံကြိတ်ငိုချမိပါတော့သည်။

သူမ စဉ်းစားလို့ မရတော့ပါ။ ကြံရာမရတော့ပါချေ။

ဘယ်လိုဘဝမျိုးမှာ လာရောက်နေရတာလဲ။ သူမ ဘောလ်ပင်ကို လည်မျိုဆီ ထိုးသွင်းပစ်ဖို့တောင် လက်မြှောက်မိသည်။ သို့သော် မျက်ရည်ပူတွေ လိမ့်ကျလာတော့ သူမ မျက်နှာမှောက်ပြီးသာ ငိုချမိပါတော့သည်။

သူမ အမှောင်မှာ ပိတ်ဆို့ခံရသူပမာ။

• • •

တကယ်တော့ သူမလိုချင်သည့်ပုံစံ စာလုံးက ရှိနေပါသည်။ သူမ ပြန်ရှာမတွေ့လို့သာ။



## (၄)

မြစ်ကို အပေါ်စီးမှ ကြည့်ပါ။ ပွဲတော်လှေကလေးများကို တွေ့ရမည်။ ထိုလှေများမှလည်းကောင်း၊ ကမ်းခြေရွာတွေမှလည်းကောင်း လွှတ်မျှောလိုက်သော မီးခွက်ကလေးများကိုလည်း မီးစာကလေး တယိမ်းယိမ်းနှင့် မြစ်၏ မြူခိုးများကြား တွေ့ရဦးမည်။

တစ်ဖက်ရွာတွင် ပွဲတော်ရှိသည်။ ထိုပွဲတော်က ဒီဒေသတစ်ခွင်တွင် အစည်ကားဆုံး ဘုရားပွဲတော်ပေတည်း။ ထိုရွာသို့ လှည်းလမ်းရှိပါသည်။ ကားငယ်လမ်းရှိပါသည်။ သို့သော် လှေလမ်းက ပိုသင့်သည် မီးမျှောပွဲမှ သင်းကွဲလာသော ကော်ဆီမီးခွက်ကလေးများကို လမ်းမှာ တွေ့ရနိုင်သည်။ မြူခိုးတွေကြား လှေစီးရတာ ချမ်းအေးပေမဲ့ ရင်ဖိုစရာကောင်းကြောင်း စီးဖူးသူမှ သိပေလိမ့်မည်။ မြူတွေကြားမှ ကြယ်တွေကို လှမ်းကြည့်ရသည်မှာလည်း ရင်သပ်ရှုမောစရာ ကောင်းလိမ့်မည်။ လွန်ကျူး ပိုမိုစွာ မဖွဲ့ဆိုကြောင်း ကိုယ်တိုင်ကြုံတွေ့ဖူးသူတွေ သိလိမ့်ပေမည်။

ခင်ထွေးနှင့် နီနီသည် မုန့်လုပ်ရမည့် အဆာပလာတွေ၊ ဆန်ထုပ်နှင့် ဟင်းစားထုပ်တွေကို လှေပေါ်တင်နေကြသည်။ ဒန်အိုး၊ ဒန်ခွက်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဖျာတွေနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို အကျစ်လျစ်ဆုံး နေရာချကြသည်။ ဒန်အိုးဒန်ခွက်တွေက ပွဲကြည့်ရင်း ကိုယ်တိုင် ချက်ပြုတ်စားဖို့ကော ပွဲဈေးတန်းမှာ မုန့်လုပ်ရောင်းဖို့အတွက်ရော ဖြစ်သည်။ ပွဲတော်က သုံးလေးရက်ကြာမည် မဟုတ်ပါလား။

လှေက နှစ်စီးထွက်မည်။ နီနီနှင့် ခင်ထွေးက ဘကြီးချိုခတ်သည့်လှေနှင့် လိုက်ပါမည်။ အရီးရွှေတင်နှင့် ဖိုးတေက တစ်စီးဖြစ်သည်။ ပစ္စည်းပစ္စယတွေက လှေနှစ်စီးနှင့်မှ ကောင်းကောင်းလောက်သည်။

နီနီ့ကို နီနီ့အဒေါ်တွေက မခေါ်ကြ။ သူတို့ကျတော့ အစောကြီးကတည်းက အဝတ်စားအကောင်းစားတွေ ဝတ်စားပြီး လှည်းယာဉ်ကျော့နှင့် မော့မော့ကလေး သွားနှင့်ကြပြီ။ နီနီ့ကိုကျတော့ တစ်ပတ်စာလောက် အလုပ်တွေ တစ်ပုံတစ်ပယ်နှင့် မညှာမတာ ထားသွားနှင့်ကြပြီ။

ထိုပွဲတော်ကို မည်သူမှ လက်လွှတ်မခံချင်ကြ။ အစည်ကားဆုံးဖြစ်သလို ပျော်စရာအကောင်းဆုံးလည်း ဖြစ်သည်မဟုတ်လား။ နေကြီးမိုးကြီးအောက် လယ်ထဲကိုင်းထဲမှာ နေ့စဉ်ပင်ပန်းရသော တောသူတောင်သားတွေအဖို့ ဒီလိုပွဲတော်လေးများကသာ အမောပြေစေမည်မဟုတ်လား။ ထိုပွဲတွင် သူတို့တစ်နှစ်တာလုံး စုဆောင်းထားကြသော ငွေစကြေးစများကိုလည်း သူတို့ သုံးကြရဦးမည်မဟုတ်ပါလား။

သည်နှစ်ပွဲတော်အတွက်တော့ ကံဆိုးသူမှာ နီနီဖြစ်ပြီလား။ စင်ဒရဲလားလေးလိုပင် သူများပျော်လို့ မပျော်နိုင်။ မီးဖိုခန်းထဲမှာ မှိုင်ရ မလိုရှိသေး သူငယ်ချင်းတွေက အပြုံလိုက်ရောက်လာသည်။

"ဟယ် . . . နင်တို့ရောက်လာတယ်။ ငါ ဒီမှာအလုပ်တွေနဲ့"

"သိတယ် . . . သိတယ်။ အဲ့ဒါကြောင့် လာတာ"

ပြောပြောဆိုဆိုပဲ တံခွန်က ရေတွင်းဆီသွား၍ ရေငင်သည်။ ကြက်တောက သူ့အိမ်ကယူလာသည့် ပုဆိန်နှင့် ထင်းပုံမှာ ထင်းသွားခွဲ



သည်။ ထို့သို့ပင် ဉာဏ်တိုးက နောက်ဖေးမြက်ပင်တွေသွားပေါက်သလို ထွန်းမော်က မြောင်းသွားဆယ်သည်။

ခင်ထွေးနှင့် အေးအေးရီက နောက်ဖေးအဖီထဲက ဆန်တောင်း ပဲတောင်းများဆီ ဆန်ကော မ၍ သွားကာ ဆန်ရွေး ပဲရွေးဖို့ ပြင်သည်

"နင့်အဒေါ်တွေ နင့်ကို အလုပ်တွေတပုံတပင်နဲ့ ထားခဲ့တာပဲလား"

နီနီ ခေါင်းညိတ်ပြသည်။ ခင်ထွေးက ဆဲသည်။

"နင့်အဒေါ်တွေ ပြိတ္တာဖြစ်မယ့်ဟာတွေ။ တအားသောက်ကျင့်ယုတ်တာ"

အေးအေးရီကလည်း . . .

"ဟဲ့ . . . နီနီ နင့်ကိုချစ်ပါတယ်ဆိုတဲ့ ထက်ခေါင်ကလည်း နင့်ကို အလုပ်လာကူဖို့ကျတော့ တစ်စက်ကလေးမှ သတိရပုံမပေါ်ဘူးနော်။ နံနက်က နင့်အစ်ကို ကိုမြင့်ဟန်ကို သူ့ဆိုင်ကယ်နောက်ပါသွားတာ တွေ့တယ်။ ပွဲဆီသွားကြတာ နေမှာပေါ့"

"သွားပါစေပေါ့ . . . ကောင်းတယ်။ မမြင်ရလေကောင်းလေပဲ"

ကိုမြင့်ဟန်က နီနီအစ်ကိုအရင်းတော့ မဟုတ်ပါ။ ဘယ်နဝမ်းကွဲမှန်းလည်း နီနီ အမျိုးမစပ်တတ်တော့ပါ။ အမျိုးတွေက ခပ်ရှုပ်ရှုပ်ရယ် နီနီအဖေ၏ ဦးလေးဝမ်းကွဲ၏ မိန်းမဘက် ညီမ၏သား စသဖြင့် အဲဒီမျိုးဖြစ်သည်။ အမျိုး ခပ်ဝေးဝေးပင်ဖြစ်သည်။ မတော်ချင်လည်း ရဦးမည်။

သို့သော် တစ်ခါတလေ ကိုမြင့်ဟန်က နီနီ့ကို တရင်းတနှီးလာ အရောဝင်တတ်သည်။ ထက်ခေါင်နှင့် အောင်သွယ်လုပ်ပေးချင်တာကြောင့်ဟု နီနီသိသည်။ တစ်အိမ်တည်း အတူနေရသဖြင့် နီနီက အလိုက်အထိုက် နေနေရသည်။ နီနီက အိမ်မှာ အသိမ်ငယ်ဆုံး နေရသူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ယခု သူငယ်ချင်းတွေ၏ အင်အားနှင့် အလုပ်တွေ ရှင်းလိုက်မှ ပွဲတော်သွားဖို့ အခွင့်ရလာခြင်းဖြစ်သည်။ တကယ်ပွဲသွားမည့် အချိန်ကျတော့ တံခွန်တို့ ဉာဏ်တိုးတို့က ပျောက်နေသည်။ သူတို့ ကာလသားတွေချည်း သပ်သပ်သွားဖို့ ကြံနေတာလည်း ဖြစ်ချင်ဖြစ်မည်။ ထို့ကြောင့် နီနီတို့လည်း မစောင့်တော့ဘဲ ထွက်ခဲ့ကြသည်။

လှေစီးရင်း လက်တစ်ဖက်ကို ရေထဲချထားရသည်ကို နီနီနှစ်သက်သည်။ ရေတွေက လက်ချောင်းတွေကြားမှ တိုးဝှေ့ပြီးယားကျိကျိလေး စီးဆင်းသွားသည်။ ထိုအရသာလေးကို သူမ အရူးယား၏။

ရွာနှင့် ခပ်ဝေးဝေးရောက်တော့ ခင်ထွေးက မိုက်နာသည်။ အပေါ့အပါးသွားချင်သည်ဟု ပြောသည်။ ဖိုးတေက . . .

"အာ . . . အစ်မ နင်ကတော့ သွားမယ်လာမယ်ဆိုရင် ကိစ္စတွေ ရှင်းထားနှင့်ပါလားဟ။ နင် တအား အလုပ်ရှုပ်တယ်"

"ဟဲ့ . . . ဖိုးတေ။ ငါ့ဘာသာမိုက်နာတာ နင့်အပူလား"

"ငါ့အပူမဟုတ်ရင် နင့်ဘာသာ လှေလှော်သွား"

"အေး . . . သွားမယ်ဟာ"

"ဟဲ့ . . . ဟဲ့ . . . ဒီမောင်နှမကတော့ . . . ငါတယ်"

ဘကြီးချိုက 'ငါတယ် . . .' ဆိုပြီး ဘာမှလည်း ဆက်မပြော။ အရိုးရွှေတင်က စိတ်ရှုပ်ဟန်ဖြင့် ပြောင်းဖူးဖက်ကြီးသာ ဖိဖွာနေသည်။ သိသည့်အတိုင်း ခင်ထွေးက စွာသည်။ ဖိုးတေက ရစ်သည်။ နောက်ဆုံး အရိုးရွှေတင်နှင့် ဖိုးတေက ဘကြီးချို လှေပေါ်ပြောင်းသည်။ ခင်ထွေးနှင့် နီနီက ဟိုဘက်လှေကို ကူးသည်။ ခင်ထွေးက စိတ်ကြီးကြောင်း လှေကို ကိုယ်တိုင်လှော်ကာ သက်သေပြလိုက်သည်။ မိန်းကလေးနှစ်ဦးတည်း ကမ်းဘက်လှော်ကာ အပေါ့အလေးသွားဖို့ ထွက်လာကြတော့သည်။

• • •



နီနီ နည်းနည်းကြောက်သလို ဖြစ်နေသည်။ ကိုယ့်လက်နှစ်ဖက်နှင့် ကိုယ့်လက်မောင်းတွေကို ပြန်ပွတ်ပြီး ခန္ဓာကိုယ်လေးကို ခုန်ဆွခုန်ဆွ လုပ်သလိုမျိုး လှုပ်နေမိသည်။

ပတ်ဝန်းကျင်မှာ မြူတွေ ခုနကထက် ပိုမိုရစ်သိုင်းလာသည်။ လူသူမနီးကမ်းစပ်တစ်မှာမို့ သူမကြောက်သည်။ ဘာကိုကြောက်တာလဲ။ မျှော့နက်မည်းကြီးတွယ်မှာကို မဟုတ်ပါ။ သရဲလား။ သရဲကလည်း မမြင်ဖူးပေမဲ့ နည်းနည်းကြောက်သည်။ သစ်ပင်တွေကလည်း မည်းနက်နေသည်။

"ခင်ထွေး . . . မြန်မြန်လုပ်ဟာ"

"အေး . . . ခဏလေးပါ နီနီရ"

ခင်ထွေးရဲ့ခဏက နည်းနည်းကြာပြီ။ ဟိုးချုံထဲမှာ ခင်ထွေးတောထိုင်နေတာ။ သူမ မျက်ဆံကလေး အငြိမ်မနေ ဟိုသည်ငေးရင်း တွေ့လိုက်ရသည်။

"ဟင် . . ."

လူတစ်ယောက်ကို တွေ့သည်။ လူတစ်ယောက် ငုတ်တုတ်ကြီး မြေပေါ်ထိုင်ချနေတာ။ လူကောဟုတ်ရဲ့လား။ ပရလောကသားများလား။ အမယ်လေး . . . နီနီမျက်လုံးကို စုံနေအောင် ပိတ်မိသည်။ ပြီးတော့ ပြန်ဖွင့်ကြည့်သည်။ ကြောက်စိတ်နှင့် စူးစမ်းစိတ်လေး ရောထွေးနေသည်။ နီနီ ခြေလှမ်းများကိုရွှေ့ကာ ထိုလူငုတ်တုတ်ကြီးနား တရွေ့ရွေ့သွားမိသည်။ တော်တော်နီးနီး ထိသွားပြီးမှ . . .

"ဟူး . . . တော်သေးတာပေါ့"

ဟု သက်ပြင်းချမိသည်။ ခုနက လူလို့ထင်နေတာက တောင်ပို့ကြီးတစ်ခု ဖြစ်နေသည်။ ငါကလည်း အူကြောင်ကြောင်ပဲဟု ရေရွတ်ကာ ကိုယ့်ခေါင်းကို ကိုယ့်လက်သီးစုပ်နှင့် ထုလိုက်သေးသည်။ ပြီးမှ ခင်ထွေး၏ ချုံတိုးရာသို့ ပြန်သွားရန် နောက်လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

သူမဆီ ပြေးဝင်လာသော လက်မည်းတစ်စုံ။

"အွပ် . . . အွပ် . . ."

သူမကို ပါးစပ် လက်နှင့်ပိတ်ကာ နောက်မှ သိုင်း၍ ချုပ်လိုက်သည်။ ပြီးလျှင် ဆွဲခေါ်သွားသည်။ အလွယ်တကူ ဆွဲခေါ်သွားနိုင်ခြင်းတော့မဟုတ်။ နီနီက ရှိသမျှအားကုန်နှင့် ရုန်းနေခြင်းကြောင့် ဖမ်းချုပ်သူမှာ အခက်တွေ့နေသည်။ ဖမ်းချုပ်သူမှာ ပုဆိုးခေါင်းစွပ်၍ ချည်နှောင်ကာ မျက်လုံးပဲဖော်ထားသည်။ နီနီ ကြောက်အားလန့်အားနှင့် ရုန်းသည်။ ထို့ကြောင့် ဟိုလူ၏ နှုတ်ခမ်းကိုပိတ်ထားသော လက်က နည်းနည်းလွတ်ကာ လျှောကျသွားသည်။

ထိုအခွင့်အရေးလေးကို လက်လွတ်မခံဘဲ နီနီက သူ့လက်ကို ကိုက်ချပစ်လိုက်သည်။

"အ . . . ."

ဟိုလူ နာကျင်သွားသည်။ သူမ ပါးစပ်တစ်ခုလုံး လွတ်လပ်သွားသည်။

"ကယ်ကြပါဦးရှင့် . . . ကယ်ကြ . . . အွပ် . . ."

ဟိုလူက ပြန်ချုပ်သည်။ အနီးဆုံးချုံထဲ ဆွဲယူကာ ဆွဲလှဲပစ်သည်။ အွပ်ခနဲနီနီ ပြုတ်ကျသွားသည်။

"နီနီရေ . . ."

ခင်ထွေး၏ လှမ်းခေါ်သံကို ကြားရသည်။ ဟိုလူက လက်နှင့်ထောက်ကာ နီနီပါးစပ်ကို ချုပ်ပိတ်လိုက်သည်။ ပြီးတော့ နီနီ့ကို အပေါ်စီးမှ ရယူဖို့ကြံသည်။ နီနီက တအင်းအင်းရုန်းကာ ခြေထောက်ကို ကွေးကောက်၍ ကာကွယ်သည်။ ကန်ကျောက်သည်။ ဟိုလူ လုပ်ရကိုင်ရခက်နေသည်။ ထိုအချိန်ပဲ . . .

"နီနီရေ . . ."



ခေါ်သံတစ်ခုကို ကြားရပြန်သည်။ ဒီတစ်ခါတော့ ဒီခေါ်သံကို ဟိုလူပါ လှမ်းကြည့်မိသည်။ ဒီတစ်ခါခေါ်သံက ခင်ထွေးခေါ်သံမဟုတ်။ ယောကျ်ားတစ်ယောက်၏ အသံ။ နီနီ့မျက်လုံး ချက်ချင်း ဝင်းလက်သွားသည်။ ထိုအသံကို သူမသိသည်။ 'တံခွန်' လိုက်လာပြီ။

"နီနီရေ . . . နင် ဘယ်မှာလဲ"

"ဟဲ့ . . . နီနီ"

အသံနှစ်သံ ဆက်တိုက်ထွက်လာပြန်သည်။ ဉာဏ်တိုးနှင့် ကြက်တော၏အသံဟု နီနီ ထပ်သိလိုက်သည်။ 'တောက် . . .' ဟု ပုဆိုးခြုံထားသည့် သူ ခံပြင်းသွားသည်။ ချက်ချင်း နီနီ့ကိုယ်ပေါ်က ဆင်းကာ အမြန်ပြေးထွက်တော့သည်။

နီနီ ချက်ချင်းထသည်။ အဝတ်အစားတွေကို မြန်မြန်သပ်ချပြီး ချုံအပြင်ကို ပြေးထွက်လိုက်သည်။ ပြီးလျှင် . . .

"တံခွန်ရေ . . . ငါဒီမှာဟေ့ . . . ဉာဏ်တိုး၊ ခင်ထွေး"

အော်လိုက်တော့သည်။

ခဏချင်းပဲ တံခွန်၊ ခင်ထွေး၊ ကြက်တော၊ ဉာဏ်တိုးတို့ တဘုတ်ဘုတ် အပြေးရောက်လာသည်။ အားလုံး စိုးရိမ်နေသည့် မျက်လုံးတွေနှင့် ပျာပျာသလဲ။

"နီနီ . . . နင်ဘာဖြစ်တာလဲ"

"ငါ . . . ငါ . . . ဘာမှ မဖြစ်တော့ဘူး။ ဟိုမှာ . . ."

နီနီက သူဘာမှမဖြစ်တော့ကြောင်း ပြောပြီး ခုနက မသာမာ သူထွက်သွားရာ ဘက်ကို လက်ညှိုးညွှန်ပြလိုက်သည်။ မြူတွေကြားထဲ ပုဆိုးခြုံနှင့် ပြေးဝင်သွားသော လူရိပ်ကို သူတို့ မြင်လိုက်ရသည်။

"သူ ငါ့ကို ဟိုလို . . . ဟိုလိုမျိုး မကောင်းကြံတော့မလို့"

"ဘာ . . ."

"ခွေးမသား"



www.burmeseclassic.com

www.burmeseclassic.com

ညဏ်တိုးက ဆဲကာ ပြေးလိုက်သည်။ ခင်ထွေးပါ မိန်းကလေးတန်မဲ့ ပြေးလိုက်သွားသည်။ ကြက်တောလည်း မနေခဲ့။ အနီးနားက သစ်ကိုင်းခြောက်ကို ကောက်ကိုင်ကာ တဟုန်ထိုး လိုက်သွားသည်။

နီနီမှာ ကြောက်စိတ်မပြေသေးသဖြင့် ရင်က ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်။ တံခွန် နီနီ့ကို စိုးရိမ်လွန်စွာ ငေးနေမိသည်။ သူ့တစ်ကိုယ်လုံး စိုးရိမ်စိတ်များဖြင့် ပူနွေးနေသည်။ သူ မနေနိုင်တော့ဘဲ အလိုလို ပြုံမှုမိတော့သည်။ သူမဆံသားတွေ သူ့ပခုံးပေါ် ဝဲကျလာတော့သည်။

သည်လိုပဲ ထွေးဖက်ထားလိုတော့သည်။

ᯓ ᯓ ᯓ



မြစ်ထဲတွင် လှေတစ်စင်းတည်း ရွေ့နေသည်။ လှေထဲတွင် လူနှစ်ဦးရှိ၏။

သူတို့နှစ်ဦး နီးကပ်စွာ ထိုင်နေကြသည်။ တံခွန်နှင့် နီနီ။

တံခွန်က ရေပြင်အပေါ်ယံကိုသာ ခတ်၍ လှေလှော်နေသည်။ နီနီက သီချင်းတစ်ပုဒ်ကို စာသားနှင့် မဆိုဘဲ 'ဟား . . . ဟာ . . . ဟား . . . ဒါး . . . ဒါ . . . ဒါး . . .' နှင့် အသံသက်သက်ဖြင့်သာ ဆိုနေသည်။ ရေစီးကလည်း သူတို့လှေကို ငြိမ့်ငြိမ့်လေး သယ်ဆောင်သွားနေသည်။

နီနီနှင့်တံခွန် ညဏ်တိုးတို့နောက် ပြေးလိုက်ရာ ကမ်းစပ်ဆီရောက်တော့ ညဏ်တိုးတို့က လှေကို အပြင်းလှော်သွားသည်ကို တွေ့ရသည်။ ဟိုလူ (နီနီ့ကို မကောင်းကြံသူ) နောက် လိုက်သွားကြတာပဲ ဖြစ်မည်။ ဒါကြောင့် သူတို့လည်း ကျန်သည့်လှေဖြင့် နောက်က လိုက်ခဲ့ကြခြင်းဖြစ်သည်။

"ထွန်းမော်ကို စောင့်နေတာနဲ့ ငါတို့နောက်ကျသွားတာဟ။ ဒီကောင်က မြို့ကို အရေးကြီးလို့ဆို တက်သွားတာ။ ညနေ အမီပြန်လာမှာတဲ့။ ငါမပါဘဲ ပွဲမသွားနှင့်ကြနဲ့ဆိုလို့ စောင့်နေတာ။ နောက်ဆုံး မစောင့်နိုင်တာနဲ့ ငါတို့ ထွက်ခဲ့ကြတာ။ နင်တို့က သွားနှင့်ပြီဆိုတာနဲ့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com

လည်း အားချင်းလိုက်လာတာ။ ဒီနားကဖြတ်တော့ ကမ်းစပ်မှာ လှေတစ်စင်းကပ်နေတာတွေ့တော့ ငါတို့ လာကြည့်တာ။ ခင်ထွေးတို့ပိုင် လှေမှန်းသိလို့ ကမ်းပေါ်တက်တုန်း နင့်အော်သံလိုမျိုး တစ်ချက်ကြားလိုက်တယ်။ အဲ့ဒါနဲ့ နင့်ကို အော်ခေါ်လိုက်ရှာမိကြတော့တာပဲ"

"အဟင်း . . . ကျေးဇူးပါပဲဟာ။ နင်တို့ အချိန်မီရောက်လာလို့ သာပေါ့။ နို့မို့ဆို ငါ သေတာထက် ဆိုးပြီ"

ပြန်တွေးရင် ပြန်ကျောချမ်းရသောအဖြစ်ကို နီနီ ခံစားခဲ့ရသည်။ နီနီ တံခွန့်ဘေးပိုတိုးကာ ထိုင်မိသည်။ ကောင်းကင်ရှိ ကြယ်ပျောက်များက မြစ်ကြမ်းပြင်တွင် အရိပ်ကျနေသည်။

မြစ်ရေပြင်မှ ဝေ့တက်နေသော မြူခိုးများက ပိတ်သည်းနေသည်။ ရေ့ထန်းတစ်ဖျားအကွာလောက်ဆိုရင် လှမ်းမမြင်နိုင်တော့ နီနီက နာချေမလိုဖြစ်ပြီး မချေဖြစ်တော့။ ဒါကိုမြင်ပြီး တံခွန်က ရယ်သည်။ တံခွန်ရယ်တာ ကြည့်ကောင်းသည်ဟု နီနီက ထင်သည်။

ဒူးပိုက်ထိုင်လိုက်သည်။ ဒူးပိုက်ထားသည့်လက်ပေါ် မေးထောက်ပြီး သူ့အမည်ကို ခေါ်လိုက်သည်။

"တံခွန် . . ."

"ဟင် . . ."

"ခုနကအဖြစ်အပျက်ကြောင့် ငါ့ဘဝကိုငါ လုံခြုံတယ်လို့ မခံစားရဘူး"

"အင်း . . . ငါလည်း ခုနကအဖြစ်ကြောင့် ငါ နင့်အနားမှာ ဒီထက်ပိုရှိသင့်တယ်လို့ မြင်လာတယ်"

"တကယ်လား"

"အင်း . . . တကယ်ပြောတာပါ"

အဝေးတွင် ဆီမီးခွက်လေးတစ်ခွက်မျောနေသည်ကို လှမ်း၍တွေ့ရသည်။ နီနီ့ရင်ထဲ ခုနက တံခွန့်စကားကြောင့် ကျေနပ်မှုရသွားသည်။

"ဒါဆို တံခွန် ငါ့ကို ကတိပေးရမယ်"



". . . . ."

"နင် ငါ့ကို ဘယ်တော့မှ ခွဲမသွားဘူး။ ငါ့ကို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် အပြေးလာစောင့်ရှောက်မယ်။ ငါ့အနားမှာ အမြဲရှိမယ်ဆိုတဲ့ ကတိ"

နီနီ့မျက်လုံးများက သူ့ကတိပေးမှုကို ငံ့လင့်နေသည်ကို သူတွေ့ရသည်။ တံခွန် သက်ပြင်း ခိုးချမိသည်။ သူ နီနီ့ကို ချစ်ပါသည်။ သို့သော် သူ နီနီနှင့် ဘဝကို တည်ဆောက်နိုင်ပါ့မလား။ သူမမြင်ရသည့် ရှေ့ကို သံသယဝင်မိသည်။

"အေး . . . ကတိပေးတယ်"

တံခွန့်စိတ်က တွေဝေဆဲမှာပင် နှုတ်မှ သူမကျေနပ်အောင် ပြောထွက်သွားခဲ့ပြီဖြစ်သည်။ နီနီက ကျေနပ်သွားသလို ဒူးပိုက်လျက် ဟိုသည်ယိမ်းရင်း . . .

"မယုံဘူး . . . ဒီခေတ်က ဒီလောက်နဲ့ မယုံရဘူး။ နင် ကတိပေးထားကြောင်း စာချုပ်မှာ လက်မှတ်ထိုးမှ ဖြစ်မှာ"

"ဟင် . . . လှေပေါ်မှာ ဘယ်လိုလုပ် ထိုးမှာလဲ"

"အင်း . . . အဲ့ဒါက . . ."

သူမ လက်ညှိုးကို မေးစေ့နားကပ်၍ ထောင်ကာ စဉ်းစားသည်။ တံခွန်က သူမ စဉ်းစားနေပုံကို စိတ်ဝင်တစား ပြုံးကြည့်နေသည်။ နီနီ စဉ်းစားလို့ ရသွားသည်။

"ဟုတ်ပြီ . . . နင် ငါပြောတဲ့အတိုင်း ဒီမှာ လိုက်ရေး"

"ဘယ်မှာလဲ၊ လေထဲမှာလား"

နီနီက ဘယ်ကို လက်ညှိုးထိုးပြမှန်းမသိတော့ သူပြန်မေးမိသည်။ နီနီလက်ညှိုးညွှန်ပြသည့်အရာက တခြားမဟုတ်ပါ။

"လေထဲမှာ မဟုတ်ဘူး။ မြူထဲမှာ။ တွေ့လား ဒီမြူတွေထဲမှာ လက်ညှိုးကို ခဲတံလို သဘောထားပြီး ငါပြောတာကို လိုက်ရေး"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

"ကြားလား . . . အဲ့ဒီလို လိုက်ရေး"

"အဟင်း . . . အေး . . . အေး . . ."

နီနီက စဉ်းစားပြီး သူလိုက်ရေးရမည့်စာကို ဖြည်းဖြည်းချင်း ပြောပြသည်။ 'ကျွန်တော်သည်' ဟု နီနီက ရှေ့ကတိုင်ပေးတော့ တံခွန်က 'ကျွန်တော်သည်'ဟု နှုတ်မှလည်း လိုက်ဆိုသလို လက်မှလည်း မြူထဲမှာ မျက်စိရှေ့က မြူထဲမှာ 'ကျွန်တော်သည်' ဟု လိုက်ရေးသည်။ 'ဘယ်လိုခြားနားဝေးကွာသော အခြေအနေမှာ ရောက်နေပါစေ'ဟု သူမ တိုင်ပေးပြန်သည်။ သူကလည်း ခုနကလို နှုတ်မှလိုက်ဆို၍ လက်မှ လိုက်ရေးရသည်။

မြူထဲမှာ ရေးတာဆိုတော့ ဘယ်အရာထင်ပါ့မလဲ။ သို့သော် ကျေနပ်စွာ သူရေးသည်။ သူရေးသည့် မြူထဲမှစာကို သူမကလည်း မြင်ရသည်။ စိတ်အတွင်းမှ မြင်နေရသည်။

'နီနီဆိုသည့် ကောင်မလေးအနားသို့ . . .' ဟု သူမတိုင်ပေးပြန်သည်။ သူ ရွတ်ဆိုရေးသားရပြန်သည်။

"သူ အလိုရှိတိုင်း အပြေးရောက်လာကာ သူ့ကို စောင့်ရှောက်မြတ်နိုးသွားဖို့ ကတိပြုပါသည်"

"သူ အလိုရှိတိုင်း အပြေးရောက်လာကာ သူ့ကို စောင့်ရှောက်မြတ်နိုးသွားဖို့ ကတိပြုပါသည်"

ဟု အဆုံးသတ် လိုက်ဆိုရေးသားလိုက်ပါသည်။

တံခွန် မြူထဲစာရေးအပြီး ပုဒ်မ ချလိုက်တာကို နီနီပြုံးကြည့်နေသည်။ တံခွန်ကလည်း သူမသဘောအတိုင်း သူရေးပြီးပြီဆိုသည့် သဘောနှင့် သူမကို ကြည့်သည်။ သူမက . ..

"တစ်ခု ကျန်သေးတယ်"

"ဘာကျန်သေးတာလဲ"

"ကတိကဝတ်စာချုပ်ပါဆိုမှ လက်မှတ်ထိုးရဦးမှာပေါ့"



တံခွန် မြူထဲမှာပင် လက်မှတ်ထိုးပေးလိုက်ပါသည်။ နီနီ သိပ်ပျော်သွားသည်။ ထိုအပျော်သည် ဘဝတစ်လျှောက်လုံးတွင် အပျော်ဆုံးအပျော်ဖြစ်မည်ဟု နီနီထင်ပါသည်။

"မြူထဲမှာ ရေးတဲ့စာဆိုပေမဲ့ နင် မမေ့ရဘူးနော်"

"စာရွက်မရှိလို့ မြူထဲမှာ ရေးလိုက်ရပေမဲ့ ရင်ထဲမှာ အပ်နဲ့ပေါက်ပြီးရေးသလို ငါ့အတွက် ထင်ကျန်နေမှာပါ . . . နီနီရယ်"

သူ့ပခုံးပေါ် နီနီ ခေါင်းလေး ညွှတ်ကျပြီး လာမှီသည်။ သူမ ဆံပင်များကို ဖယ်၍ သူမ နဖူးလေးကို သူ့အလိုလို နမ်းရှိုက်မိလိုက်သည်။ မြူတချို့ရှက်လို့ ထွက်ပြေးသွားသည်။ ကောင်းကင်မှာလည်း ကြယ်တွေက သူတို့ကို ဝိုင်းအုံ့ကြည့်နေမလား။

"ငါ ဒီညလေးကို မမေ့တော့ဘူး . . . နီနီ"

"ငါကော့ပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com

**(9)**

သူမ မှောက်ထားသည့်မျက်နှာကို ပြန်မော့လိုက်သည်။ နာကျင်စွာ ငိုထားသော မျက်လုံးများက အနတစ်ခါ ပြန်လည်စူးရှလာသည်။ သူ့ဆီ အတွေးတစ်ခု ဝင်ခဲ့ပြီ။

"ဟုတ်သားပဲ။ သူ အဲ့ဒီညကို မေ့မှာမဟုတ်ဘူး"

သူမ ရေရွတ်သည်။ သူမခေါင်းထဲ အလင်းတွေ ပွင့်လာသည်။ သူမ ဘာလုပ်ရမည်ကို သူမ သိလာသည်။ တွေဝေကြန့်ကြာ မနေတော့ပါ။ ချက်ချင်း စာရွက်သစ်တစ်ရွက်ကို သူမ စားပွဲပေါ် ဖြန့်တင်လိုက်သည်။ ပြီးလျှင် ဘောလ်ပင်ထောက်၍ စာရွက်ပေါ် ချရေးရန်ပြင်သည်။ စိတ်က လှုပ်ရှားလွန်းလို့ ရင်တုန်နေသည်။ စာက အများကြီးရေးစရာ မလိုပါ။ ဒီလိုရေးချလိုက်ရင် ဘာကိုဆိုလိုတယ်ဆိုတာ သူသိမှာပါ။ မြူတွေဆိုင်းနေတဲ့ညကို သူမေ့မှာ မဟုတ်ပါ။ လှေတစ်စီးတည်းပေါ်မှာ နှစ်ယောက်တည်းရှိပြီး တစ်ခရီးတည်းသွားဖို့ တိုင်တည်ခဲ့သည့် စကားတွေကို သူ မေ့မည်ဟု သူမ မယုံပါ။ ဖြစ်နိုင်လျှင် အတိတ်ဆီ ခဏပြန်သွား၍ ထိုညကလေးကို လက်ညှိုးထိုးပြချင်ပါသည်။ ယခုတော့ စာရွက်ပေါ်တွင်သာ ရေးချရတော့သည်။



သူ ဖြည်းညှင်းဖွဖွ ရေးချလိုက်ပါသည်။ စာရွက်ဖြူတွင် စာလုံးလေး နှစ်လုံး ထင်ထင်ရှားရှား ပေါ်လွင်လာခဲ့ပြီ။ ထိုစာလုံးနှစ်လုံးက –

"မြူရေး . . ."

• • •

"အို . . ."

"ဂလွမ် . . . ဗွမ် . . . ဗွမ် . . ."

"ဟဲ့ . . . နီနီ . . ."

"နီနီဟေ့ . . . ဘယ်သွားမလို့လဲ"

"ဟဲ့ . . . နီနီကလေးမ ဘယ်ကိုလဲဟဲ့"

". . . . ."

နီနီ အိမ်အပေါ်ထပ်က တဒုန်းဒုန်း ပြေးဆင်းခဲ့သည်။ အောက်ထပ်ရောက်တော့လည်း အသည်းအသန် ပြေးထွက်သွားသည်။ ချက်ပြုတ်နေကျသည့် ဒန်အိုးဒန်ခွက်တွေကို ဝင်တိုက်သွားသည်။အခွံနွှာပြီးသား ကြက်သွန်နီဗန်းကြီးကို တက်နင်းသွားသည်။ အဒေါ်လုပ်သူတွေက လှမ်းခေါ်ကြသည်။ လှမ်းအော်ကြသည်။ နီနီ ဂရုမစိုက်ဘဲ ပြေးထွက်သွားသည်။ ချက်ရေး ပြုတ်ရေး လာကူကြသူများကလည်း ထိုအဖြစ်အပျက်ကို လှမ်းကြည့်လိုက်ကြသည်။ နီနီ တစ်ခုခုဖြစ်နေသည်။ ဖြစ်သွားသည်ဟု ထူးဆန်းတာကလွဲလျှင် ဘာမှနားမလည်ဘဲ ဒီအတိုင်း ကျန်ခဲ့ကြတော့သည်။

နီနီ ပြေးထွက်ခဲ့သည်မှာ ရွာစွန်ဘက်ပင် ရောက်နေပါပြီ။ ဒီအချိန် ကိုရင် ကျောင်းပြန်ရောက်ဦးမည်မဟုတ်ပါ။ တစ်အိမ်ဝင် တစ်အိမ်ထွက် ဆွမ်းခံကြွရဦးမည့်ကိုရင် ကျောင်းသို့ မြန်မြန် မရောက်နိုင်ပါချေ။ လမ်းတစ်ထောက်တွင်သာ ရှိဦးမည်။ အမီလိုက်ရမည်။ ကိုရင် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားလျှင် သူမအတွက် မလွယ်ကူနိုင်တော့။ လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော စာကလေးတစ်စောင်မှာ အလကားဖြစ်သွားရမည်။

နေမြင့်လာသည်နှင့်အမျှ သဲမြေသည် ပူနွေးလာသည်။ သဲမြေထဲတွင် ခြေရာတစ်စုံက မြန်မြန် မြန်မြန် ထင်း၍ပေါ်နေသည်။ မိန်းကလေးတစ်ဦး၏ ပြေးလွှားနေသော ခြေရာများပင်။

ထိုသဲမြေပြင်ထဲတွင်ပဲ မိန်းကလေး၏ ခပ်ဝေးဝေး ဟိုးအရှေ့တွင် ကိုရင်တစ်ပါး တည်ငြိမ်စွာ ကြွချီနေသည်။ ဦးတည်ရာကား ဟိုးရှေ့မှ တောင်ကုန်းပုလေးဆီ။ ထိုတောင်ကုန်းပုတွင် စေတီရှိသည်။ ဘုန်းကြီးကျောင်းရှိသည်။

"ကိုရင် . . ."

သူမ အဝေးမှ လှမ်းခေါ်လိုက်သည်။ သူမ အသံကို ကိုရင်က အနည်းငယ်မျှ မကြားပေ။ နီးနီး ပြေး၍ လိုက်လာသည်။ ကိုရင်နှင့် နီးသည်ထက် နီးလာသည်။ နီးနီးခြေသံကို ကိုရင် ကြားရဟန်မတူ။ ဒီတစ်ခါလှမ်းခေါ်လျှင်တော့ ကိုရင် ကြားရမည်မှာ သေချာပြီ။

သူမ လှမ်း၍ . . .

" . . . . . "

အော်ခေါ်ရန် နှုတ်မှ ကြိုးစားသော်လည်း တစ်ဆို့နေသည်။ ရင်ထဲမှာ စေးကြပ်လာပြန်သည်။ နောက်ထပ်လည်း ကြိုးစားသည်။ နှုတ်ခမ်းတွေက ရှန်းကန်သော်လည်း အသံအဖြစ် မပြောင်းလဲနိုင်။ ကိုရင်ဟု ပီပီသသမထွက်နိုင်ဘဲ 'ကို . . .'ဟု တစ်ဆို့နေသည်။ သည့်အပြင်သူမ အသံကို ကိုရင် ကြားမည်ကိုပင် စိုးရိမ်လာပြန်သည်။

သူမ မပြေးတော့ဘဲ ခြေလှမ်းတွေ နှေးကာ ဒီအတိုင်းပဲ လျှောက်လာမိပြန်သည်။ မျက်လုံးထဲ မျက်ရည်တွေ တစ်ဖန် ပြန်ပြည့်လာသည်ထင်၏။ ပါးပြင်ပေါ် ပေါက်ခနဲ ပေါက်ခနဲ ကျလာသည်။ မျက်ရည်စက်



တွေ စီးကျလာပုံက ပြင်းထွန်လွန်းသည်လား။ သူမ ပါးပြင်တွေမှာ နာကျင်နေသည်။

လေတိုက်၍ လွင့်နေသော ကိုရင့်သင်္ကန်းအနားစလေးကို သူမမြင်ရသည်။ ကိုရင့်ကို ကျော်ကြည့်လိုက်တော့ တောင်ကုန်းလေး။ တောင်ကုန်းထပ်ရှိ စေတီဦးဆီမှ ဆည်းလည်းသံများ သူမဆီ အပြေးလာနေကြသည်ဟု သူမထင်လာပြန်သည်။ စေတီ၏ အောက်ဘက်မှ ဘုန်းကြီးကျောင်းကိုလည်း လှမ်းမြင်ရပြန်သည်။ ဘုန်းကြီးကျောင်း ခေါင်မိုးစွန်းမှ တိမ်တွေက သူမကို တစ်ခုခု ရှင်းပြချင်နေသည့်အလား။

သူမ ကိုရင့်ကို ပြန်ကြည့်မိသည်။ ကိုရင်နှင့် သူမ ဝါးတစ်ရိုက်ကျော်ကျော်ခန့်သာ ကွာဝေးတော့သည်။ ကိုရင့်ခြေဖျားမှ သင်္ကန်းစလေးက တဖျပ်ဖျပ် လှုပ်ခါနေဆဲ။ ထိုသင်္ကန်းစလေး၏ လှုပ်ခတ်နေပုံက . .

"သွားတော့ . . . မလာနဲ့တော့ . . . မလာပါနဲ့တော့ . . . နားလည်ပါတော့ . . . သွားတော့ . . ."

ဟု လက်ခါ၍ နှင်ထုတ်ကာ ပြောနေသူပမာ သူမ မြင်မိလာသည်။

သူမ သဲမြေပေါ် ယိုင်ကျသွားသည်။ ဒါတွေကို နောက်လှည့်မကြည့်သော ကိုရင်က မသိပါချေ။ သူမ ငိုသံထွက်လာသည်ကိုပင် နှုတ်ခမ်းဖြင့် အတင်းပိတ်ကာ ထိန်းချုပ်နေမိသည်။ သူမငိုသံကို ကိုရင့်ကိုလှမ်းမကြားစေလို။ သူမ အံကြိတ်ပြီး ငိုသည်။ ပြီးလျှင် ဖြည်းဖြည်းချင်း လက်နှစ်ဖက်ကို ပူးကပ်ကာ လက်အုပ်ချီမိသွားပါတော့သည်။ လက်မှ လွှတ်ချလိုက်သော စာရွက်အခေါက်လေးက မြေပြင်မှာ ကျသွားသည်

"တပည့်တော် မိုက်မိုက်မဲမဲတွေ တွေးမိခဲ့ပါတယ် ဘုရား တပည့်တော်မ သိပ်မိုက်မဲတော့မလို့ပါဘုရား။ ကိုယ်တော်ရဲ့ မြင့်မြတ်တဲ့ ဘဝကို တပည့်တော်မ မနှောင့်ယှက်ဝံ့ပါဘုရား။ တပည့်တော်ဘာမှမမြင်နိုင်တော့လို့ တဒင်္ဂမိုက်မဲမိပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

နေရောင်က ပူပြင်းစွာ သူမမျက်နှာပေါ် ထိုးကျနေသည်။ သူမ အသံတိတ်ရင်ထဲမှာ တိုးဖွရွတ်ဆိုကာ ရှိခိုးတောင်းပန်နေသည်။

"တပည့်တော်မ တောင်းပန်ပါတယ် ဘုရား။ တပည့်တော်မဟာ ဉာဏ်နည်းသူပါ။ ကိုယ့်စိတ်ရိုင်း ကိုယ်ထိန်းချုပ်ဖို့ မဆင်ခြင်နိုင်ခဲ့သူ။ မိုက်မဲလှသူပါဘုရား။ ပြီးတော့ . . . ပြီးတော့ . . . ကံဆိုးသူပါဘုရား"

သူမ လက်နှစ်ဖြာကို သဲမြေမှာ နဖူးဖြင့် ဖိကပ်၍ တောင်းပန်နေသည်။ ရှေ့မှာ လျှောက်နေသည် ကိုရင်က ထိုအရာများကို စိုးစဉ်းမျှ မမြင်မသိပါ။ တရွေ့ရွေ့သာ လျှောက်၍ သွားနေသည်။

သူမ အကြိမ်ကြိမ် ရှိခိုးဦးချလေ၏။ ကိုရင်လေး ဝေးဝေး . . . ဝေးသွားကာ သူမ မြင်နိုင်စွမ်းမရှိသည့် အကွာအဝေးထိ သူမ ဖူးမြော်နေဦးချနေမိ၏။ မောဟိုက်လာသည့်တိုင် သူမ လက်အုပ်ချီလျက် ကြာမြင့်စွာ လှမ်းငေးနေခဲ့ပါသည်။ သူမ အလင်းကို မြင်ပါပြီ။

မိမိအတွက် ဘယ်သူမှ မနစ်နာစေရပါဘူး။ ဘယ်သူမှ မရှုပ်ထွေးစေရပါ။ အရာရာကို ပိုနေမြဲ ကျားနေမြဲ ရှိနေရပါမည်။ သူမ ကိုယ့်နေရာကိုယ် ကြည်ဖြူစွာ ပြန်သွားရတော့မည်။ သဲမြေမှာ ကျနေသည့် စာရွက်ခေါက်လေးကို ကောက်ယူသည်။ ပြီးလျှင် မတ်တတ် ပြန်ရပ်ကာ အနောက်ဘက်သို့ လှည့်လိုက်သည်။

"ဟင် . . ."

သူမနောက်တွင် လူတစ်ယောက် ရောက်နေသည်။ လက်တစ်ကမ်းအကွာတွင် နီးကပ်စွာ ရပ်နေသည်။ ညစ်ထေးနေသော အဝတ်အစားများနှင့် လူတစ်ယောက်။ ဆံပင်များကလည်း နီကျင်ရှည်လျားကာ ပွယောင်း ဖြာထွက်နေသည်။ သန့်ရှင်းမှု မလုပ်တာကြာသော အသားအရေများမှာလည်း အဆီပြန်ကာ ညစ်ထေးနေသည်။ ဒူးခေါင်းလောက်ဖြတ်ပြီး ဂျင်းဘောင်းဘီမှာလည်း စုတ်ပြတ်ဖွာထွက်နေသည်။

ပြီးတော့ ထိုလူ့နှုတ်ခမ်းများကလည်း ဖျော့တော့နေကာ မျက်လုံးများလည်း အဖြူဆိုက်ချင်နေသည်။ နှုတ်ခမ်းကလည်း ဟတတနှင့်



ဖြစ်နေသည်။ ဖျားနာနေသူတစ်ယောက်မှန်း မြင်တာနှင့် သိသာလှသည် ထိုသူကို သူမ သိပါသည်။ ကောင်းကောင်း သိပါသည်။

ထိုသူသည် သူမနောက်ရောက်နေတာ ကြာမြင့်နေဟန်ရှိ သည်။ သူမ နောက်လှည့်ကြည့်လိုက်တော့ သူက မလှုပ်မယှက်သူမကို ကြည့်လျက်ဖြစ်နေသည်ပဲ။ သူမရှိမှန်း ကိုရင်က လှည့်မကြည့်လို့ မသိ သလို ထိုသူရှိနေမှန်းလည်း သူမက လှည့်မကြည့်မိ၍ မသိခဲ့ပေ။ ဤ သဲမြေကွင်းပြင်တွင် ထိုသို့ လူနှစ်ယောက်နှင့် ကိုရင်တစ်ပါး အတန်း လိုက် မည်သူ့မည်သူမျှ လှည့်မကြည့်ဖြစ်ဘဲ တစ်ယောက်ကျောပြင် တစ် ယောက် ကြည့်နေသောအဖြစ် ရှိခဲ့သည်။

"နင် . . . နင် . . . ဘာလုပ်မလို့လဲ"

နီနီ နောက်သို့ တွန့်တွန့်ဆုတ်ဆုတ် ဆုတ်ကာ ထစ်ထစ်ငေ့ ငေ့ မေးလိုက်သည်။ ထိုသူက ဘာမှပြန်မဖြေဘဲ ဖျတ်ခနဲ သူမ၏လက် နှစ်ဖက်ကို ဆွဲချုပ်လိုက်သည်။

"ဟာ . . . နင် . . . နင် . . ."

သူမ အားတင်းရုန်းသည်။

တစ်ဖက်လူက နာဖျားနေ၍ အားသိပ်ရှိပုံမပေါ်။ သူမ အား ကုန်ရုန်းကန်မှုကို ထိန်းချုပ်၍ မနိုင်ဘဲဖြစ်နေသည်။ ထို့ကြောင့် လဲကျ သွားသည်။ သူမပေါ် ထိုလူက ဖိလျက်နှင့် သဲမြေပေါ် လဲကျသွားသည် သူမ အတင်းကန်ကျောက်ကာ . . .

"ထက်ခေါင် . . . နင် မယုတ်မာနဲ့နော်။ ငါ . . . ငါ . . . အသက်ချင်းလဲပစ်မှာ"

ထက်ခေါင်က သူမစကားကို မကြားသည့်အလား သူမလက် တစ်ဖက်ကိုသာ ဆုပ်ကိုင်ကာ သူမ၏ လက်သီးဆုပ်အား ဖြတ်နေသည် သူမ ကျစ်ကျစ်ပါအောင်ဆုပ်ထားသော လက်သီးကို ပြေအောင် သူ တော တော်ပင်ပန်းလိုက်ရသည်။ လက်သီးဆုပ်ပြေသွားတော့ သူမ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ စာရွက်ခေါက်လေးကို ဆွဲယူလိုက်သည်။ ပြီးလျှင် ဒယီးဒယိုင် ပြန်ထ လိုက်သည်။

နီနီ သူ့ကို မော့ကြည့်သည်။ သူက သူမကို အားယူကာ ကြည့်ရင်း . . .

"ဒီ . . . ဒီစာက ခုနက တံခွန်၊ ကိုရင့်ကို ပေးမလို့မို့လား"

နီနီ ထက်ခေါင်ကို အကြောင်သား ကြည့်နေမိသည်။

သူ ဘာကြောင့် သူမ၏ စာကို အရေးတယူ မေးနေရတာလဲ။ ပြီးတော့ လုယူရတာလဲ။ နီနီ ဘာမှပြန်မဖြေခင်ဘဲ ထက်ခေါင်က အဖြေ ရသွားသည့်အလား တစ်ခုခုကို သဘောပေါက်နှင့်သွားသလို မျက်လွှာ ချသည်။ ပြီးလျှင် စာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

ထို့နောက် ခုနက ကိုရင်လေး ကွေ့လှမ်းသွားသည့်ဘက်သို့ တစ် ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။



**(10)**

နေပူထဲ ဖြတ်ခဲ့ရ၍ ကိုရင် အနည်းငယ်မောနေသည်။ တော ခြေရောက်တော့လည်း တောင်ပေါ်သို့ တန်းမတက်ဖြစ်ဘဲ ဇရပ်တစ်ခု ဝင်နားဖြစ်သည်။ သပိတ်ကိုဘေးချလိုက်ကာ သင်္ကန်းဖြင့် ချွေးသု သည်။ ခန္ဓာကိုယ်က အနားရသော်လည်း အတွေးက အနားမရ။

ခုနက အလှူလုပ်ဖို့ ချက်ပြုတ်နေသည့် အိမ်က ဘယ်သူ့အိ လဲ။ နီနီတို့အိမ်လား။ နီနီတို့အိမ်က အရင်က ဒီနေရာမှာမှမဟုတ်ဘဲ ဟိုဘက်တစ်လှမ်းမှာ မဟုတ်လား။ နီနီတို့အိမ်ကို ရောင်းရားခဲ့မှ နီနီတို့ အိမ်နှင့် ထိပ်တိုက်လာတိုးမိသည်။ နီနီတို့အိမ်က လယ်ယာတွေ ဘ နှစ်သီးစားတောင် စိုက်နိုင်ပြီး အောင်မြင်နေသနည်း။ တော်တော်ကောင်း သည့် တိုက်အိမ်ကြီးတောင် ဆောက်နိုင်နေပြီ။

သြော် . . . ထက်ခေါင်နှင့် အိမ်ထောင်ကျပြီးတော့ သူတို့ အတူတူနေကြသည့် အိမ်ဖြစ်မည်။ ထက်ခေါင်၏မိဘများက ချမ်းသာ ကြတော့ သည်လောက်အိမ်မျိုးတော့ ဆောက်ပေးနိုင်မည်။ ကိုရင် ကို အတွေးနှင့်ကိုယ် လက်စသတ်လိုက်သည်။ ဘာမှ ဆက်မတွေးချင်တော့

ထိုစဉ် ခလူး . . . ခလူး . . . ဟူသည့်အသံကို ကြားလိုက် သည်။ အသံကြားရာကြည့်လိုက်တော့ ဇရပ်ထောင့်တွင် အရှေး



www.burmeseclassic.com

www.burmeseclassic.com

ယောက် အိပ်ပျော်နေသည်ကို တွေ့လိုက်သည်။ ခုနက အတွေးလွန်နေပြီး အရှုးရှိမှန်းမသိ။

ထိုလူကို အရူးဟုသိရခြင်းမှာ ပြောင်းပြန်ဝတ်ထားသော အင်္ကျီ၊ ညစ်ပေနေသော မလုံတလုံပုဆိုးစုတ်။ ခြေထောက်မှာ ပန်းကုံးတွေ စည်းထားကာ ရင်ဘတ်မှာ ဒန်အိုးအစုတ်ကြီးကို ပိုက်ထားသောကြောင့် ဖြစ်သည်။

ပြီးလျှင် အိပ်စက်ရင်း မျက်နှာကို တစ်စုံတစ်ရာနှင့် အုပ်၍ထားသည်။ ဦးထုပ်ဖြစ်ဖြစ်၊ ခမောက်၊ ပဝါစဖြစ်ဖြစ်နှင့် အုပ်ထားလျှင် သဘာဝကျကာ သင့်လျော်သည်။ အခုဟာက ဖိနပ်နှင့် အုပ်ထားသည်။ မြေမှာစီးသော ဖိနပ်ကို မျက်နှာပေါ် ရက်ရက်ရောရောတင်ကာ ဆင်မြန်းချင်သူမှာ အရူးပင်ဖြစ်တော့မည်သာ။

ကိုရင် အကဲခတ်နေစဉ်မှာပင် အရူးက လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ပြီးလျှင် မျက်နှာမှာ အုပ်ထားသော ဖိနပ်ကိုခွာကာ ဆတ်'ခနဲ ထထိုင်လိုက်တော့သည်။ ထိုအခါမှ အရူးမျက်နှာကို ကိုရင် ဘွား'ခနဲ မြင်လိုက်ရတော့သည်။

"ဟင် . . ."

ကိုရင် အကြီးအကျယ် တုန်လှုပ်သွားသည်။

"ညဏ် . . . ညဏ်တိုး"

အရူးက ညဏ်တိုးဖြစ်နေသည်။ အရူးလည်း ကိုရင့်ကို မြင်သွားသည်။ အရူးနှင့် ကိုရင် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ ကြည့်နေကြတော့သည်။ အချိန်အတန်ကြာအောင် ကြာမြင့်စွာ ကြည့်မိသွားသည်။

ထိုစဉ်ပဲ ပြေးလာသောခြေသံတစ်စုံကိုလည်း ကြားလိုက်ရပြန်သည်။ အဝေးမှပြေးလာသော လူတစ်ယောက်။ တဖြည်းဖြည်း နီးနီးလာသည်။ လှမ်းကြည့်ပေမဲ့ ဘယ်သူမှန်း ကိုရင်မသိ။ နောက်ဆုံး ထိုပြေးလာသူ ကိုရင့်ရှေ့ အနီးဆုံးရောက်မှ သိတော့သည်။



"ထက် . . . ခေါင် . . ."

ကိုရင် အံ့ဩစွာ တစ်လုံးချင်း ရေရွတ်မိပြန်သည်။

ထက်ခေါင်သည်လည်း ညဏ်တိုးလောက်နီးပါး စုတ်ပြတ်နွမ်းချာနေသည်။ ခါတိုင်း တောက်တောက်ပြောင်ပြောင် ခေတ်ရှေ့ပြေးအောင် ဝတ်စားကာ တစ်ကိုယ်လုံး ဖြီးလိမ်းခြယ်သပြီးမှ နေတတ်လေ့ရှိသည့်သူ ဌေးသား။ အခု . . . ကိုရင် အံ့ဩမဆုံး ဖြစ်နေသည်။ ညဏ်တိုးကို ကြည့်လိုက်၊ ထက်ခေါင်ကို ကြည့်လိုက်နှင့်။ ဘာတွေလဲ။

ထက်ခေါင်ကတော့ ရူးပုံမရ။ သို့သော် ပုံစံက ဖျော့တော့ယိုင်ယိုင်နှင့် ရောဂါသည်ပုံပေါက်နေသည်။

ကိုရင် ကြည့်နေစဉ်မှာပဲ . . .

"တန်တန် တန့်တန် . . . တန်တန်တန့် . . . တန် . . . တန် တန် . . ."

အရူးက ထအော်တော့သည်။ သီချင်းလိုလို သံစဉ်ကို အော်ဟစ်ဆိုသည်။ ပြီးလျှင် တစ်ယောက်တည်း ထက'လေသည်။ ကိုရင် ကြည့်ပြီး စိတ်ဆင်းရဲနေသည်။ အရူးက ကိုရင့်ကို အားရပါးရ ပြုံးပြတာခုန်နေသည်။ ထိုသို့ ကခုန်နေရာမှ ထက်ခေါင်၏ ပါးတစ်ဖက်ကို ဖျစ်'ကာ အရူးခုန်ပေါက်ပြေးထွက်သွားသည်။ နောက်လှည့်မကြည့်တော့။

အရူးထွက်သွားမှ ကိုရင် ထက်ခေါင်ကို ကြည့်ရပြန်သည်။ ထက်ခေါင်လည်း အင်အားမရှိသော မျက်လုံးများဖြင့် တစ်မျိုးတမည် ပြန်ကြည့်နေသည်။ ထက်ခေါင်ကိုရင်နှင့် မတွေ့ဖြစ်တာ ကြာပြီပဲ။ ဘယ်လောက်တောင် ကြာပြီလဲ။

နောက်ဆုံးတစ်ယောက်နှင့်တစ်ယောက် အနိုင်အရှုံး ပြတ်ပြတ်သားသား ဆုံးဖြတ်ကာ ကတိစကားအတိုင်း တည်ခဲ့ကြပြီးနောက် မတွေ့ခဲ့ကြသည် မဟုတ်ပါလား။



www.burmeseclassic.com

(၈)

ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ လောက၏ အလှည့်အပြောင်း အချိုးအကွေ့များမှာ တစ်ခါတလေ ပြတင်းပေါက်ပိတ်ထားပါလျက် အတင်းတိုးဝင်လာသော မိုးစက်မိုးမှုန်များကဲ့သို့ ကိုယ့်အပေါ် ပက်စင်လာနိုင်သည်။ ထို့အတွက်လည်း သူ့တွင် အကြောင်းပြချက်ရှိဟန်မတူ။ နိမ့်မြင့်လောကဓံဟုပဲ ယုံကြည်လိုက်ရမည်လား။

တံခွန့်အတွက် ခက်ခဲသော နေ့ရက်များ ရောက်လာသည်။ ခက်ခဲရုံတင်မက ပူဆွေးသောက များစရာများလည်းဖြစ်သည်။ တံခွန့် ညီလေး ဆုံးသွားပြီ။

ညီလေးက ငယ်စဉ်ကတည်းက အများသူ ငါလို ဉာဏ်ရည်မျိုး မရခဲ့။ ခန္ဓာကိုယ်သန်စွမ်းမှု မှုတသော်လည်း ဉာဏ်ရည်ပိုင်း ယိုယွင်းခဲ့။ ကျောင်းပင်မူလတန်းကျော်အောင် မထားနိုင်ခဲ့။ တံခွန့်အဖေက သစ်စက်ဘက်တွင် အလုပ်လုပ်သူဖြစ်ပြီး တံခွန်ကလည်း မြို့နှင့်ရွာကူးသော ယာဉ်ကြောလိုင်းတွင် အလုပ်ဝင်နေသဖြင့် ကြားထဲ ညီလေးအတွက် စောင့်ရှောက်မှု အားနည်းခဲ့သည်။ ဘေးအိမ်က ဒေါ်ကြီးစိန်ကလည်း ညီလေးကို ချစ်ရှာသည်။ မကြာခဏ စောင့်ရှောက်အဖော်လုပ်တတ်သည်မို့ စိတ်ချရသည်။



ညီလေးကလည်း ဉာဏ်ရည်မပြည့်တာကလွဲရင် ပြဿနာ သိပ်မရှာတတ်ဘဲ အိမ်မှာနေ စားချိန်တန်စားပြီး ကျန်သည့်အချိန်များတွင် စာအုပ်ထဲ ဘောလ်ပင်တစ်ချောင်းနှင့် ရုပ်ပုံတွေ လျှောက်ဆွဲနေတတ်သည်။ ဆွဲပြီးသားရုပ်ပုံများကို အဖေပြန်လာရင် အဖေ့ကိုပြ၊ တံခွန်ပြန်လာရင် တံခွန့်ကိုပြ၊ ဒီလိုမှမဟုတ်လျှင် သူ့ဘာသာ ပြန်ပြုံးကြည့်နေတတ်သည်။ ညီလေးဆွဲသည့် ပုံထဲတွင် မိန်းမတစ်ဦး၏ပုံ အမြဲပါဝင်နေတတ်ပြီး ထိုပုံကို ညီလေးက 'ဒါ . . . မေမေ့ပုံ' ဟု ပြောတတ်သည်။ ထိုသို့ပြောသည့်ညတိုင်း အဖေ အရက်ပိုသောက်ဖြစ်သည်။ မေမေက ညီလေး ငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့သည်မဟုတ်ပါလား။

ညီလေးဆုံးမည့်နေ့က ဘာနိမိတ်ပုံတွေ ပြသေးလည်း တံခွန်စဉ်းစားသည်။ အသားလှုပ်တာ ခလုတ်တိုက်တာပင် မရှိခဲ့။ ထိုနေ့က မြစ်ထဲ ရေချိုးအဝတ်လျှော်မည့်သူများနှင့် ညီလေး လိုက်သွားသည်တဲ့. ခါတိုင်း ဒီလိုလိုက်သွားတာမျိုး မရှိခဲ့။ မြစ်ဆိပ်ရောက်တော့ ရေဆင်းကူးရင်း . . .

"ဟိုမှာ . . . မေမေ . . . ဟိုမှာ မေမေ . . ." ဆိုပြီး ရေနက်ပိုင်းဘက် ကူးသွားရာမှ ပြန်ပေါ်မလာတော့ပေ။

ဝိုင်းရှာခဲ့ကြပေမဲ့ အချိန်အတော်ကြာတဲ့အထိ ရှာမတွေ့ခဲ့။ နေဝင်ချိန်မှ အလောင်းက တရွေ့ရွေ့ ကမ်းဆီ မျောလာခဲ့သည်။ တော်သေးသည်။ အလောင်းပြန်ရလို့။

ယခု အဖေက အမှောင်ထဲမှာပဲ ပုလင်းရှည်ရှည်နှင့် ဖန်ခွက်ကလေးနှင့်။

"အဖေ မစောင့်ရှောက်နိုင်ခဲ့ဘူးကွာ"

ဒီအရည်တွေသောက်နေမှတော့ ဘယ်စောင့်ရှောက်နိုင်ပါ့မလဲ ဟု သူ အပြစ်မတင်ရက်ပါ။

"ကိုယ့်ကိုယ်ကိုယ်သာ စောင့်ရှောက်ပါအဖေ"



www.burmeseclassic.com

www.burmeseclassic.com

သူ ဒီလိုပြောတော့ အဖေက မော့ကြည့်သည်။ သူက . . .

"အဖေလည်း အသက်ကြီးလာပြီလေ"

ဟုပြောကာ သူ အိမ်အပြင်ထွက်ခဲ့သည်။ အဖေက သူပြောခဲ့သည့် စကားမှာ အတွေးများစွာ ပြန့်ကျဲရင်း ကျန်ရစ်ခဲ့သည်။

သူ အိမ်အပြင်ထွက်ခဲ့တော့ အသုဘမြင်ကွင်းကလည်း သူ့ကို စိတ်ညစ်ညူးစေနေသည်။ ညီအစ်ကိုနှစ်ယောက်တည်းရှိသည်မို့ ညီလေးကို သူချစ်သည်။ မိမိနှင့် သွေးသားတော်စပ်သူတစ်ဦးကို စွန့်လွှတ်ရသောအခါ သဘာဝက မျက်ရည်စက်တွေ ထုတ်လွှတ်ပေးသည်။ သူ ငိုကြွေးခဲ့ပါသည်။ ပြန်မရအောင် ဆုံးရှုံးခဲ့သော ညီလေးအတွက် သူ ငိုကြွေးရုံကလွဲ၍ သူ ဘာမှ ထပ်မလုပ်နိုင်ခဲ့။ ကောင်းရာဘဝ လားပါစေဟုသာ နှုတ်မှ ရွတ်နိုင်ခဲ့သည်။

အစဉ်အလာအတိုင်း အသုဘလုပ်တော့ လူတွေလာကြပါသည်။ မေးကြ၊ မြန်းကြ 'ဖြစ်မှဖြစ်ရလေ . . .' 'သြော် . . . ကျွတ် – ကျွတ်' နှင့် အမူအရာတွေ ထပ်အောင် စိတ်မကောင်းဖြစ်ပြကြသည်။ တကယ်စိတ်မကောင်းသူများ ပါသော်လည်း အများစုက မျက်လုံးတခြား၊ မျက်နှာတခြား ဟန်ဆောင်ကြသည်ကို သူ အကဲခတ်မိလိုက်သည်။

လူမှုရေး ဆန်ဆန်တွေရာလေးပါ ပြောပြီးလျှင် ဖဲဝိုင်းသွားထိုင်ကြပြန်သည်။ ဖဲဝိုင်းမှာ အကောက်ရတော့ အလှူငွေပို့ရသည်ဟု ဆိုကြပေမဲ့ တံခွန်ကတော့ အာရုံနောက်သည်။ အလှူငွေ ရမရတော့မသိ။ ဖဲရှုံးလို့ အလှူခံဖလားထဲကငွေတွေ တစ်ယောက်ပြီးတစ်ယောက် ခဏခဏ ပြန်လာချေးနေတာတော့ တွေ့ရသည်။ ကောင်းသည်။ ကိုယ်လှူတဲ့ဟာ ကိုယ်ပြန်ချေးနေသည်။ ဖဲချပ်တွေ ပွတ်ရင်း ပြုံးသွား၊ မဲ့သွား၊ တည်သွား၊ စိတ်ပျက်သွား၊ ဆဲရေးသွားသည့် မျက်နှာသွင်ပြင်များကိုလည်း တံခွန် မြင်နေရသည်။



ဘာတွေမှန်းမသိ။ ရှုပ်ထွေးနေသည်။ တံခွန် နေရထိုင်ရတာ ကျဉ်းကြပ်မွန်းလောင်လာသည်။ လူတွေနှင့် ခပ်ဝေးဝေးမှာသာ သွားချင်နေတော့သည်။

ဒီကြားထဲ ထွန်းမော်က ဘာစကားမှန်းမသိ လာပြောသေးသည်။

"အဲ့ဒါ မင်းတို့ မျိုးရိုးစီးနေတာကွ။ မင်းလည်း ဆင်ခြင်"

"ဘာကိုလဲ၊ ဘာပြောတာလဲ"

"ကျွတ် . . . မင်းကလည်း မင်းအမေလည်း ရေနစ်သေတာလေ။ အခု မင်းညီလည်း ရေနစ်သေတာပဲ။ ဒါမျိုးရိုးစီးတာလို့ ခေါ်တယ်။ ဟိုဘက်ရွာက ငါ့အမျိုးတွေဘက်မှာလည်း အဲ့ဒီလိုရှိတယ်။ ငါ့ အဘိုးတစ်ယောက် ကျွဲခတ်ပြီးသေတာ။ သူ့သမီးကျတော့လည်း သူ့ ဘာသာသူ ဟင်းရွက်ခူးနေတုန်း နောက်ကနေ ကျွဲခတ်ပြီး သေသွားတာ"

"အာ . . . ဒါ ဘေးဥပါဒ်ကြောင့် သေတာပဲ။ မျိုးရိုးနဲ့ ဘယ်ဆိုင်မှာလဲဟ"

ထွန်းမော်ကတော့ သူ့ယုံကြည်မှုကိုသာ သူ အပြတ်အသက်ယုံကြည်သည့်မျက်နှာမျိုး လုပ်နေသည်။ တံခွန် ဘာမှမပြောတော့ပါ။

စိတ်တွေ အရမ်းရှုပ်နေသည်။ သက်ပြင်းတွေသာ မှုတ်မှုတ်ထုတ်နေရသည်။ သက်ပြင်းတွေနှင့် ဝေးသည့် အေးငြိမ်းရာသို့ သူသွားချင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အဆုဘပြီးသည့် သိပ်မကြာသည့် ရက်ပိုင်းတွင်ဘဲ သတင်းဆိုးတစ်ခုက နောက်ထပ်ရောက်လာသည်။ နီနီနှင့် ထက်ခေါင်ကို သဘောတူလိုက်ကြပြီတဲ့။ ကာယကံရှင်အရဆိုလျှင် နီနီက သဘောတူမည်မဟုတ်။ အုပ်ထိန်းသူနှင့် ကြောင်းလမ်းသူတွေသာ အချင်းချင်း သဘောတူသွား ကြခြင်းဖြစ်မည်။ ဘာပဲဖြစ်ဖြစ် တံခွန့်အတွက် တစ်ပူပေါ် နောက်တစ်ပူက အချိန်ကိုက်ဆင့်ခဲ့ပြီ။

"မင်း ဘာလုပ်မလဲ . . . တံခွန်။ တစ်ခုခုတော့ မဖြစ်မနေ လုပ်ရမယ်"

" . . . . . "

"နီနီကတော့ မင်းဘက်မှာ ရှိနေမှာပဲ။ ကြာတယ်။ မင်းတို့ ခိုးပြေးကြကွာ"

သူ စွန့်စားရင်တော့ နီနီက လိုက်ဝံ့မည်ဟု ယုံကြည်ပါသည်။ သို့သော် ယခုအချိန်က သူ့ညီလေးဆုံးထားတာ အလောင်းဖို့တဲ့ မြေတောင် မြေသားမကျသေး။ ထိုသို့ ပူပူနွေးနွေးအချိန်မှာ သူက မိန်းမ ထပ်ခိုးရမည်လား။

"ငါ ထက်ခေါင်နဲ့ သွားညှိရင် ကောင်းမလား"



"ရှူးပဲ . . . တံခွန်ရာ၊ ဗိုက်ဆာနေတဲ့ ကျားကို သက်သတ်လွတ်စားခိုင်းဖို့ ဘယ်လိုလုပ် ညှိရမှာလဲ။ ဒီကောင်က ဒီလိုနေ့ရက်ကို စောင့်နေတာဟ"

ဉာဏ်တိုး စိတ်ရှုပ်စွာ ဆံပင်တွေကိုဖွ၍ အပြစ်တင်သည်။

သူတို့ ရွာအစွန်က ညောင်ပင်အောက်မှာ စကားပြောနေစဉ်ပဲ ထက်ခေါင်တို့ကို လှမ်းတွေ့လိုက်ရသည်။ ထက်ခေါင်၏နောက်တွင် ကိုမြင့်ဟန်နှင့် သူ့ကောင်တွေ အတန်းလိုက်ပါလာသည်။ သူတို့အနား ရောက်လာတော့ ထက်ခေါင်ကပဲ စကားစသည်။

"မင်းလည်း ကြားပြီးပြီထင်တယ် . . . တံခွန်"

"အင်း . . . ကြားပြီးပါပြီ။ ငါလည်း ခဏနေ အဲ့ဒီကိစ္စအတွက် မင်းနဲ့ စကားလာပြောမလို့ပဲ"

"အဟား . . . စိတ်ဝင်စားစရာပဲ။ ဘယ်လိုစကား လာပြောမလို့လဲ"

"သေချာတော့ မသိဘူး။ ငါသိသလောက်တော့ မင်းက ဆိုးတတ်ပေတတ်ပေမယ့် အနိုင်ကို မမျှမတ အလွယ်တကူ မယူတတ်ဘူး။ နီနီ့ကို မင်းရရင် မင်းရဲ့ အနှစ်နှစ်အလလ မျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်တာ ဖြစ်သလို ငါ့ကို အနိုင်ရတာလည်း ဖြစ်မယ်မို့လား"

" . . . . . "

ထက်ခေါင် ငြိမ်လျက် နားထောင်နေသည်၊ တံခွန်က ဆက်ပြီး . . .

"ဒါပေမဲ့ မင်း နီနီ့ကိုယူပြီးမှ နီနီ့စိတ်ထဲမှာ ငါ ရှိနေသေးတယ်ဆိုရင် မင်း ကျေနပ်မှာ မဟုတ်ဘူးလေ။ မင်းရဲ့ပိုင်ဆိုင်မှုဟာ ပြည့်စုံတဲ့ ပိုင်ဆိုင်မှု ဖြစ်မှာမဟုတ်ဘူးလေ။ ဒါကြောင့် မင်းနဲ့ငါနဲ့ကြားမှာ ညှိလို့ရမယ့်ကိစ္စတစ်ခုခု ရှိမယ်လို့ ငါထင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထက်ခေါင်က ပခုံးတွန့်သည်။ ကိုမြင့်ဟန်က ထက်ခေါင်ဆီမှ အလကားရသော စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ် ရှိုက်ဖွာနေသည်။ ထက်ခေါင်က . . .

"မင်း မဆိုးပါဘူး။ ငါ့စိတ်ကို အကြမ်းဖျင်း ခန့်မှန်းနိုင်သားပဲ။ ဟုတ်တယ် . . . မင်းပြောသလိုပဲ ငါနဲ့လက်ထပ်ပြီးမှ နီနီ့ရင်ထဲမှာ မင်းရှိနေတာမျိုးကို မလိုချင်ဘူး။ ဒီတော့ မင်းနဲ့ ငါ ပြတ်ပြတ်သားသား လုပ်ကြမှဖြစ်မယ်"

" . . . . "

"မင်းနဲ့ငါ ပြိုင်ပွဲတစ်ခုလုပ်မယ်။ ပြိုင်ပွဲဆိုပေမဲ့ မင်းနဲ့ သိပ်အစိမ်းကြီးမဟုတ်ပါဘူး။ ပြောရရင် ငါကတောင် ရှုံးကြေးဆပ်ချင်လို့ စိန်ခေါ်တဲ့ပုံ ပေါက်နေဦးမှာပါ"

"ဘာလဲ ရေကူးပြိုင်မလို့လား"

ဉာဏ်တိုး ဝင်မေးသည်။ ထက်ခေါင်နှင့် တံခွန် ဆယ်တန်းတုန်းကလည်း ကိစ္စတစ်ခုကြောင့် ရေကူးပြိုင်ခဲ့ကြသေးသည် မဟုတ်လား။ ထိုပွဲတွင် ထက်ခေါင် ရှုံးခဲ့သည်ကို ဉာဏ်တိုး မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်မို့ ယခု သူ့စကားအသွားအလာကို ကြည့်ပြီး ဘာကိုပြောချင်မှန်း ဉာဏ်တိုး ခန့်မှန်းမိသွားသည်။

ထက်ခေါင်က ဉာဏ်တိုးကို ကြည့်သည်။ ခပ်ပြုံးပြုံးနှင့် . . .

"ဟုတ်တယ် . . . ဉာဏ်တိုး မင်း မှတ်မိသားပဲ။ အေးလေ၊ အဲ့ဒီတုန်းက မင်းပဲ ရေကူးပြိုင်ဖို့ အကြံပေးခဲ့တာပဲလေ။ အင်း . . . မင်းက ဉာဏ်ကောင်းတဲ့ကောင်ဆိုတော့ မှတ်မိမှာပေါ့"

" . . . . . "

"ပြိုင်ပွဲက ရိုးရိုးလေးပဲ။ မင်းလက်ခံဖို့ မျှော်လင့်ပါတယ်"

ထက်ခေါင်က တံခွန်နိုင်ဦးမည်ဟု သူထင်သည်။ တံခွန်နှင့် သူက ရေအတူ ကူးနေကြမဟုတ်လား။ တံခွန်က ရေကူးသည့်နေရာတွင်



တော့ ကျွမ်းကျင်ပြီးသား အသောက်အစားမရှိသည်မို့ အမောအပန်းလည်း ခံနိုင်သည်။ ထက်ခေါင်ကတော့ ဆန့်ကျင်ဘက်ပင်။

တံခွန်ကတော့ ချိန်ချိန်ဆဆ တွေးသည်။ သူတို့ ကမ်းလှမ်းမှုမှာ ဘာမာယာမှ ရှာမတွေ့ဘဲ စိတ်ချရလောက်မှ . . .

"ကောင်းပြီလေ . . . ဘယ်တော့စမှာလဲ"

"အခုစမယ်"

ထက်ခေါင်ဘက် စိတ်အားထက်သန်လျက်။ တံခွန်က . . .

"အခု ညကြီး ပြိုင်မှာလား"

"နေ့တွေညတွေ ခွဲဖို့လိုသေးလို့လား"

တံခွန် အသံတိတ်သွားသည်။ ဉာဏ်တိုးကတော့ စကားတစ်ခွန်းပင် အကြောမခံဘဲ . . .

"ဒါဆိုလည်း အခုပဲ ချောင်းဘက် သွားကြတာပေါ့ကွာ"

"နေဦး"

ထို 'နေဦး' က တစ်လျှောက်လုံးငြိမ်နေသည့် ကိုမြင့်ဟန်၏ အသံ။

"ဒီလောက် အရေးကြီးတဲ့ပွဲကို ချောင်းငယ်ထဲမှာ ကလေးတွေ ရေကူးသလိုမျိုးလောက်နဲ့ သွားပြိုင်လို့ ဘယ်ဖြစ်မလဲ။ မြစ်ထဲမှာ သွားပြိုင်ရမယ်"

"မြစ်ထဲ"

"အင်း . . ."

"မြစ်ဟိုဘက်ကမ်း ဒီဘက်ကမ်း ဘယ်လိုကူးမှာလဲဗျ။ ဒီကောင်တွေက ညောင်ဦးဖီးမှ မဟုတ်တာ"

"ရပါတယ်။ အဲ့ဒီအတွက် စီစဉ်မှာပေါ့။ မြစ်ဟိုဘက်ကမ်းအထိ မလိုပါဘူး။ ကမ်းကနေ မြစ်လယ်မရောက်တရောက်လောက်မှာ လှေတစ်စင်း ထားလိုက်မယ်ကွာ။ အဲ့ဒီလှေက ပန်းတိုင်ပေါ့။ လှေဆီအရင်ရောက်တဲ့လူ အနိုင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

“. . . . . .”

တံခွန်နှင့် ဉာဏ်တိုး တစ်ယောက်မျက်နှာတစ်ယောက် တိုင်ပင်သလို တစ်ချက်ကြည့်သေးသည်။ သူတို့စိစဉ်ထားသည့်အတိုင်းလည်း သင့်လျော်တာပဲဟု တွေးမိကာ ခေါင်းညိတ်လိုက်သည်။

“ရှုံးကြေးကတော့ ထုံးစံအတိုင်းပေါ့ . . . တံခွန်ရာ၊ နိုင်တဲ့သူက ရှုံးတဲ့သူကို ကြိုက်တာစေခိုင်းကြေး”

“ငါ လက်ခံတယ် ထက်ခေါင်”



လခြမ်းကွေးက အဖြူရောင် တံစဉ်တစ်လက်နှင့် ချွတ်စွပ်တူနေသည်။ လရောင်က မြစ်ဆီ ဖြူလွှလွှ သက်ရောက်နေသည်။ ရေအောက်ကို ကျောက်ချလိုက်သည်။ ဝါးလုံးထောင်လိုက်သည်။ ထိုနည်းဖြင့် လှေကို ရပ်တန့်လိုက်သည်။

လှေပေါ်တွင် ကိုမြင့်ဟန်၊ ထူးညိုနှင့် ဉာဏ်တိုး၊ ကမ်းပေါ်တွင် ဆန်းဝင်းချစ်၊ ဆန်းမင်းချစ်၊ ဘူးသီးနှင့် အောင်ပြည့်တို့ရှိသည်။ ကမ်းစပ်တွင်တော့ ပြိုင်ပွဲဝင်မည့် တံခွန်နှင့် ထက်ခေါင် ပြင်ဆင်စရာရှိတာ ပြင်ဆင်နေသည်။

အကြောလျှော့ခြင်း၊ အသက်ရှူသွင်းရှူထုတ်လုပ်ခြင်းတို့ လုပ်နေကြသည်။ တံခွန်က ဘာကြောင့်မှန်းမသိ စိတ်ထဲတွင် လေးနေသည်။ ဒီရက်ပိုင်း စိတ်ကြည်လင်ခြင်း မရှိထားသောကြောင့်လည်း ဖြစ်မည်။ ထက်ခေါင်ကို လှမ်းကြည့်ဖြစ်သည်။ ထက်ခေါင်က သူ့အကြည့်ကို ခံသည်။

“ဘာပြောချင်သေးလို့လဲ”

“ငါ မတော်တဆ ရှုံးသွားရင် မင်း နီနီ့ကို အကောင်းဆုံး စောင့်ရှောက်စေချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . အဲ့ဒါ မင်းပြောစရာ မလိုပါဘူး။ တကယ်တော့ ငါလည်း မင်းကို ပြောချင်ခဲ့တာပါ။ ငါ ရှုံးသွားရင် မင်းလည်း နီနီ့ကို ကောင်းကောင်းစောင့်ရှောက်ပါလို့။ ဒါပေမဲ့ . . ."

" . . . . ."

"ဒါပေမဲ့ . . . ငါက ရှုံးမှာမဟုတ်ဘူးလေကွာ။ အဟက် . . ဟက် . . . ဟက် . . ."

ထို့နောက် မိနစ်ပိုင်းအတွင်းပဲ ပွဲစဖို့ ဖြစ်လာတော့သည်။

ကမ်းပေါ်မှ မီးခြစ်သုံးချက်ခြစ်ပြလိုက်သည်ကို လှေပေါ်မှလူတွေက လှမ်းမြင်လိုက်ရသည်။ လှေပေါ်မှ ကိုမြင့်ဟန်ကလည်း ပြန်လည်ပြီး မီးခြစ်သုံးချက် ခြစ်ပြလိုက်သည်။ ထို့နောက်မှာတော့ . . .

"ဝုန်း . . ."

ခနဲ လူရိပ်နှစ်ခု ရေထဲ ထိုးချသွားလေသည်။

ပွဲစလေပြီ။ ပုံမှန်အတိုင်းပင် အစပိုင်းကတော့ မည်သူ့မည်သူမှ သိသိသာသာ မသာကြ။ ဘတစ်ပြန် ကျားတစ်ပြန် ကျော်တက်နေကြသည်။

ညဏ်တိုး ရင်ဖိုနေသည်။ တံခွန်နိုင်မည်ဟု ယုံကြည်ထားသော်လည်း ရင်ထဲကတော့ လေးနေသေးသည်။ ပန်းတိုင်ရောက်ဖို့ တစ်ဝက်ကျော်ကျော်လောက်ကို တံခွန်က ဦးဆောင်လာနိုင်မှ ညဏ်တိုး စိတ်နည်းနည်း ပေါ့ပါးရသည်။

"တံခွန် . . . လုပ်ထား . . . ထုပ်ထား။ ဒါ မင်းနဲ့ နီနီရဲ့ အနာဂတ်ပဲ"

ညဏ်တိုးက လှမ်းအော်သည်။ ထက်ခေါင်လူတွေကလည်း ထက်ခေါင် ထက်ခေါင်နှင့် သံပြိုင်အော်လေသည်။ အော်သာအော်တာ ပြိုင်ပွဲဝင်နှစ်ယောက်က သူတို့အော်တာ ကောင်းကောင်းကြားလောက်သော အကွာအဝေးတွင် မရှိသေးပါ။ တကယ်ကူးတော့မှ ထက်ခေါင်လည်း ရေကူးကျိတ်ပြီး လျှို့ဝှက်လေ့ကျင့်ထားကြောင်း ညဏ်တိုး သတိထားမိလိုက်သည်။ အမောမခံနိုင်ပေမဲ့ ပါးပါးနပ်နပ်ကူးကာ တံခွန်နှ[illegible] သိပ်မကွာဘဲ လိုက်နိုင်နေသည်။

သူတို့ အော်ဟစ်အားပေးနေကြပေမဲ့ ကိုမြင့်ဟန်ကတော့ နှင[illegible] ခမ်းမွေးစစကို ဆွဲကာ သဲ့သဲ့ရယ်နေသည်။ တဖြည်းဖြည်း ပန်းတိုင်[illegible] သို့ နီးလာပါပြီ။ တစ်ခုခု လှမ်းအော်ပြောလျှင်လည်း ကောင်းကောင်[illegible] ကြားနိုင်မည်ဖြစ်သော အကွာအဝေးလောက် ရောက်လာပြီ။ ထိုအခါ[illegible] ကိုမြင့်ဟန်က လှေဝမ်းထဲမှ ဘီယာသံဘူးကိုယူ၍ ဖောက်ကာမြှလိုက်[illegible] ပြီး . . .

"တံခွန်ရေ . . ."

ဟု လှမ်းအော်လိုက်သည်။ ပြီးလျှင် ဆက်၍ . . .

"မင်းညီရဲ့အလောင်းကို အခု မင်းရောက်နေတဲ့ နေရာလောက်[illegible] မှာ တွေ့ခဲ့တာပေါ့ကွာ"

"ဟင်"

ထိုဟင်က ညဏ်တိုး၏အသံ၊ ထိုစကားကို ခေါင်းဖော်က[illegible] လက်ပစ်ကူးနေသော တံခွန်ကလည်း ကောင်းကောင်းကြားသွားသည်[illegible]

"မင်းညီတင်မကဘူး မင်းအမေ ရေနစ်သေတုန်းကလည်း အဲ့[illegible] နေရာမှာလို့ ငါထင်တာပဲ"

"ဟာ . . . ခင်ဗျား ဘာလို့ ဒီလိုတွေလျှောက်ပြောရတာလဲ"

ညဏ်တိုးက ချောက်ချောက်ချားချား ပြန်အော်သည်။ ကိုမြင့်[illegible] ဟန်စကားတွေ လှမ်းကြားနေရသော တံခွန်လည်း ရင်ထဲတစ်မျိုးကြီ[illegible] ဖြစ်သွားသည်။ ဘယ်လိုခံစားမှုကြီးမှန်းမသိ ဆိုးဆိုးရွားရွား ဝင်လာသည်[illegible]

ကိုမြင့်ဟန်က . . .

"ဟား . . . ဟား . . . ငါက အမှန်တွေပြောနေတာကွ။ အ[illegible] မင်းအမေနဲ့ မင်းညီလေး သေခဲ့တဲ့ရေထဲမှာ မင်းလည်းကူးနေတာ[illegible] ကောင်းလေး"

"တံခွန် . . . အဲဒါတွေ အာရုံမထားလိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်ဟန်စကားတွေက တံခွန်ဆီ စူးစူးဆိုက်ဆိုက်ဝင်လာသည်။ စိတ်ကိုလာမှန်သည်။ တံခွန်ရှုပ်ထွေးသော အတွေးတွေ ဝင်လာသည်။ ကိုမြင့်ဟန် စကားတွေတင်မက အသုဘတုန်းက ထွန်းမော်ပြောသည့်စကားကိုလည်း ပြန်ကြားယောင်လာမိသည်။

"အဲဒါ မင်းတို့ မျိုးရိုးစီးနေတာကွ။ မင်းလည်း ဆင်ခြင်၊ မင်းအမေလည်း ရေနစ်သေတာ။ အခု မင်းညီလည်း ရေနစ်သေတာ။ မင်းလည်း ဆင်ခြင်၊ မင်းလည်း ဆင်ခြင်"

ထိုစကားတွေ ကြားယောင်ပြီးချိန်တွင်ပဲ ရေထဲက တစ်ခုခုက ဆွဲချလိုက်သလို ကျွံကျသွားမိသည်ဟု သူထင်သည်။ သူ သိလိုက်သည်က ဘာပယောဂမှမဟုတ်။ ခြေထောက် ကြွက်တက်သွားတာဖြစ်ကြောင်း သူ သိသည်။ ရေတွေ နှာခေါင်းထဲဝင်လာသည်။ မျက်လုံးတွေ ပြာလာသည်။

"မင်းတို့က မျိုးရိုးစီးနေတာ။ မင်းတို့က မျိုးရိုးစီးနေတာ . . . မင်းတို့က . . ."

ရေထဲမှာ မေမေ့ကို လှမ်းတွေ့ရသလိုမျိုး မြင်နေသည်။ မဟုတ်ဘူး . . . ဒါအာရုံတွေ။ မေမေက လက်ယပ်ခေါ်နေသည်။ မေမေ့နောက်မှာ ညီလေး၊ ညီလေးက ခဲတံနှင့်ဆွဲထားသောပုံကို စာရွက်ကိုထောင်၍ ပြနေသည်။ စာရွက်ထဲမှာ တံခွန့်ပုံကို ဆွဲထားသည်။ ပြီးတော့ . . . 'ကိုကို . . . မြန်မြန်လာခဲ့' ဟု ခေါ်နေသည်။ သူ မြင်နေရသည်။ မဟုတ်ဘူး။ ဒါမကောင်းတဲ့ အာရုံတွေ စိတ်က ကယောင်ကတမ်းမြင်တာတွေ။ ငါ . . . ငါ ရုန်းမယ်။

"ဟာ . . . တံခွန် . . . တံခွန် ဘာဖြစ်နေပြီလဲ မသိဘူး"

လှေပေါ်က ကျန်တဲ့သူတွေလည်း အအော်ရပ်ပြီး စိတ်လှုပ်ရှားကုန်သည့်မျက်နှာနှင့် တံခွန်ကို လှမ်းကြည့်သည်။ ကြည့်နေစဉ်မှာပဲ တံခွန်ရေအောက်ထဲ ထိုးကျသွားသည်ကို တွေ့လိုက်ရသည်။

"ဝုန်း"



ခနဲ ဉာဏ်တိုး ရေထဲခုန်ချလိုက်သည်။

တံခွန့်ကိုဆယ်ကာ လှေဆီခေါ်ခဲ့သည်။ လှေကလည်း သူတို့ဆီ သွားသည်။ လှေပေါ်ရောက်နှင့်နေပြီဖြစ်သော ထက်ခေါင်ကပါ ကူညီဆွဲတင်သည်။ ကမ်းသို့ လှော်သည်။

လှေပေါ်မှာပဲ ရေတွေထိုးအန်ပြီး တံခွန်သတိရသည်။ မျက်လုံးပြာနေသဖြင့် ဖွင့်လိုက်ပိတ်လိုက် ကြာကြာ လုပ်လိုက်ရသည်။

"တံခွန် . . . ဘယ်လိုနေလဲ . . . ဟေ့ကောင်"

"ငါ . . . ငါ . . . ကြွက်တက်သွားတာ"

"ဟာ . . . တကယ့်ပွဲကျမှကွာ"

တံခွန် ထက်ခေါင်ကို ကြည့်လိုက်သည်။ ထက်ခေါင်မျက်နှာက တည်ငြိမ်လျက်။

"မင်း ဒီလိုဖြစ်သွားတာတော့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အရှုံးအနိုင်ကတော့ သပ်သပ်ပေါ့ကွာ"

တံခွန် ခေါင်းငိုက်ကျနေသည်။ ဉာဏ်တိုးက ကိုမြင့်ဟန်ကို ခပ်စိုက်စိုက် ကြည့်နေမိသည်။ ဒီလူ ကောင်းကောင်း ဒုက္ခပေးသွားကြောင်း ဉာဏ်တိုး သိလိုက်ပါပြီ။ မြစ်ထဲမှာ တံခွန့်ကို စိတ်ဓာတ်ဒဏ်ရာရအောင် လုပ်ပြီး အရေးနိမ့်စေခဲ့သူ။

တံခွန် ခေါင်းပြန်မတ်ကာ ထက်ခေါင်ကို လှမ်းကြည့်သည် စေ့စေ့ကြည့်ခြင်းဖြစ်သည်။ ပြီး ဖြည်းညင်းဝမ်းနည်းစွာ သူ ဝန်ခံလိုက်ပါသည်။

"ငါ ရှုံးပါတယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ဆံချတော့ ပဝါကို အဖေနှင့်ဉာဏ်တိုးက ကိုင်ပါသည်။ ဆရာတော်က ကြာသပတေးဖွားဖြစ်သော သူ့အတွက် ဘွဲ့အမည်ကို ရှင်ပညာသာမိပ ပေးသည်။

"မိဘအောက်နိမ့်တော့ အဝဇာတတဲ့။ မိဘနဲ့ တန်းတူဆိုတော့ အနုဇာတတဲ့။ အခုကိုရင် မိဘထက်ကြီးမြတ်ပြီဆိုတော့ အတိဇာတဖြစ်ပြီပေါ့။ ကိုယ့်ကုသိုလ်အတွက် ကိုယ့်မိဘတွေကိုပါ စိတ်နဲ့အမျှဝေပေးဟုတ်လား"

ဆရာတော်က သူ သင်္ကန်းဝတ်ပြီး မကြာခင် ထိုသို့ မိန့်ခဲ့သည်။

ထက်ခေါင်က ပြိုင်ပွဲမှာ အနိုင်ရတော့ သူ့ကို နီနီနှင့် ဝေးဝေးထွက်သွားရန် ပြောသည်။ သူက ကတိအတိုင်း သင်္ကန်းဝတ်လိုက်သည်။ ထက်ခေါင်လည်း သူ့ဆုံးဖြတ်ချက်အပေါ် အံ့ဩကျေနပ်သွားသည်။ သူ ကိုရင်အဖြစ်သို့ ရောက်ကတည်းက ဘယ်သူနှင့်မှ အတွေ့မခံတော့။

အဖေမှလွဲ၍ တခြား သူငယ်ချင်း၊ အသိအကျွမ်း၊ ဆွေမျိုးမည်သူနှင့်မျှ အတွေ့မခံ။ နီနီ ကျောင်းသို့ ဘယ်နကြိမ်လာခဲ့သလဲပင် သူ မသိ။ ဆွမ်းခံလျှင်လည်း တခြားရွာတွေဘက်ပဲ သွားသည်။ မိမိရွာသို့ ခြေဦးပင် မလှည့်။ အဖေ ဒကာကြီးကလည်း သူ ကိုရင်ဝတ်လိုက်ကတည်းက အရက်ဖြတ်လိုက်သည်။ အာရုံဆွမ်းလည်း ရံဖန်ရံခါ လာပို့သေးသည်။ ကိုရင့်အား တစ်နေ့နှစ်ခေါက် တောင်ပေါ်တက်၍ လာလာဖူးသည်။



ဘဝကူးခါနီးလေးတွေ လုပ်သွားနိုင်တာ ကောင်းလှပါသည်။

သူ ကိုရင်ဘဝ နှစ်လပြည့်ခါစမှာပဲ အဖေဆုံးသည်။ ရေနစ်၍တော့မဟုတ်။ အရက်ဖြတ်သည့်ဒဏ်အပြင် အထီးကျန်ခြင်းဒဏ်တို့ကြောင့် ဆုံးပါးခြင်းဖြစ်သည်။ အရက်သောက်ခဲ့သည့် နှစ်တွေကလည်း မနည်းကိုး။ အဖေက အမေ့ကို သိပ်ချစ်သည်။ အမေဆုံးပြီးကတည်းက အမေ့ကို လွမ်းဆွတ်ကာ သောက်ခဲ့ခြင်းဖြစ်သည်။

အရက်ကို ဖြတ်တော့လည်း ဖြည်းဖြည်း ညင်ညင်သာသာ မဖြတ်။ တုံးတိပြတ်ပြတ်သားသား ဖြတ်ပစ်သည်။ ဆုံးခါနီးကျတော့ မခံနိုင်တော့ကော စိတ်ညစ်၍ရော ပြန်သောက်သည်။ နှစ်ရက်သုံးရက် သောက်အပြီးမှာပဲ ဆုံးပါးသွားတော့သည်။

ဘာလိုလိုနှင့် သူ့မှာ ထိုနှစ်အတွင်းပင် တစ်ကောင်ကြွက်ဖြစ်ခဲ့ရလေသည်။

ကိုရင်ဘဝ ဝါတော်သုံးလရောက်တော့ ကျောင်းထိုင်ဆရာတော်၏အစ်ကို မြို့ဆရာတော်ကျောင်းသို့ ကြွလာသည်။ ထိုဆရာတော်က ကျန်းမာရေးမကောင်း။ မြို့ကျောင်းမှာလည်း ကိုရင်တွေ လူထွက်တာများပြီး ကိုရင်နည်းနေသည်မို့ သူကပင် မြို့သို့လိုက်ကာ ဆရာတော်၏ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်ပေးကာ သီတင်းသုံးခဲ့သည်။ ယခု ထိုဆရာတော်ပျံလွန်တော်မူ၍ ရွာသို့ သူတစ်ခေါက် ပြန်လာခဲ့ခြင်းဖြစ်လေသည်။

ϖ ϖ ϖ



www.burmeseclassic.com

www.burmeseclassic.com

## (11)

ထက်ခေါင်၏ ညစ်ထေးစုတ်ပြတ်နေသော တစ်ကိုယ်လုံးကို ကြည့်ရသည်မှာ သနားစရာကောင်းလှသည်။ ခုနက ဆွမ်းခံရင်း တွေ့ရသော နီနီ့ပုံကတော့ သစ်လွင်တောက်ပနေသည်။ ထိုနှစ်ခုကို ချိန်ထိုး၍ရော တခြားစိတ်အသိနှင့်ရော ဆပေါင်း၍ ကိုရင် နားလည်မိသည်။ ထက်ခေါင်နှင့် နီနီ လက်မထပ်ဖြစ်ခဲ့။

ထက်ခေါင်သည် ကြည်လင်မှုမဲ့နေသော မျက်လုံးများဖြင့် ကိုရင့်ကို ကြာမြင့်စွာကြည့်နေရာမှ ကိုရင်ရှေ့သို့ လက်တစ်ဖက် ဆန့်တန်းလိုက်သည်။ ကိုရင် ငုံ့ကြည့်လိုက်တော့ ထိုလက်ထဲတွင် စာတစ်စောင်ကို တွေ့ရ၏။

"ခုနက ကိုရင့်ကို နီနီပေးချင်ခဲ့တဲ့စာ"

"ဟင် . . ."

ထက်ခေါင်၏ စကားအပေါ် ကိုရင် နားမလည်ဖြစ်သွားသည်။ နီနီက ကိုရင့်ကို ပေးချင်ခဲ့တဲ့စာတဲ့။ နီနီက ကိုရင့်ကို ပေးသောစာဟု အတိအကျမဟုတ်။ ပေးချင်လျက်နှင့် မပေးခဲ့သော စာမျိုးဖြစ်နေသည်။ ပြီးတော့ 'ခုနက' တဲ့။ အချိန်ကာလကလည်း ပါသေးသည်။



"ဘာစာများလဲ . . . ဒကာ"

ထက်ခေါင်သည် ဒကာခေါ်ခံရသဖြင့် တစ်မျိုးဖြစ်သွားသေးသည်။ ပြီးမှ . . .

"အထဲက ဘာရေးထားမှန်းတော့ မသိဘူး။ ဒါပေမဲ့ ကိုယ်တော် ဖတ်ရမယ်"

ထက်ခေါင်အသံက မူလပုံစံမပျောက်။ ခြိမ်းခြောက်ဟန်ပါနေသေးသည်။ ကိုရင် အနည်းငယ် စဉ်းစားလိုက်သည်။ နီနီကိုယ်တိုင်တောင် မပေးချင်သည့်စာကို ထက်ခေါင်က ဘာကြောင့် လာပေးနေရသနည်း။

"ကိုယ်တော် . . . စာကို မြန်မြန်ယူဗျာ။ ကျုပ် . . . ကျွန်တော်ကန်တော့ . . . တပည့်တော် အချိန်သိပ်မရဘူး"

ထက်ခေါင် သာသနာ့ဘောင်က ပုဂ္ဂိုလ်များနှင့် ချက်ကျလက်ကျ စကားပြောတတ်ဟန်မရှိ။ ရိုင်းခြင်းတော့ မဟုတ်။ အရိုင်းဆန်ခြင်းသာ ဖြစ်မည်။

ထက်ခေါင် ကိုရင့်ကို စာပေးရင်း ဆေးဘီကို မလုံခြုံသလို ကြည့်နေသည်။ ထိုသို့ ကြည့်နေစဉ်မှာပဲ ကိုရင်က မသင်္ကာသဖြင့် သူ့နဖူးကို လက်ဖြင့် စမ်းကြည့်လိုက်သည်။

"အိုး . . . ကိုယ်တွေ ပူကျစ်နေတာပဲ"

ထက်ခေါင်က ဖြူပျော့ယိုင်နွဲ့နေသော ခန္ဓာကိုယ်နှင့် ကိုရင့်ကို ပြန်ကြည့်သည်။

"ဒကာ . . . ဖျားနေတာပဲ။ အင်း . . . အတော်ပါပဲ။ ကိုရင့်တိုလည်း ဒကာ့တစ်ယောက်က ကိုယ်ပူကျဆေးတွေ လှူလိုက်တယ်။ အဲ့ဒါ အခု ဒကာ့ကို တိုက်ရမယ်"

"ဒီစာကိုမယူရင် ဘာဆေးမှ မသောက်ဘူး"

ဖျားနေသည့်ကြားထဲ လေသံက ပြတ်သားနေသေးသည်။ လူ့အသွင်အပြင် ပြောင်းလဲသွားသော်လည်း စိတ်ဓာတ်နှင့်စရိုက် မပြောင်းလဲသေးသော ထက်ခေါင်ပါလားဟု ကိုရင်တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင် . . . စာမြန်မြန်ယူဗျာ။ အခု တပည့်တော်ရှေ့မှာ ဖတ်ဗျာ။ ပြီးရင် လူထွက်ဗျာ။ ဒီတစ်နေ့ပဲ အချိန်ရှိမှာနော် . . . ကိုရင်။ နောက်နေ့ဆို နီနီကို . . . သူများ . . . သူများ ပိုင်တော့မှာ . . ."

ထက်ခေါင် ရင်ထဲက ပွင့်ထွက်လာသည်။ သူ တကယ်လည်း ဒီလို ပြောချင်နေခြင်းဖြစ်သည်။ တစ်ဖက်က ကိုရင်ဖြစ်နေတော့ သူ ပြောရခက်နေခြင်းဖြစ်သည်။ နောက်ဆုံးဆန္ဒကို မထိန်းနိုင်တော့ဘဲ ပြောချလိုက်တော့သည်။

"နီနီနဲ့ မနက်ဖြန်ယူမယ့်ကောင်က ကျုပ် . . . ကျွတ် . . . တပည့်တော်တို့နဲ့ အရင်က စီးပွားဘက်ကောင်ပဲ။ အဲဒီကောင်အကြောင်း တပည့်တော် သိတယ်။ အဲ့ဒီကောင် ကောင်းတဲ့ကောင်မဟုတ်ဘူး။ နီနီ စိတ်ဆင်းရဲရလိမ့်မယ်။ ကိုယ်တော် လူထွက်ဗျာ"

ခက်တော့ ခက်နေပြီ။ ကိုရင်က သူ့စကားကို တည်ငြိမ်စွာ နားထောင်ပေးပါသည်။ ပြီးမှ . . .

"ဒကာ . . . အစာကောရှိရဲ့လား။ ဆေးသောက်ဖို့ အစာခံရှိရဲ့လား"

"အဲ့ဒါတွေ မပြောနဲ့ . . . ကိုယ်တော်ရာ၊ ဒီစာကို ယူပါ။ ဖတ်ပါ။ တောင်းပန်ပါတယ် . . . ကိုယ်တော်ရာ။ တပည့်တော် အရင်က မှားတာတွေရော၊ အခုအတွက်ရော တောင်းပန်ပါတယ်ဘုရား။ တောင်းပန်ပါတယ် ဘုရား"

ထက်ခေါင် ဒူးထောက်ကာ ထိုင်ရှိခိုးချနေလေတော့သည်။ ကိုရင် ထိုသို့ တွေ့ရတာ စိတ်မကောင်း။ သို့သော် ထိုစာသည် ကိုရင်နှင့် လုံးဝ မအပ်စပ်သင့်သည့်အရာဟု ကိုရင် အလိုလိုသိနေသည်။

"ဒကာတို့ လူဘောင်ရဲ့ တချို့ကိစ္စတွေနဲ့ ကိုရင်တို့နဲ့ စည်းခြားနေပြီလေ . . . ဒကာရဲ့"

"အဲ့ဒါတွေ မသိဘူး . . . ကိုယ်တော့်ရာ။ ဒီစာကို . . ."



တဟွတ်ဟွတ်နှင့် ချောင်းတွေ ပြင်းထန်စွာ ဆိုးလာသည်။ ထက်ခေါင်မောပန်းလာသည်။ စကားကို ဆက်မပြောနိုင်ဘဲ နားနေရသည်။ ကိုရင် သက်ပြင်းချရပါသည်။

သပိတ်အဖုံးပေးတွင် တင်ထားသော ပေါင်မုန့်တစ်လုံးနှင့် သပိတ်ထဲမှ အကြော်သုံးလေးခုတို့ကို ထက်ခေါင်လက်ထဲ စွန့်ပေးလိုက်သည်။

"မစားဘူး . . . ကိုယ်တော်၊ ဒီစာကို ကိုယ်တော် တပည့်တော် မစားဘူး"

"စားပါ ဖတ်ပါ့မယ်"

ဒီလို ကိုရင်ပြောမှ ထက်ခေါင် ဝမ်းသာသွားသည်။ ဖြူဖျော့နေသော နှုတ်ခမ်းမှာ သွေးရောင် ပြန်တောက်ပလာသည်။ ကိုရင်စွန့်သည့် မုန့်များကို အငမ်းမရစားတော့သည်။ ကိုရင် ဇရပ်နံဘေး ရေချမ်းစင်မှ ရေတစ်ခွက်သွားခပ်၍ ယူလာကာ ထက်ခေါင်အားဆေးတိုက်သည်။

ထက်ခေါင်က ထပ်ပြောသည်။

"ကိုရင် . . . ဒီစာကို ဖတ်ရမှာနော်။ လူဝတ်လည်း လဲရမှာနော်"

"ဒီစာကို ဖတ်ပါ့မလဲ။ လူဝတ်လဲဖို့တော့ အာမမခံဘူး"

"အာ . . . ကိုရင် မလိမ့်တပတ် မလုပ်နဲ့ဗျာ"

ထက်ခေါင်၏ ကိုရင့်ကို ပြန်ပြောနေပုံကို ကြည့်ချေပါဦး။

ကိုရင် မျက်လွှာချထားသည်။

"ဒကာ . . . ကိုရင့်ကို အခက်တွေ့အောင် မလုပ်ပါနဲ့"

ထိုအချိန် ဟိုး သဲမြေမှလာနေသော လူတစ်စုကို ရိုးတိုးရိပ်တိတ် လှမ်းမြင်လိုက်ရသည်။ ဘယ်သူတွေမှန်းတော့ မသိ။ ထိုသို့ ဘယ်သူတွေမှန်းမသိသည့်တိုင် ထက်ခေါင်မျက်နှာက ထိတ်လန့်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင်ပေးတဲ့ဆေးကို အခုသောက်မယ်။ စာကိုလည်း ကိုရင် အခုဖတ်ပါတော့။ တပည့်တော် အချိန်မရှိတော့ဘူး"

ပျာယာခတ်သည့် အသံနှင့် ပြောလာသည်။ ပြီးလျှင် ကိုရင် ပေးသည့်ဆေးကို ပါးစပ်ထဲထည့်ကာ ရေနှင့် မြန်မြန်မျှောချကာ သောက် ပစ်လိုက်သည်။

"ကဲ . . . ကိုရင် ဖတ်တော့လေဗျာ"

ကိုရင် စိတ်ကို တည်ငြိမ်အောင် ထားလိုက်သည်။ ပြီးမှ စာကို ဖြည်းညင်းစွာ ဖွင့်ဖတ်လိုက်သည်။

"မြူ . . . ရေး . . ."

ဟု စာထဲတွင် ထင်ရှားစွာရေးထားသော နီနီ့လက်ရေးကို တွေ့လိုက်ရသည်။ သမာဓိကောင်းလာသည်ပဲ ဆိုမလား။ သိက္ခာပိုထိန်း လာနိုင်သည်ကြောင့်လား။ စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားသည် ကြောင့်လား မပြောတတ်။ ကိုရင် မည်သို့မျှ မခံစားရတော့ပေ။ စာ၏ ဆိုလိုရင်းကိုလည်း ကိုရင် သိပါသည်။ ကောင်းကောင်းကို သိပါသည်။

သို့သော် ဒါတွေက ပြီးခဲ့ပြီ မဟုတ်ပါလား။

ထက်ခေါင်က ကိုရင့်မျက်လုံးများဆီ လှမ်းကြည့်နေသည်။

"ကိုရင် . . . ကိုရင် . . . ဘယ်လိုခံစားရလဲ"

"ကိုရင် အမှောင်ထဲမဆင်းချင်တော့ဘူး ဒကာ"

". . . . ."

ထက်ခေါင် စိတ်ပျက်လျှော့ရဲသွားသည်။ သူ နီနီ့အတွက် အားထုတ်မှု အောင်မြင်ဟန်မရှိတော့။ အဝေးမှ လူစုကလည်း တရွေ့ရွေ့ လာရင်း နီးနီးလာချေပြီ။ လူစုဘက် တစ်ချက်လှည့်ကြည့်ပြီး ထက်ခေါင် က

"ကိုရင် . . . ဟိုးကလူတွေလာလို့ တပည့်တော်ကို တွေ့သလား မေးရင် မတွေ့ဘူးလို့ ဖြေပေးပါ။ ဒီနေရာက တပည့်တော်အတွက် မလုံ



ခြုံတော့ဘူး။ တပည့်တော် ကိုရင့်ကို ချီးကျူးပါတယ်။ ကန်တော့ခဲ့ပါ တယ်"

ထက်ခေါင် စိတ်ပါလက်ပါ ရိုရိုသေသေ ကန်တော့သွားသည်။ ပြီးလျှင် တောင်ခြေမှ တောအုပ်ငယ်အတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွား တော့သည်။ ကိုရင် ရပ်ကြည့်နေရုံသာ။ ခဏနေ သဲမြေမှ ဖြတ်လာသူ တွေ ထက်ခေါင်ကို တွေ့သလားမေးလျှင် မတွေ့ဟု လိမ်ညာမဖြေချင်။ 'တွေ့တယ်၊ ဟိုဘက်တောအုပ်ထဲ ဝင်ပြေးသွားတယ်' ဟုလည်းမဖြေချင်။ ဒီအဖြေမှန်ကလည်း ထက်ခေါင်အတွက် အန္တရာယ်ရှိစေမည့်ပုံ။

သည်တော့ ကိုရင်လည်း ဇရပ်ထဲမှ အသာထွက်ကာ ကျောင်း သို့ အသာပြန်ခဲ့တော့သည်။

ᚷ ᚷ ᚷ



www.burmeseclassic.com

www.burmeseclassic.com

**(12)**

တောင်ပေါ်သို့ (၁၅) မိနစ်ဝန်းကျင်လောက်တွင် ရောက်နိုင်ပါသည်။

တောင်ထိပ်တွင် စေတီတစ်ဆူရှိသည်။ စေတီသို့ရောက်ရန် အနည်းငယ်အလိုတွင် ဘုန်းကြီးကျောင်းသင်္ခမ်းများကို တွေ့မြင်ရမည်။ ထို ကျောင်းသင်္ခမ်းများရောက်ရန် အနည်းငယ်အလိုတွင်တော့ ကျယ်ဝန်းသော အမိုးအကာခိုင်ခံ့သော ဓမ္မာရုံတစ်ခုကို ဆောက်လုပ်ထားသည်။

ရပ်ရွာထဲရှိ အလှူပွဲ၊ သာသနာပွဲများအတွက် ရည်ရွယ်၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ယခုလည်း ထိုဓမ္မာရုံအနီးတွင် မီးခိုးတွေ တလူလူရစ်ဆိုင်းအောင် ချက်ပြုတ်နေကြသည်။ ရွာအလှူဆိုတော့ ထမင်းရည်ချောင်းစီးဆိုတာမျိုး ကျွေးကြတာ အစဉ်အလာပင်။ သို့သော် ယခု ချက်ပြုတ်နေကြသည့် ပုံစံကတော့ ထမင်းရည်ချောင်းစီးထက်ပင် ပိုလျှံမည်ဟု ထင်ရသည်။

ကိုရင် ချက်ပြုတ်နေသူများဘေးက ဖြတ်၍ လာရသည်။ ကိုရင် မနက်ကတောင် ထိုချက်ပြုတ်သူများကို မတွေ့သေးပေ။ ဒီနှစ်ပိုင်း မြို့မှာ နေခဲ့ရတော့ ရွာအလှူမြင်ကွင်းနှင့်ဝေးနေသော ကိုရင်မှာ ငေးတကြည့်



ကြည့် ဖြစ်နေပါသေးသည်။ အလှူတွင် လုပ်အားပေးရခြင်းကိုကြီးငယ် ကျားမ မရွေး ပျော်ရွှင်တတ်ကြတာလည်း ရွာသဘာဝပင်။ ခေတ်အပြောင်း မှာရွာက တစ်ဟုန်ထိုး ချမ်းသာလာသလားဟု အထင်မှားစရာပင်။ ရွာ ထဲမှာလည်း ချက်ပြုတ်နေကြသည်ကို မြင်ခဲ့ရသည်။ ယခုလည်း ချက် ပြုတ်နေကြသည်ကို တွေ့ရပြန်ပြီ။ အလှူရေစက် လက်နှင့်တော်တော် နီးနေကြတာ မြင်တော့ ကိုရင် စိတ်ချမ်းမြေ့ရပါသည်။

"ဟာ . . . ကိုရင်ကြီး ဆွမ်းခံပြန်တာ နောက်ကျလှချည်လား ဟီး . . . ဟီး . . ."

ကိုရင် မဲတူက ဆီးကြိုနှုတ်ဆက်ခြင်းဖြစ်သည်။ ဆက်ပြီး လည်း . . .

"ကိုရင်က မြို့မှာ အသာစံလာတော့ ရွာမှာ အနာမခံနိုင်ဘူး ဖြစ်နေတာမို့လား . . . ဟီး . . . ဟီး . . ."

ဟု ပြောသေးသည်။ ကိုရင် ပြုံးပြလိုက်သည်။ ပြီးလျှင် . . .

"ကိုရင်မဲတူ . . . ဒါက ဘယ်သူ့အလှူအတွက် လုပ်နေကြတာ လဲ"

"ဩော် . . . ဟုတ်သားပဲ ကိုရင်ကြီးရှင်ပညာက မသိသေး ဘူးပဲ။ မနက်ဖြန် မင်္ဂလာဆွမ်းကျွေးရှိတယ်လေ"

"မင်္ဂလာဆွမ်းကျွေး"

"ဟုတ်တယ် . . . ကိုရင်ကြီးရေ၊ မင်္ဂလာဆောင်မည့် သတို့ သားဘက်က သိပ်ချမ်းသာတာ။ ဒီကျောင်းက သံဃာတွေကို သင်္ကန်း တစ်ထည်နဲ့ ဖိနပ်တစ်ရန်စီလည်း လှူဦးမှာတဲ့။ ကိုရင်လည်း မနေ့ညနေ ကမှ ရောက်တာဆိုပေမဲ့ အလှူပစ္စည်းရမှာပါ။ ကိုရင်တို့က ရက်ကြ တော့ မင်္ဂလာပွဲအမီကို ရွာရောက်လာတာပဲ . . . ဟီး ဟီး . . ."

ကိုရင်မဲတူက စကားတစ်ခွန်းပြောလိုက် တဟီးဟီး ရယ်လိုက် နှင့် ကိုရင်ကျောင်းဆောင် ကုတင်နားအထိ လိုက်လာသည်။ ကိုရင်က

www.burmeseclassic.com

သပိတ်ကို စင်ပေါ်တင်ပြီး ပြတင်းပေါက်နား သွားထိုင်တော့လည်း လိုက်လာသည်။

"ဒီလောက်ချမ်းသာတာ သတို့သားက ဘယ်သူလဲ"

"သတို့သားကတော့ ဟိုဘက်ရွာကပါ။ ရွာမှာ သိပ်မနေဘူး။ မြို့မှာပဲ အနေများတာတဲ့။ သတို့သမီးကတော့ ရွာထဲက ဟိုအမျိုးတွေ စုနေကြတဲ့ အိမ်ကလေး။ ဒကာမကြီး ဒေါ်ချိုမာသိန်းတို့အိမ်က အငယ်ဆုံးတူမလေးလေ။ အလှလည်း အလှဆုံးပဲ"

"နီ . . . နီ . . ."

ကိုရင် ရေရွတ်မိသွားသည်။ ကိုရင်မဲတူကလည်း ဘုမသိဘမသိ အော်ဟစ်ထောက်ခံသည်။

"ဟုတ်တယ် . . . ဟုတ်တယ်၊ သတို့သမီးနာမည်က နီနီ"

ဒေါ်ချိုမာသိန်းဆိုတာ နီနီတို့မိသားစုမှာ အကြီးအကဲလို ဖြစ်နေသည့် အဒေါ်အကြီးဖြစ်သည်။ ယခု မင်္ဂလာဆောင်က နီနီ့မင်္ဂလာဆောင်မှန်း ကိုရင်သိသွားသည်။

"ကိုရင် . . . စာမြန်မြန်ယူဗျာ။ အခု တပည့်တော်ရှေ့မှာ ဖတ်ဗျာ။ ဒီတစ်နေ့ပဲ အချိန်ရှိမှာနော် ကိုရင်။ နောက်နေ့ဆို နီနီ့ကို သူများ -- သူများ . . . ပိုင်တော့မှာ"

ထက်ခေါင်၏ စကားကို ကိုရင် ပြန်ကြားယောင်မိသည်။ ထိုစကားမှာကတည်းက နီနီ မနက်ဖြန် မင်္ဂလာဆောင်တော့မည်မှန်း ကိုရင်သိပါသည်။ သို့သော် အခုတော့ အသေချာဆုံးအဖြစ် ကိုရင် ထပ်သိလိုက်ပါပြီ။

ဆွမ်းခံကြွတုန်းက ခင်ထွေးအိမ်မှာ ခဏအထိုင်ကြွပြီး ပြန်အထွက် ခင်ထွေးမျက်နှာတစ်မျိုးဖြစ်နေ (တစ်ခုခုကို ပြောရမလို မပြောရလို ခပ်မြုံ့မြုံ့ဖြစ်နေ)သည်ကိုလည်းကောင်း ကြက်တောနှင့် တွေ့တုန်းကလည်း တစ်ခုခုဖုံးကွယ်ချင်ပုံရနေသော ကြက်တော၏ မျက်နှာအမူ



အရာကိုလည်း ကိုရင်ပြန်မှတ်မိသည်။ သေချာပါပြီ။ သူတို့ ဖုံးကွယ်ချင်နေတာ နီနီမင်္ဂလာကိစ္စပင် ဖြစ်ရမည်။ တကယ်တော့ ဖုံးကွယ်တာမဟုတ်နိုင်။ သူတို့နှုတ်မှ ကိုယ်တိုင်မပြောချင်ကြခြင်းသာ ဖြစ်လိမ့်မည်။ ဖုံးကွယ်လို့လည်း ရမည်လား။ မင်္ဂလာဆွမ်းကျွေးကပဲ ဒီကျောင်းမှာ လုပ်မည်မဟုတ်လား။ ကိုရင် ပြန်တွေးပြီး တဖြည်းဖြည်း နားလည်လာသည်။

"အလှူအတွက် ချက်တာတောင် နှစ်နေရာခွဲပြီးချက်တာ ကိုရင်ကြီးရေ။ ဘုန်းကြီးကျောင်းမှာ အသားတွေ ဘာတွေ ရေဆေးနုတ်ထင်တာ မလုပ်ချင်လို့ဆိုပြီး ဟင်းပွဲကြီးတွေကို သတို့သမီးအိမ်မှာ ချက်ပြုတ်ကြတယ် . . . ဟီး . . . ဟီး . . . ကိုရင်ကြီးရေ . . . မနက်ဖြန် ဆွမ်းခံထွက်စရာ မလိုတော့ဘူး . . . အဟီး . . ."

ကိုရင် ခပ်ပျော့ပျော့ ပြုံးလိုက်ပါသည်။ ပြီးလျှင် အဝေးကိုငေးနေမိပါသည်။

ကျောင်းက တခြားဦးပဉ္စင်းတွေ ဆွမ်းဘုဉ်းပေးပြီးမှ ကိုရင်နှင့် ကိုရင်မဲတူ အတူ ဆွမ်းစားကြသည်။ ကိုရင်မဲတူက သပိတ်တစ်လုံးကို တဖြည်းဖြည်းနှင့် အကုန်ကုန်အောင် ဘုဉ်းပေးနိုင်သည်။ ကိုရင်ကတော့ သိပ်စားမဝင်။

ဆွမ်းစားပြီးနောက် 'ဘယ်လှမ်းတယ် ညာလှမ်းတယ်' သိမှတ်ပြုကာ အာရုံပြုရင်း စင်္ကြံလျှောက်နေလိုက်သည်။ စင်္ကြံလျှောက်ပြီးနောက် ကွပ်ပျစ်တွင်ထိုင်ကာ ဖြတ်သန်းခဲ့သော နံနက်ခင်းကို ပြန်တွေးနေမိသည်။

ကိုရင် ရွာကိုဝင်ခဲ့တာ မှားပြီလား။ အပြောင်းအလဲတွေအများကြီးတွေ့ခဲ့ရသည်။

အမြဲပြုံးနေတတ်သည့် ဘကြီးချိုတွင် အပြုံးတွေ လုံးဝမရှိတော့ ဘယ်ဆီကို ကျပျောက်သွားသည်မသိ။ ခင်ထွေးကတော့ စီးပွားရေး၊ အိမ်ထောင်ရေး၊ အားလုံး အခြေကျကာ အဆင်ပြေနေပြီ။ မပြေခင်တုန်းကတော့ ကြောက်မက်ဖွယ် အခိုက်အတန့်များ ဖြတ်သန်းခဲ့ရသေးသည်ဆ



www.burmeseclassic.com

www.burmeseclassic.com

ခင်ထွေးဆီကလည်း ဖူးစာနှင့် ကံကြမ္မာ၏ ကုလားဖန်ထိုးမှုအကြောင်း တချို့ ကိုရင် ဆင်ခြင်သိခဲ့ရသည်။

ခင်ထွေး၏ အပြောင်းအလဲကို တော်တော်ချိုးကွေ့သွားပြီထင်ထားသော ကိုရင်မှာ ဉာဏ်တိုးနှင့် ထက်ခေါင်ကိုတွေ့မှ သိပ်တုန်လှုပ်သွားမိသည်။ ဉာဏ်တိုးက ရူးနှမ်းနေသူ၊ ထက်ခေါင်က သေတော့မည့်ရောဂါသည်လို စုတ်ပြတ်နေသည့် ပုံစံနှင့်။ တစ်ခါမှ တွေးထင်မထားခဲ့သော ဆိုးရွားသည့် အပြောင်းအလဲများပင်။

အရက်ဆိုင်ကို အပေါ်စီးက တက်ကြည့်ပြီး 'ဒါလောကကြီးရဲ့ အခန်းပဲ' ဟုဆိုကာ ဒဿနတွေ ခင်းပြခဲ့သည့် ဉာဏ်တိုး။ မိမိကိုယ်ကို ဉာဏ်ကောင်းသည်ဟု ယုံကြည်သော ဉာဏ်တိုး။ အခု သူ့ဉာဏ်က လောကကြီး၏ အလုံပိတ်အခန်းတံခါးကို မဖွင့်နိုင်ဘဲ ဖြစ်နေခဲ့ပြီ။ သူဌေးသား ထက်ခေါင်ကလည်း ဘုရားစူး သူတောင်းစားသာသာ။ အရင်ခါက ထည်ဝါမှုရွှေထီးတွေ အမှုန်အမွှားမျှပင် ရှာမရတော့။

တစ်ကမ္ဘာလုံးကလူတွေ ကံဆိုးပြိုင်ကျလျှင် ဘယ်သူ ပထမရမည်လဲ။ ယခု ထက်ခေါင်နှင့် ဉာဏ်တိုးပြိုင်လျှင်ကော ဘယ်သူ အနိုင်ရမလဲ။ ပြိုင်ပွဲဝင်နည်းသေးလျှင် နီနီ့ကိုလည်း ထည့်သွင်းလို့ရသေးသည်။ နီနီလည်း မွေးကတည်းက အစေခံလိုနေခဲ့ရသည့် ဘဝမှ အခုထိ မကျွတ်သေး။

နောက်နေ့ကစပြီး နီနီ့ဘဝလည်း တစ်ဆင့်ပြောင်းတော့မှာပါ။ အကောင်းလား အဆိုးလား ဒါကတော့ စောင့်ကြည့်ရမည်သာ။ ကိုရင်ဘာမှ မတွေးတတ်တော့။ မျက်လွှာကိုသာ ချထားလိုက်တော့သည်။

• • •

"ဉာဏ်တိုးအဖြစ်ကလည်း ကိုရင် ရွာကထွက်သွားပြီးတဲ့နှစ်မှာပဲ ဖြစ်တာပါပဲ။ တပည့်တော်နဲ့ ဉာဏ်တိုးက အဲ့ဒီတုန်းက စာမေးပွဲကာလ



လေ။ အဲ့ဒီတစ်လလုံးရွာကို မပြန်ဖြစ်ဘဲ အဆောင်တွင်းအောင်းပြီး စာ လုပ်နေကြတာ။ အရင်နှစ်တွေကလည်း ကျထားတာဆိုတော့ ဒီနှစ်ဆေ မိဘတွေကို ဒုက္ခမပေးတော့ဘူး။ အောင်အောင်ဖြေမယ်ဆိုပြီး ကြိုးစ ခဲ့တာပါ။ ကျန်တာ ကြက်တော မင်းပြောဦး . . ."

ထွန်းမော်က ခဏနား၍ ကြက်တော ဝင်ပြောသည်။

"တိုတိုပြောရရင် . . . ကိုယ်တော်ရယ် . . . ဉာဏ်တိုးပြန် တော့ ဉာဏ်တိုးအမေက သေအံ့ဆဲဆဲဖြစ်နေပြီ။ ဉာဏ်တိုးအမေက ကမှ နှလုံးရောဂါသည်လေ။ သူ့သမီး ဉာဏ်တိုးအစ်မ ချောက်ထဲ ချသေတော့ သူလည်း ရောဂါသည်းပြီး . . ."

"ဘယ်လို . . . ဘယ်လို . . . ဉာဏ်တိုးအစ်မ ချောက်ထဲ ချသေတယ် . . . ဟုတ်လား"

ကိုရင်က မျက်လုံးပြူး၍မေးသည်။ ကြက်တောကလည်း မ မယာမျက်နှာနှင့် ခေါင်းညိတ်ပြပြီး . . .

"ဟုတ်တယ် . . . ဘာလို့မှန်းတော့ မသိဘူး။ အဲ့ဒီလို သွားတယ်"

"ငါ သဲ့သဲ့ကြားတာတော့ ချောက်ထဲဆင်းမသေခင် မစ်ပ တိုးမှာ ကိုယ်ဝန်ရှိတယ်ဆိုလားပဲ . . . ကြက်တောရေ"

ထွန်းမော်က ကြက်တောကို ကြားဖြတ်ပြောသည်။ မစ်ပယ် ဆိုတာ ဉာဏ်တိုးအစ်မ၏ အမည်။ ကြက်တောက . . .

"မသိဘူးကွာ . . . ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒါ မစ်ပယ်တိုးက အနေအထိုင်ဒီလောက် ဣန္ဒြေကြီးတာ မနာလိုတဲ့သူ အပုပ်ဖွတာနေမှာပါ။ ထားပါတော့ . . . ဆက်ပြောရရင် . . . ကိုရင်"

ကိုရင့်ဘက် လှည့်ပြောပြန်သည်။

"သမီးလုပ်သူရဲ့အဖြစ်ကြောင့် အမေလုပ်သူက ရောဂါ သားလုပ်သူက စာမေးပွဲရှိနေတာနဲ့ လှမ်းမခေါ်နိုင်၊ သူ့အစ်မဆုံးတာ လှမ်းအသိမပေးသေးဘူး။ ဒီတော့ ဉာဏ်တိုး ရွာပြန်တော့ သူ့

www.burmeseclassic.com

အဆိုးဆုံးတွေက ဝိုင်းဝန်းကြိုဆိုနေနှင့်တာပဲ။ ကံကောင်းပါတယ်။ ညဏ်တိုးအမေက သူ့လက်ပေါ်မှာပဲ ဘဝကူးသွားလို့"

"ဩော် . . . ကျွတ် . . . ကျွတ် . . ."

"အသုဘရက်တွေကတည်းက ညဏ်တိုးပုံကြီးက တစ်မျိုးဖြစ်နေပြီလို့ တပည့်တော်ထင်တာပဲ။ အသုဘလည်းပြီးရော ညဏ်တိုး စကားပြောတာတွေ မှုမမှန်တော့ဘူး။ သိပ်မကြာပါဘူး ရွာထဲ ကမူးရှူးထိုးနဲ့သာ ဝင်လာပြီး 'ဟေ့ . . . လူဆိုတာ အခန်းတစ်ခုတည်း ကိုယ့်ကိုယ်ကိုယ် ပြန်ပိတ်ထားပြီး ကိုယ့်ကိုယ်ကိုယ် အလုပြန်ကြည့်နေတဲ့ သတ္တဝါပဲ။ အငိုက်မိမခံကြနဲ့။ အဲ့ဒီအခန်းထဲက ထွက်ခဲ့ကြဟဲ့' ဆိုပြီး လူတွေကို သော့တွေ တစ်ချောင်းစီ လိုက်ဝေတော့တာပဲ"

"ဟုတ်တယ် . . . ခုနကစကားကို အဆက်မပြတ် အော်ဟစ်ရင်းနဲ့ပေါ့။ အဲ့ဒါ သူရူးမှန်း သူ့ကိုယ်သူ သက်သေပြလိုက်တာပဲပေါ့ ကိုယ်တော်ရယ်"

ကိုရင် မျက်လွှာနှင့် သက်ပြင်းကို ပြိုင်တူချမိသည်။ ညဏ်တိုးတွင်လည်း ခပ်စောစောကတည်းက အဖေမရှိတော့။ အခု ဒီလိုဖြစ်သွားတော့ ညဏ်တိုး စိတ်နှင့် ခံနိုင်ရည်မမျှသလိုဖြစ်သွားကာ သူ့ကို ဒီလို ရူးနှမ်းစေသည့် အခြေအနေအထိ ဖြစ်သွားရခြင်းဖြစ်မည်ဟု ကိုရင် နားလည်လိုက်သည်။

ကြက်တောနှင့် ထွန်းမော်က ကိုရင့်အကြောင်း နည်းနည်းထပ်ပြောသည်။

"နီနီကတော့ ထုံးစံအတိုင်း သူ့ အဒေါ်စပ်ပေးတဲ့သူနဲ့ ယူရတာပါပဲ။ ဒါပေမဲ့ . . . နီနီကံကောင်းပါတယ်။ သတို့သားဘက်က ဒီဘက်ဒေသမှာ တော်တော် ငွေကိုင်နိုင်တာလို့ ကြားတယ်။ အခု မင်္ဂလာဆွမ်းကျွေးတောင် ရွာနီးချုပ်စပ် အကုန်ဖိတ်ထားတယ်လေ"

ကြက်တော အပြောကို ထွန်းမော်က ခေါင်းခါသည်။



"ငါ ကြားရုံအရတော့ နီနီအတွက် သိပ်ကောင်းမယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ ငါနဲ့ ညဏ်တိုးမြို့မှာ ကျောင်းတက်တုန်းက ကြို့ပင်ကုန်းဟိုဘက် ကန်စွန်းကန်ရွာက မောင်ထိန်နဲ့ပေါင်းမိသေးတယ်။ အဲဒီတုန်းက မောင်ထိန်က အခုနီနီယူမယ့်သတို့သားအကြောင်း ပြောဖူးသေးတယ်။ အဲဒီကောင်က မိန်းမကိစ္စမှာ တကယ်မလွယ်တဲ့ကောင်တဲ့။ အဲ့ကောင်နဲ့ ယူတဲ့မိန်းမကတော့ မယားငယ်ပဲ ဖြစ်မှာပါကွာတဲ့"

"ဟေ့ကောင် . . . ကိုရင်ရှေ့မှာ"

"အာ . . . ဟုတ်သား၊ ကန်တော့ . . . ကန်တော့ . . ."

ထွန်းမော် စကားလွန်လို့ ကြက်တောက ဝင်ဟန့်သည်။ ထွန်းမော်က ပြောချင်ရာပြောပြီးမှ လက်အုပ်ချီကာ တောင်းပန်သည်။ ကိုရင် နီနီအကြောင်း အာရုံထဲမဝင်လို။ ထို့ကြောင့် တခြားသိချင်ရာဘက် စကားလွှဲလိုက်သည်။

"ကဲ . . . ထက်ခေါင်အကြောင်း ပြောပါဦး။ ကိုရင် သူ့ကို တွေ့ရတာ စိတ်မချမ်းသာလိုက်တာ။ ဘယ်လိုကြောင့် ဒီလောက် ပေပေတေတေ ညစ်ညစ်ဖြစ်သွားရတာလဲ"

ကြက်တောနှင့် ထွန်းမော်က ထိုစကားပြောသည့် ကိုရင့်ကို ပြိုင်တူ ပြူးကြည့်လေသည်။ ကိုရင်ပင် တစ်မျိုးဖြစ်သွားလေ၏။ ဘာများ စကားမှားလို့ပါလိမ့်။

"ကိုရင် . . . သူ့ကို တွေ့ခဲ့တာလား"

ဟု ပြန်မေးကြလေသည်။

ကိုရင် ခေါင်းညိတ်ပြတော့မှ သူတို့က ခေါင်းတညိတ်ညိတ်နှင့် . . .

"ဒါဆို ကိုရင်ကိုတော့ သူနဲ့ ရေစက်ကောင်းတယ်လို့ပဲ ခေါ်ရတော့မှာပေါ့။ တပည့်တော်တို့ဆို ထက်ခေါင်ကို မတွေ့ရတာ သုံးလလောက် ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ထက်ခေါင်က ထွက်ပြေးနေရတာလေ။ ထက်ခေါင်တို့အိမ်လည်း စီးပွားပျက်သွားတယ်။ ကုန်ပစ္စည်းသယ်တဲ့ စက်လှေတွေ မှောက်ကုန်တယ်။ ပြီးတော့ ထက်ခေါင်အဖေက မြို့မှာ မိန်းမငယ်ယူခဲ့သေးတာတဲ့။ အခု အဲဒီမိန်းမက တရားစွဲမယ်ဆိုပြီး ငွေညစ်လို့ လျော်ကြေးတွေပေးလိုက်ရတာလည်း မနည်းပဲ။ အလုပ်သမားခတွေတောင် မပေးနိုင်တော့လို့ သူတို့ဆန်စက်တွေလည်း ကောင်းကောင်းမလည်ပတ်နိုင်တော့ပဲ ဖြစ်ရတယ်"

"ဒီတော့ ထက်ခေါင်လည်း အရင်လောက် မသုံးနိုင်၊ မဖြုန်းနိုင် မြောက်ကြွမြောက်ကြွ မလုပ်နိုင်တော့ဘူးပေါ့။ သူတို့ ဒီလို စီးပွားရေးထိုးကျသွားတာကြောင့်ပဲ နီနီအဒေါ်ကလည်း အစက သဘောတူထားတဲ့ နီနီနဲ့ထက်ခေါင်ရဲ့ မင်္ဂလာပွဲကို အင်တင်တင် လုပ်ပစ်တော့တယ်။ ဒါကြောင့် နီနီ အခု တခြားသူနဲ့ယူဖို့ ဖြစ်လာတာပေါ့"

"ပြီးတော့ ထက်ခေါင်က အရင်ကလောက် အရှိန်အဝါမရှိတော့ သူနဲ့ပေါင်းတဲ့ကောင်တွေကလည်း သူ့ကို ကန်ကြပြီလေ။ နဂိုကတည်းက သူ့ကို ခင်လို့ ချစ်လို့ ပေါင်းနေကြတာမှ မဟုတ်ဘဲ။ ဆန်းဝင်းချစ်တို့၊ ဆန်မင်းချစ်တို့တတွေ ခပ်ရှောင်ရှောင်လုပ်လာလို့။ ကိုမြင့်ဟန်ကတော့ ပါးနပ်တော့ စောစောကတည်းက ကိုင်းကူးထားလိုက်ပြီလေ။ အခု နီနီနဲ့လက်ထပ်မယ့် သတို့သားလောင်းနား သွားကပ်တယ်လေ"

ကြက်တောနှင့် ထွန်းမော် တစ်လှည့်စီ ပြောနေကြသည်။ အခု ကြက်တောက ဆက်ပြီး . . .

"တစ်နေ့ ထန်းတောထဲမှာ ထက်ခေါင်မပါဘဲ ဆန်းဝင်းချစ်၊ ဆန်းမင်းချစ်၊ အောင်ပြည့်၊ ဘူးသီး၊ ထူးညိုတို့ ဝိုင်းဖွဲ့စားသောက်ကြရင်း ထက်ခေါင်အကြောင်းတွေ ယောကျ်ားတန်မဲ့ အတင်းပြောကြတယ်လေ။ ထက်ခေါင်အဖေ နောက်မိန်းမကြောင့် အရှက်ရတဲ့အကြောင်းတွေ နီနီနဲ့ ကျောင်းလမ်းထားတာ ဖျက်ခံလိုက်ရတဲ့အကြောင်းတွေ ပြောကြ



ရယ်ကြ၊ လှောင်ကြတယ်လေ။ ဖြစ်ချင်တော့ အဲဒီအချိန် ထက်ခေါင်က သူတို့ဝိုင်း နားရောက်နေပြီလေ"

"ရန်သတ်ကုန်ကြတာပေါ့။ ဟိုဘက်ကလည်း မူးနေ၊ ထက်ခေါင်ကလည်း တအားခံပြင်းနေတော့ ဘာမှ ထိန်းချုပ်မှု မရှိတော့ဘူး။ အများနဲ့ တစ်ယောက်ဆိုပေမယ့် ဟိုဘက်က မူးနေသလို ထက်ခေါင်ကလည်း လက်နက်အဖြစ် ထန်းလှီးဓားကြီး ရသွားတယ်လေ။ အောင်ပြည့်၊ ဘူးသီး၊ ထူးညိုတို့အားလုံး ကိုယ်ပေါ်မှာ ခုတ်ရာ၊ ရှရာတွေနဲ့ ထိကုန်တယ်။ ဆန်းမင်းချစ်က ပိုဆိုး၊ မျက်နှာကို ကန့်လန့်ဖြတ်ခုတ် ခံလိုက်ရတယ်။ အဲဒီမှာ အဆိုးဆုံးဖြစ်သွားသူကတော့ ဆန်းဝင်းချစ်ပဲ။ ဗိုက်ပွင့်ပြီး ပွဲချင်းပြီး ဖြစ်သွားတယ်"

"အာ . . . မိုက်လိုက်ကြတာ"

ကြားရရုံနှင့် ကိုရင် အသက်ရှူကြပ်လာသည်။

"ဆန်းမင်းချစ်က သူ့အစ်ကိုအတွက် ကလဲ့စားချေဖို့ နေရာအနှံ့ လိုက်ရှာနေတာ။ တွေ့တဲ့သင်္ချိုင်း ဓားမဆိုင်းပဲတဲ့။ အောင်ပြည့်၊ ဘူးသီး၊ ထူးညိုတို့လည်း ဆန်းမင်းချစ်နဲ့ အတူတူပဲ။ တွေ့တဲ့နေရာရှင်းဖို့ ဘယ်သွားသွား ခါးကြားထဲ ဓားတစ်ဆောင်ဆောင်နဲ့"

"ရဲတွေကလည်း ထက်ခေါင်ကို လိုက်ရှာတာပဲ။ ဘယ်လိုမှ ရှာမတွေ့သေးဘူး။ သနားဖို့ကောင်းတာက ထက်ခေါင်အမေပဲ။ စီးပွားပျက်ရတဲ့ကြားထဲ လင်လုပ်သူက အငယ်အနှောင်းထားလို့ ငွေညစ်ခံရသလို သားဖြစ်သူက ဝရမ်းပြေးဖြစ်သွားတော့ ရူးမတတ်ပေါ့။ နေ့တိုင်း ငိုနေရတယ်။ ထက်ခေါင်ကို ရဲတွေ မြန်မြန်တွေ့ပါစေလို့ ဆုတောင်းနေရှာတယ်။ ရဲတွေတွေ့ရင် ဥပဒေအရ စီရင်ခံရပေမဲ့ အသက်ချမ်းသာရာ ရဦးမယ်။ ဆန်းမင်းချစ်တို့သာ ရှာတွေ့သွားလို့ကတော့ အလောင်းကောက်ရတော့မှာ မဟုတ်လား။ ထက်ခေါင်အဖေလည်း မစားနိုင်မသောက်နိုင် တမှိုင်မှိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"တော်ပါတော့ . . . တော်ပါတော့ . . . ဒကာတို့"

ကိုရင် ဆက်နားထောင်နိုင်စွမ်း မရှိတော့ပါချေ။

ကြက်တောနှင့် ထွန်းမော်လည်း ပြောသာပြောလိုက်ရသည်။ ကိုယ်တိုင်လည်း စိတ်ဆင်းရဲရပါသည်။

ကိုရင် သူတို့စကားကို နားထောင်ရင်းနှင့်မှ မှတ်မိလာသည် လည်း ရှိသည်။ နံနက်က ကိုရင်ဆွမ်းခံကြွတော့ ရွာအဝင်စတွင်ပဲ မျက်နှာမှာ ကန့်လန့်ဖြတ်ဒဏ်ရာအမာရွတ်နှင့် လူတစ်ယောက်ကို တွေ့ခဲ့သည် မဟုတ်လား။ ထိုလူသည် ဆန်းမင်းချစ်ဖြစ်ကြောင်း ကိုရင် ပြန်သတိရ မိသည်။ ကိုရင် ခေါင်းတညိတ်ညိတ် လုပ်မိသွားလေသည်။

ᅎ ᅎ ᅎ



**(13)**

ကြက်တောနှင့် ထွန်းမော်အား ကိုရင် တောင်ခြေအထိ လိုက်ပို့သည်။ သူတို့နှစ်ယောက် ကိုရင့်ကို ဦးချရှိခိုးပြီးမှ နှုတ်ဆက်ပြန်သွားကြသည်။

ကိုရင် တောင်ပေါ်ပြန်မတက်သေးဘဲ ဇရပ်ဆီလျှောက်ခဲ့သေးသည်။ ရှုးနှမ်းသူတစ်ယောက်အား တွေ့လေမလားအတွေးနှင့်။ ကိုရင် တောစပ်ဆီ လျှောက်ခဲ့သေးသည်။ ဖျားနာနေသော ဝရမ်းပြေးတစ်ယောက်နှင့် တွေ့မလားလို့။ ရွာထဲတော့ မသွားပါ။ မတွေ့လိုသူနှင့်မှ ထိပ်တိုက်တွေ့နေဦးမည်။ ညနေသည် စောင်းရုံတင်မက တည့်တည့်ကျလာပြီ။ ကြယ်အစွန်းအပြောက်များမိုးပေါ်မှာ လှဲနေကြပြီ။ တောင်၏ အနောက်မှ နဂါးမလို ရစ်ပတ်နေသော မြစ်ကွေ့ဆီသို့ ကိုရင် လျှောက်လာသည်။

သောင်စပ်တွင် ကြီးမားသော တမာပင်ကြီးတစ်ပင် အကိုင်းအရွက်တွေ အောက်စိုက်၍ အိပ်ငိုက်နေချေပြီ။ ထိုသစ်ပင်ကြီးအောက်တွင် လှေငယ်တစ်စင်းကိုလည်း တွေ့ရသည်။ သည်လှေသည် ထိုတမာ



www.burmeseclassic.com

www.burmeseclassic.com

ပင်ကြီးအောက်မှာ သည့်လိုရှိနေတာ နှစ်တွေမနည်းတော့ပါ။ သည်လှေအကြောင်းပြောရလျှင် ထူးဆန်းသည်။ ရေကိုဆန်တက်လာသော သစ်တုံးကို ထုထားခြင်းတော့ မဟုတ်ပါ။ ကိုရင်တို့ ငယ်စဉ်ကတည်းက ထိုတမာပင်အိုကြီးနှင့် ထိုလှေငယ်အကြောင်းကို ချောက်ချားစရာ ကြားခဲ့ရသည်။ ထိုလှေသည် မြစ်ရေမည်မျှတက်တက် ကျောက်မချထားသော်လည်း မည်သည့်နေရာသို့မျှ ရွေ့လျားမျောပါသွားခြင်းမရှိဟု ပြောကြသည်။ ပိုင်ရှင်မဲ့လှေဖြစ်သော်လည်း မည်သူမျှ အသုံးမပြုကြ။ အရင်းမစိုက်လှေထိုး လိုက်လိုသူများပင် အသုံးမပြုကြ။

ထိုစဉ် တိုက်ခတ်သောလေကြောင့် လေးလံသော တမာကိုင်းအိုကြီးများ တအိအိလှုပ်ယိမ်းကြသည်။ ထိုအခါ ကျွီ . . . ကျွီ . . . ဟုသော အသံမျိုးတွေ မြည်လာလေသည်။ ကိုရင် ပြုံးသည်။ ထိုအသံကို ကိုရင်တို့ ငယ်စဉ်က ကလေးပုခက်လွှဲသံလို့ ကြားရကာ အဲဒီမှာ ဗိုက်ကြီးသည် သရဲမစောင့်သည်ဟု လပြည့်ညများတွင် အချင်းချင်းပြောဆိုကာ ကျောချမ်းခဲ့ကြသည်။

လှေထိုးသည့် ကုလားလေးမောင်ချိုက ပြောသည့်စကားလည်း ကိုရင်မှတ်မိသေးသည်။

"သည်လှေနဲ့ ဘယ်ကိုပဲ လှော်ပြီးသွားသွား ကိုယ်သွားချင်တဲ့နေရာရောက်ရင် လှေကို ဒီအတိုင်းပြန်လွှတ်လိုက် သူ့နေရာသူ ပြန်သွားတတ်တယ်ကွ လှေက"

သူ ပြောပုံအရဆိုလျှင် သည်လှေက အလောင်းစည်သူ၏ ဖောင်တော်နှင့်ပင် အမျိုးတော်နေသလိုလို။ သို့သော် မည်သူကမှ ဒီလိုအပြောအပေါ် စိတ်ဝင်တစား မစမ်းသပ်ခဲ့ကြပါ။

ကိုရင် ကြည့်သလောက်တော့ သာမန်လှေတစ်စင်းပါပဲ။ လူသုံးလေးယောက်ထက် ပိုစီးရန်မသင့်သော သာမန်လှေလေးပါပဲ။ လှေဦး လှေဝမ်း၊ လှော်တက် အားလုံး သာမန်ပါပဲ။ နှစ်ကာလအချို့ တိုက်စားလို့ သစ်သားတွေကတောင် ပွယောင်းယောင်းဖြစ်ချင်နေပြီ။ ကိုရင် လက်



နှင့် ပွတ်သပ်ကြည့်နေလိုက်သည်။ ဘာကြောင့်မှန်းမသိ လှေလေးကို ဒဏ်ရာရ သားကောင်တစ်ကောင်လို ပွတ်သပ်နေမိသည်။

ကိုရင် ဦးတည်ရာမဲ့ လျှောက်လာရင်းနှင့် သည်ရောက်လာခြင်းဖြစ်ပါသည်။

ကောင်းကင်မှာလည်း ကြွယ်ဝေလဝေ ပြန့်ကျဲနေပြီ။ ကိုရင် မေတ္တာသုတ်ကို ဖွဖွရွတ်ရင်း တောင်ပေါ်ပြန်တက်ခဲ့သည်။ ကိုယ့်ကျောင်းသခ်မ်းဆီပြန်ရောက်တော့ တရားထိုင်သည်။ မြို့မှာလည်း အမြဲတမ်းအားစိုက်လုပ်နေသဖြင့် တရားထိုင်သည့်အလုပ်ကို ကိုရင် ကျင့်သားရမိနေပြီ။ အနည်းဆုံး (၁၅)မိနစ်လောက်တော့ အာရုံစိုက်ကာ ထိုင်နိုင်နေပြီ ဖြစ်သည်။

သို့သော် ယခုတိုင်တော့ ငါးမိနစ်မျှ မပြည့်သေး၊ အာရုံတွေမျိုးစုံ လွင့်ပျံ့နေသည်။ ထို့ကြောင့် ပြန်ထကာ လမ်းလျှောက်သည်။ ဘာကြောင့် ဒီလို နေရထိုင်ရခက်နေတာလည်းကို ကိုရင် ပွင့်ပွင့်လင်းလင်း တွေးကြည့်သည်။ မိမိကိုယ်ကိုယ် ထိန်းချုပ်မှု တင်းကြပ်ထားကြောင်း ပြန်တွေ့ရသည်။ ပြီးတော့ အကြောက်တရားတစ်ခုကိုလည်း ထပ်တွေ့မိပါသည်။

ကိုရင် ဘာကို ကြောက်နေသနည်း။

လမင်းက အနောက်သို့ တရွေ့ရွေ့ ရွေ့နေသည်။ ကိုရင် လာခဲ့သည့်နံနက်ခင်းကို ကြောက်ရွံ့နေဟန်ရှိပါသည်။ သို့သော် . . . အချိန်တန်ရင်တော့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

မိုးသောက်ခဲ့ပြီ။



**(14)**

"ဟဲ့ . . . သစ်သီးဗန်းတွေက ပြင်ပြီးပြီလား"

"ကြက်သားတစ်အိုး ရွာထဲက အိမ်မှာ ကျန်ခဲ့ပြီထင်တယ်"

"အယ် . . . မြန်မြန်သွားယူကြလေ"

"ကြာဇံဟင်းခါးအိုး မီးလျှော့ဦးဟေ့"

"လက်သုတ်ပဝါတွေ စားပွဲမှာ တစ်ခုစီလိုက်ချထားလေ"

"ဆရာတော်တို့ ဆွမ်းကပ်ဖို့က သပ်သပ်ဖယ်ထားနော်"

"လက်ဖက်ခြောက်ထုပ်တွေက အခုလာမယ့် ထော်လာဂျီနဲ့မှ ပါလာမှာထင်တယ်"

"ကြာညို . . . ဟိုဆွမ်းတစ်အိုးက နည်းနည်းပျော့ချင်တယ် နော်။ နောက်တစ်အိုး ကြည့်လုပ်ဦး"

"ထွန်းခိုင်ရေ . . . တောင်ခြေမှာ ထော်လာဂျီတွေ သွားကြိုဦး"

"လာပါရှင့် . . . ဒီဘက်ကြွပါ"

"ဟော့ . . . ဒီဘက် အရန်ဟင်းတွေ မလာသေးဘူလား၊ ရော် ခက်တာပဲ"

ဆူညံစည်ကား၍ နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲက သပ်သပ်ကျင်းပဦးမည်ဟု သိရသည်။ သို့သော် မင်္ဂလာဆွမ်းကျွေးမှာပင် ရပ်ရွာအနှံ့ ဖိတ်ထားသေးသည်။ ကြီးပေကျယ်ပေ့ ခမ်းနားပါပေ့။

နီနီ့အဒေါ် ဒေါ်ချိုမှာသိန်းမျက်နှာ မိတ်ကပ်တွေနှင့် ဖွေးစုပ်နေသည်။ ဆံထုံးအတုကြီးတပ်ကာ ထိုဆံထုံးထိပ်မှာ စိန်ပွင့်အတုကလည်း တပ်ထားသေးသည်။ ပြီးလျှင် အပြုံးအတုနှင့် ဧည့်ကြိုသည်။ သေချာကြည့်လျှင် သိနိုင်ပါသည်။ လက်ဆောင်ပဏ္ဏာပါသူကို ကြိုဆိုရလျှင် နှုတ်ခမ်းအစွန်းတွေအပေါ်တက်သွားပြီး လက်ဗလာနှင့်လာသူဆိုလျှင် နှုတ်ခမ်းအစွန်းအောက်သို့ ခွက်၍ စိုက်ကျသွားနေတတ်သည်။

ထိုနှုတ်ခမ်းများကို အေးအေးရီက သေချာကြည့်နေ၍ သိပါသည်။

"ကြည့်ပါဦးဟာ . . . အဲ့ဒီဘွားတော်၊ ငါ သောက်မြင်ကပ်လိုက်တာ"

တီးတိုးပြောပေမဲ့ နည်းနည်းကျယ်သွားသေးသဖြင့် ခင်ထွေးက အားဘိကြည့်ပြီး ဆွဲဆိတ်ရသေးသည်။

"တိုးတိုးပြောပါဟဲ့"

"ငါက မခံနိုင်လွန်းလို့ပါဟယ်။ နီနီ့ခမျာ အရုပ်ကျနေတာပဲ။ ဟိုလူနဲ့မဟန်တာနဲ့ ဒီလူနဲ့ ပြောင်းပေးစားခံရတာ။ ကျွတ် . . . စာနာမှုကို မရှိဘူး။ အဲ . . . ဒါနဲ့ ကိုရင့်ကို မတွေ့သေးပါလား"

"တံခွန့်ကို ပြောတာလား။ မတွေ့သေးဘူး။ ဆွမ်းကပ်ချိန်မှ ရောက်လာမှာပေါ့ဟဲ့"

"ဟူး . . . ဘယ်လိုအဖြစ်တွေလဲဟာ"

သတို့သားနှင့် သတို့သမီး ဧမ္မာရုံအနောက်ခန်းမှ ထွက်လာသည်။ ပွဲလာသူတွေကို ဧည့်ခံသည်။ ရုပ်ရည်ချင်းယှဉ်ရင် သတို့သားက နီနီနှင့် ဘာမှမဆိုင်လှ။ မြို့မှာ အနေကြာ၍ ပြင်တတ်ဆင်တတ်ကာ



ခေတ်မီသည်ဆိုသော သတို့သား၏ရုပ်ရည်မှာ နီနီ့ခြေဖျားကိုမှီဖို့ စုံရှည်ရှည်ခုရဦးမည်မှာ အမှန်ပင်ဖြစ်သည်။

အေးအေးရီက မနေနိုင်တော့ပြန်၍ . . .

"ရုပ်ကဟာ စာခြောက်ရုပ် ကျွဲခွေ့ထားတဲ့ ရုပ်နဲ့"

ခင်ထွေး ရယ်ချင်သလို ဖြစ်မိပေမဲ့ မရယ်နိုင်ပါချေ။ အသာခေါင်းရမ်းရင်းသာ ကြာဖဲဟင်းခါးအိုးအောက်သို့ ထင်းတစ်ချောင်း ထပ်ထိုးလိုက်ပြီးမှ လှမ်းကြည့်လိုက်သည်။

"ကြည့်ပါဦး . . . နီနီလှလိုက်တာ ချစ်စရာလေး"

ဒီလိုမြည်တမ်းမိတော့ ရင်ထဲမှ နမြောစိတ်များ ခင်ထွေး သိသိသာသာ လျှံကျလာမှန်း သိတော့သည်။

"ဒါပေမဲ့ မျက်နှာလေးက တည်နေတာဟ"

အေးရီက မရယ်မပြုံးသည့် နီနီ့မျက်နှာလေးအပေါ် စိတ်မကောင်းပါ။ ရင်ထဲမှာ ဘယ်လောက်တောင် ခံစားနေရမလဲကို အေးရီ ဝင်မတွေးရဲပါ။ တကယ်ဝင်မတွေးဝံ့ပါ။ နီနီခံစားရတာ တကယ့် ကြောက်မက်ဖွယ် နာကျင်မှုများပါ။

"ဘကြီးသောင်း . . . ဒီဘက်ကြွပါ"

"ဟား . . . သူကြီး လာ . . . ဒီမှာ ဝိုင်းလိုက်လေ"

"သတို့သားရဲ့ မြို့ကဧည့်သည်တွေ လာတယ်တဲ့။ သွားကြိုဦးဟဲ့"

"အို . . . အဲဒါတွေ ဘာလို့ ယူလာတာလဲ။ ဒီလောက် တန်ဖိုးကြီးကြီးတွေ မလိုတာကို"

"ဒီဘက် ဝက်သားဖြည့်မယ်"

"ခဏနေ ဆရာတော်တို့ ကြွမှာနော်"

ကြက်တောနှင့် ထွန်းမော်က ဟင်းလိုက်ပွဲတွေကို လိုက်ဖြည့်နေကြသည်။ ဟင်းရည်ချိုင့်များနှင့် ခင်ထွေးတို့အနား ရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . နင်တို့နှစ်ယောက်က ဘာငိုင်နေတာတုန်း။ ဒီမှာ ဟင်းရည်ထည့်ပေးဦး"

"လက်မပါဘူးလား ကိုယ့်ဟာကိုယ်ထည့်"

ခင်ထွေး စိတ်မကြည်ရတဲ့ကြားထဲ အော်ပစ်လိုက်သည်။ ဒီတော့မှ ကြက်တောနှင့် ထွန်းမော်လည်း သူမတို့ ဘာဖြစ်နေမှန်း သိသွားပါသည်။ အနားမှာ ခဏထိုင်လိုက်ကြသည်။ အေးရီက . . .

"နင်တို့ သိပ်တက်ကြွမနေနဲ့ဟာ။ ငါ ကြည့်မရဘူးနော်။ ဒါ နင်တို့ သူငယ်ချင်း အရုပ်တစ်ရုပ်လို အရောင်းခံလိုက်ရတဲ့ပွဲ"

ထွန်းမော်က သက်ပြင်းကြီးကြီးချရင်း . . .

"ငါတို့က ဘာလုပ်နိုင်မှာလဲ . . . အေးရီရယ်၊ ဒီလိုဖြစ်လာအောင်လည်း ဘယ်သူက လုပ်ယူခဲ့လို့လဲ။ ထက်ခေါင်နဲ့ တံခွန်နဲ့ကလွဲရင် ဘယ်သူနဲ့မှ မရနိုင်ဘူးလို့ထင်တဲ့ နီနီက အခု ဘယ်ကကောင်နဲ့လာရမှန်းမသိသလို မြို့မှာရောက်နေတာ နှစ်ချီနေတဲ့ တံခွန်ကလည်း တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ဒီရက်အမီ ရွာကို ပြန်ရောက်လာတာတွေ အကုန်လုံး ငါတို့ ဘာမှ ကြိုမြင်ရတာမဟုတ်ဘူး။ ကံဆိုတာ အဲ့ဒီလို အဆန်းကြီးပဲဟာ"

"ဆန်းရုံပဲဆို တော်သေးတာပေါ့ဟာ။ အခုဟာက ဆိုးနေတာကိုး . . . ထွန်းမော်ရဲ့"

စိတ်မကောင်းကြတာ သေချာသော်လည်း ဒီအချိန်မှတော့ ဘာမှ လုပ်နိုင်တာမရှိ။ ပြောနိုင်သည့်စကားတွေတောင် နည်းလှပါသည်။

ခဏနေတော့ ဆရာတော်တို့ ကြွလာသည်။ ကျောင်းထိုင်ဆရာတော်က အရင်ရက်တွေကတည်းက မြို့ရောက်နေသဖြင့် ဒုတိယကျောင်းထိုင်ဆရာတော်နှင့် ကျန် ဦးပဉ္စင်းများနှင့် တရားနာကြသည်။ ရေစက်ချကြသည်။ ပြီးနောက်မှ ဘုန်းကြီးကျောင်းတစ်ကျောင်းလုံးရှိ သာမဏေပေါက်စမှအစ ကိုရင်ကြီး၊ ကိုရင်ငယ် ဦးပဉ္စင်းများလည်း ကြွလာကြ



သည်။ သံဃာအပါးသုံးဆယ်ခန့်ရှိမည်။ ဝါစဉ်အလိုက် တန်းစီကြွလာကြ၏။

"ဟာ . . . ဟိုမှာ . . . ကိုရင် . . ."

ခင်ထွေး အေးရီကို လှမ်းညွှန်ပြလိုက်သည်။ အေးရီ ကိုရင်အဖြစ်သို့ရောက်နေသည့် တံခွန်ကို အခုမှ မြင်ရသည်။ ကိုရင်က သံဃာအတန်းလိုက်၏ အနောက်စွန်းနားတွင်ဖြစ်သည်။ သင်္ကန်းကို သပ်ရပ်စွာ ရုံထားသည်။ မျက်လွှာချ၍ ဖြည်းညှင်းစွာ ကြွနေသည်။ အေးရီ လက်အုပ်ချီသွားသည်။ ကိုရင်၏ တည်ငြိမ်သည့်ဟန်ကို မြင်ရတော့ ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာသည်။ သို့သော် ဝမ်းနည်းစိတ်ကလည်း ထောင့်တစ်ခုမှ ဝင်လာသည်။

"ငါ ငိုချင်လာသလိုပဲ . . . ခင်ထွေးရယ် . . . ကျွတ် . . . အရမ်း စိတ်ရှုပ်လာပြီ"

သံဃာတွေ အကုန် ဘုဉ်းပေးကြသည်။ ကြက်တောနှင့် ထွန်းမော်က ကိုရင်၏စားပွဲဝိုင်းသို့ ဟင်းပွဲတွေ သွားထည့်ပေးသည်။ ကိုရင်နှင့် မျက်နှာဆုံမိတော့ ကိုရင်က တည်ငြိမ်စွာ ပြုံးပြသည်။

ထိုသို့ ကိုရင်က ပြုံးပြတော့ ထွန်းမော်နှင့် ကြက်တော ကျေနပ်မိသလိုလို၊ စိတ်ချမိသလိုလို ပြီးတော့ ရင်ထဲ စို့တက်လာသလိုလို။ ကိုရင့်၏ ထိန်းချုပ်မှု ဣန္ဒြေကိုလည်း ကြည်ညိုမိသည်။

နီနီလည်း ကိုရင့်ကို အဝေးမှ တစ်ချက်လှမ်းတွေ့မိပါသည်၊ ကိုရင် တည်ငြိမ်စွာ ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့မိခြင်းဖြစ်သည်။ ထိုသို့ မြင်တွေ့ရခြင်းအတွက် သူမမျက်နှာတွင် တစ်ခုခုခံစားရသော အရိပ်အငွေ့ကို မတွေ့ရ။ ခံစားမှု လုံးဝကင်းမဲ့နေပြီဖြစ်သော မျက်နှာမျိုးဖြစ်နေသည်။

သူမလိုချင်တာ တစ်စုံတစ်ရာ မရှိတော့ပါဘူး။ မနေ့က ဘာင်ရက်တည်းနဲ့ သူမ အကုန်ငိုကြွေးခဲ့ပြီးပြီ။ တစ်ညလုံး နက်ဖြန်ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လိုရင်ဆိုင်ရမလဲကို သူမ စဉ်းစားထားပြီးပါပြီ။ မနေ့က သဲမြေပြင်တွင် ကိုရင်မသိအောင် အနောက်ဆီမှ ဖူးမြော်ပြီးကတည်းက ရင်ထဲတွင် အေး ချမ်းကာ ရင့်ကျက်မှုကို သူမ ရရှိခဲ့ပါပြီ။ သူမ အရာရာကို မကြောက် တော့ပါ။ သူမ ဘဝမှာ နေဝံ့ပါပြီ။ ကိုရင် တရားဟောစရာမလိုဘဲ လှုပ် ခတ်နေသော သက်န်းစလေးကို မြင်ရုံနှင့် သူမ တရားရသလို ရှိခဲ့ပါ သည်။ ဒီနေ့ သူမ မျက်နှာတွင် အပြုံးအရယ်နည်းနေမည် သေချာသော် လည်း ပူဆွေးခြင်းများ သိပ်မရှိတော့ပါ။

"ကိုယ်တော်တွေကို ယပ်ခတ်ပေးဖို့ ယပ်တောင် ယပ်တောင်"

"ဒီဘက်ကို ခရမ်းသီးနှပ်နဲ့ အစိမ်းကြော်"

ကိုမြင့်ဟန်က ဘာမျှမလုပ်ဘဲ ဓမ္မာရုံထောင့် ပြတင်းပေါက်တွင် အပြင်ဘက်မျက်နှာလှည့်၍ စီးကရက်ဖွာနေသည်။

လူတွေက တဖွဖွဲကျနေဆဲ။ စည်ကားနေဆဲ။ အလုပ်များနေ ကြဆဲ။ ကြာဇံဟင်းခါးအိုးနားကို ကုလားလေးမောင်ချိုရောက်လာသည်။

"မိန်းမရေ . . . ငါလည်း ဟင်းရည်တစ်ပန်း တိုက်ဦးဟေ့။ နံနက်ကတည်းက အပိုအကြိုလုပ်နေတာ ဘာမှမစားရသေးဘူး"

ခင်ထွေးက မျက်စောင်းထိုးပြီး ကြာဇံဟင်းခါးတစ်ပန်းကန် ခပ်ပေး လိုက်တယ်။ ကုလားလေးမောင်ချိုက ကြာဇံဟင်းခါး တဟူးတဟူးမှုတ် သောက်ရင်း . .

"မိန်းမရေ . . . ငါ တစ်မနက်လုံး ထော်လာဂျီမောင်ရင်း တွေး မိပြီး စိတ်မကောင်းဖြစ်နေတာဟ"

"ဘာကိုလဲတော့"

"ဒီလိုကွာ . . . ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှာတော့ တွေ့ဖူးပါ တယ်။ မင်းသမီးမင်္ဂလာဆောင်မှာ မင်းသားက သီချင်းလာဆိုပြနေတာ တို့၊ သတို့သားအရံဖြစ်နေရတာတို့ ဧည့်ခံတဲ့ကောင်ဖြစ်နေရတာတို့ ဘာ တို့ပေါ့ဟာ"

"အေး . . . အဲ့ဒါ ဘာဖြစ်လို့လဲ"



"အခု တံခွန်ကျမှ နီနီ့မင်္ဂလာဆွမ်းကျွေးမှာ ကိုရင်လာဖြစ်နေ တယ်လို့"

ခင်ထွေး အပြောအဆိုမတတ်သည့် သူ့ယောက်ျားကို ဆိတ်ဆဲ ပစ်လိုက်သည်။ ကုလားလေးမောင်ချို တအားအား အော်ရင်း အီသွား သည်။

"နင် ဘာတွေပြောနေတာလဲ ငရဲကြီးမယ်။ ဟိုက မြင့်မြတ်တဲ့ သာသနာ့ဘောင်ထဲကလူ ဖြစ်နေပြီ"

"အေးပါဟာ . . . ငါကတွေးမိလို့ပါ မိန်းမရာ"

"မတွေးနဲ့"

ခင်ထွေးက ပိတ်ဟောက်သည်။ ကုလားလေးမောင်ချို ဘာမှ ပြန်မပြောရဲတော့။ ခင်ထွေးက သူ့ယောက်ျားသာ အပြစ်တင်တာ သူ ကိုယ်တိုင် ပြန်တွေးကြည့်မိတော့လည်း ဟုတ်သားပဲဟု သူ့ယောက်ျား စကားအပေါ် ထောက်ခံမိကာ ပိုစိတ်မကောင်းဖြစ်မိသည်။

ထိုအချိန်ပဲ လူတွေ၏မျက်လုံးတွေ တစ်နေရာဆီ ရွေ့သွားကြ သည်။ အကြည့်တွေ လည်ပြန်လှည့်ကြခြင်းဖြစ်သည်။ ဓမ္မာရုံဝန်းထဲ လူတစ်ယောက် ဝင်လာခြင်းကြောင့်ဖြစ်သည်။

"ဉာဏ်တိုး . . ."

အေးအေးရီ နှုတ်မှ ရေရွတ်မိသွားသည်။

ဟုတ်ပါသည်။ ဝင်လာသူက ဉာဏ်တိုးပါ။ သို့သော် ခါတိုင်း လို ပေပွညစ်ပတ်နေသော စုတ်စုတ်ပြတ်ပြတ် အဝတ်အစားမျိုးနှင့် မဟုတ်။ သာမန်သင့်တင့်သော အဝတ်အစားမျိုးနှင့်။ ပိုပြီး ထူးခြားတာ က မျက်နှာသွင်ပြင်။ ခါတိုင်းလို ရူးနှမ်းနှမ်းသွင်ပြင်နှင့်မဟုတ်။ တည် ပြီး စူးရှနေသည်။

ဉာဏ်တိုး ဝင်လာတာကိုမြင်တော့ ကိုမြင့်ဟန်နှုတ်ခမ်းမှ စီးကရက် ပြုတ်ကျသွားသည်။ ဉာဏ်တိုးကို အားလုံး လှမ်းကြည့်နေ ကြသည်။ သည်နေ့ အရူးနှင့်မတူဘဲ ထူးခြားနေခြင်းကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညဏ်တိုးလက်ထဲမှာ စာရွက်များ ဆုပ်ကိုင်လျက်ပါလာသည်။ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ညဏ်တိုးဝင်လာပုံက ထူးဆန်းကာ အငွေ့အသက်သိပ်မကောင်းသဖြင့် နီနီ့အဒေါ် ဒေါ်ချိုမာသိန်းက အခြေအနေထိန်းဟန်နှင့် . . .

"သား . . . ညဏ်တိုးလာ . . . အပြင်ဝိုင်းမှာ ထိုင်လိုက်၊ ဒီအထဲက ကိုရင်တွေ အချိုပွဲတည်တုန်းမို့"

ညဏ်တိုးက မကြားသည့်အလား ဒေါ်ချိုမာသိန်းကိုကျော်ကာ ဆက်လျှောက်သွားသည်။ သူ့ခြေလှမ်းဦးတည်ရာတည့်တည့်မှာ ကိုမြင့်ဟန်ရှိနေသည်။ ဟုတ်ပါသည်။ သူသွားနေတာ ကိုမြင့်ဟန်ဆီပါပဲ။ ကိုမြင့်ဟန်ရှေ့ရောက်တော့ . .

"ဓမ္မာရုံထဲက ခဏထွက်ခဲ့ပါ"

ခပ်ပြတ်ပြတ်ပြောပြီး ညဏ်တိုး နောက်လှည့်ကာ ဓမ္မာရုံအပြင်ဘက် အရင်ထွက်သွားသည်။ ကိုမြင့်ဟန်လည်း တွန့်တွန့်ဆုတ်ဆုတ်နှင့် နောက်ကလိုက်သွားတာ တွေ့ရသည်။ လူတွေအားလုံး သူတို့သွားရာ ဓမ္မာရုံအပြင် မြေကွက်လပ်ဆီသို့ လိုက်ကြည့်ကြသည်။ ကိုရင်တချို့တောင် ပြတင်းပေါက်တွေဆီမှ မတ်တပ်ရပ်ကြည့်ကုန်ကြသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။

"ရော့ . . . ခင်ဗျားစာတွေ"

ညဏ်တိုး လက်ထဲကစာတွေနှင့် ကိုမြင့်ဟန်မျက်နှာအား ပစ်ပေါက်လိုက်သည်။

"ခင်ဗျား ကျုပ်အစ်မကို ဖျက်ဆီးခဲ့တာ။ ခင်ဗျား ကျုပ်အစ်မကို တာဝန်မယူဘူးလို့ ငြင်းလိုက်လို့ ကျုပ်အစ်မ သူ့ကိုယ်သူ သတ်သေသွားတာ။ ဒီစာတွေက ခင်ဗျားနဲ့ ကျုပ်အစ်မ အပြန်အလှန် ဆက်သွယ်ထားတဲ့စာတွေ။ ခင်ဗျား ဘာငြင်းဦးမလဲ"

ကိုမြင့်ဟန်မျက်နှာတွင် မငြိမ်သက်မှုများ ဖြစ်ပေါ်လာသည်။ သို့သော် တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်ရင်း . . .



"ဟော့ကောင် . . . အရူး မင်း ဘာတွေလာပြောနေတာလဲ"

"နောက်ပြီး ထပ်ပြောရဦးမယ်။ ခင်ဗျားက ကျုပ်အမေတင်မကဘူး။ နီနီ့အပေါ်တောင် မကောင်းကြံဖို့ ကြိုးစားခဲ့သေးတယ်။ ဟော့ကောင် ကြက်တော မင်းမှတ်မိသေးတယ်မို့လား"

လူအုပ်၏အရှေ့ပိုင်းမှာ ကြည့်နေသော ကြက်တောက ဟင်းရည်ချိုင့်ကြီးကိုင်လျက်နှင့် ယောင်နနရှေ့ထွက်လာသည်။ ညဏ်တိုးက ဆက်ပြီး . . .

"ဟိုး သုံးလေးနှစ်လောက်တုန်းက ဟိုဘက်ရွာ ဘုရားပွဲကို လှေနဲ့သွားရင်း လမ်းမှာ ခင်ထွေးနဲ့နီနီ ကမ်းတစ်ခုဆီ အပေါ့အပါးသွားဖို့ လှေကပ်ခဲ့တယ်လေ။ အဲ့ဒီတုန်းက ခင်ထွေးကိုစောင့်နေတုန်း နီနီ့ကို လူတစ်ယောက်ဖမ်းချုပ်ခေါ်သွားပြီး မကောင်းကြံဖို့ ကြိုးစားသေးတယ်လေ"

ကြက်တော တစ်ချက်တွေးပြီးမှ . . .

"အေး . . . ငါ မှတ်မိတယ်။ မင်းရယ်၊ ငါရယ်၊ တံခွန်ရယ် အချိန်မီရောက်လို့ နီနီ ဘာမှမဖြစ်တာလေ။ ဟုတ်တယ် . . . ဟုတ်တယ်"

"အေး . . . အဲ့ဒီလို နီနီ့ကို မကောင်းကြံတဲ့ကောင်ဟာ ဒီ မြင့်ဟန်ဆိုတဲ့ကောင်ပဲ"

"ဟာ . . ."

"ဟင် . . ."

လူတွေအားလုံး၏ အာမေဋိတ်သံများ လျှံကျကုန်သည်။ စက်ဆုပ်သည့် မျက်လုံးများဖြင့် ကိုမြင့်ဟန်ကို ကြည့်ကုန်ကြသည်။ နီနီ့အဒေါ် ချိုမာသိန်းတို့အုပ်စုတစ်သိုက် မျက်နှာတွေ ပျက်ကုန်ကြသည်။ ကိုမြင့်ဟန်ဆိုတာ နီနီနှင့် ဘယ်နဝမ်းကွဲမှန်းမသိပေမဲ့ အမျိုးတော့ မကင်းဘူးမဟုတ်လား။

နီနီကတော့ မျက်လွှာသာ အသာချထားသည်။ လူတစ်ယောက်တော့ ကိုယ့်စရိတ်နှင့်ကိုယ်သွားဖို့ နီးလာပြီဟု တွေးမိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . မင်း ဘာတွေပြောနေတာလဲ။ မင်းမှာ ဘာ သက်သေရှိလဲ"

"သက်သေကတော့ ခင်ဖျားပါးစပ်ပဲ။ ကျုပ် ဒီနှစ်အတွင်း မသင်္ကာလို့ ခင်ဖျားနောက်လိုက်နေတာ ကြာပြီ။ တစ်နေ့က မြစ်ကမ်း ဘေးမှာ မူးမူးနဲ့ တစ်ယောက်တည်း စကားတွေ ပြောနေခဲ့တယ်လေ။ အဲ့ဒီမှာ ကျုပ် ကြားခဲ့တာပေါ့။ အဲ့ဒီ စကားတွေထဲမှာ ခင်ဖျား နီနီ့အပေါ် အဲ့ဒီလို ကြံစည်ခဲ့တာမအောင်မြင်လို့ နမြောမိတဲ့ အကြောင်းတွေ၊ ခင်ဖျား လူစိတ်မရှိဘဲ တစ်ယောက်တည်း ရေရွတ်ပြောဆိုနေခဲ့တာလေ တဏှာ ရူးရဲ့"

ကိုမြင့်ဟန်တစ်ညက သူ မူးရူးအောင်သောက်မိပြီး မြစ်ကမ်း ဘက် တစ်ယောက်တည်းထွက်ခဲ့ကာ ပြောချင်ရာတွေ တစ်ယောက်တည်း လွှတ်ထွက်အောင် လျှောက်ပြောခဲ့သည်။ ထိုညကို အခုမှ ပြန်သတိရပြီး မျက်လုံးတွေက ပျာပျာသလဲ ဖြစ်သွားကာ . . .

"ဟော့ . . . ဟော့ကောင် မင်း လုပ်ကြံမပြောနဲ့။ ငါ . . . ငါ အဲ့လိုလူ မဟုတ်ဘူး"

"ဟုတ်တယ် . . . ခင်ဖျား အဲလို လူ . . မဟုတ်ဘူး။ အဲလိုခွေး"

ကိုရင်ကလည်း ဓမ္မာရုံအတွင်း ပြတင်းပေါက်နားမှ လှမ်းကြည့် ၍ မြင်နေရသည်။ စိတ်ထဲ အငွေ့အသက်မကောင်းသလို ခံစားရ၍ ကိုရင် မဲတူကို ဆရာတော်ကြီးများကို သွားအခေါ်လွှတ်ခိုင်းလိုက်သည်။

ကိုမြင့်ဟန် သွေးပျက်နေပုံက ဖုံးမရ ဖိမရ ဖြစ်နေပါပြီ။

"ဟော့ကောင် . . . ဉာဏ်တိုး လျှောက်မပြောနဲ့။ ငါ မင်းကို သတ်မိမယ်နော်"

"ဝိုး . . . ကြိုက်တယ်။ အဲဒါကိုပဲ လိုချင်တာ။ ကျုပ်ကလည်း ကျုပ်မိသားစုကို ပျက်စီးအောင် လုပ်သွားတဲ့ကောင်ကို အရှင်ထားဖို့ စိတ်ကူးမရှိဘူး"

ပြောပြောဆိုဆိုပဲ ဉာဏ်တိုးခါးကြားမှ ဝှက်ယူလာသော ဓားကို ထုတ်ယူလိုက်သည်။ လူတွေ ထိတ်လန့်ကုန်ကြသည်။



အဲ့ဒီအချိန်ပဲ . . .

"အား . . ."

စူးစူးနင့်နင့် အော်သံကြီးက လူအုပ်၏အနောက်မှ တိုးထွက် လာသည်။ အားလုံး အာရုံပြောင်းသွားကာ အနောက်ဆီသို့ လှည့်ကြည့် ကုန်ကြတော့သည်။ အနောက်ဆီမှာတော့ ဗိုက်မှာ ဓားတန်းလန်းနှင့် ထက်ခေါင် . . .

"မင်း နီနီ့ပွဲကိုတော့ မဖြစ်မနေ လာချောင်းမယ်ဆိုတာ ငါသိလို့ စောင့်နေတာ . . . ထက်ခေါင်ရ . . . ဟား . . . ဟား . . . ။ ဒီ ဓားက ငါညီရဲ့အသက်နဲ့ ငါ့မျက်နှာက ဒဏ်ရာအတွက်ကွ"

ဆန်းမင်းချစ်၏ အော်သံကြီးက ကြောက်မက်ဖွယ် ဘီလူးတစ်ကောင်လို။ လူတွေအကုန် ထိတ်လန့်ကာ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်တော့သည်။

ထက်ခေါင် သူ့အား ဓားဖြင့် စိုက်ထားသော ဆန်းမင်းချစ်ကို ရှိသမျှအားနှင့် တွန်းထုတ်လိုက်သည်။ ဆန်းမင်းချစ် မြေမှာ လဲကျသွားသည်။ ပြီးလျှင် ထက်ခေါင်သည် သူ့ဗိုက်မှဓားကို သူ ပြန်ဆွဲနှုတ်လိုက်သည်။ သွေးတွေ ပန်းထွက်သွားတာကိုလည်း လှမ်းမြင်လိုက်ရသေးသည်။

သို့သော် ခွေမကျသွားဘဲ ဆွဲနှုတ်လိုက်သောဓားကို ကျစ်ကျစ်ပါအောင် ကိုင်လျက် တစ်ဟုန်ထိုး ပြေးလေတော့သည်။

"ဟာ . . ."

"အိုး . . ."

"နီနီ . . ."

ထက်ခေါင် ပြေးသွားတာ နီနီ့ဆီ။ ဓားကိုင်လျက် အလျင်အမြန်ဆုံး ပြေးသွားကာ တစ်ဟုန်ထိုး ထိုးစိုက်လိုက်တော့သည်။

"အ . . . အား . . ."



www.burmeseclassic.com

www.burmeseclassic.com

နီနီ့ဆီးမှ သတို့သား ခွေလဲကျသွားသည်။ ရင်ဘတ်မှာ ထက်ခေါင်ထိုးစိုက်လိုက်သော ဓားတန်းလန်းနှင့်။

ပြီးလျှင် အသက်ပြင်းလှသော ထက်ခေါင်လည်း ဒူးထောက်ခွေကျသွားသည်။ နီနီ့ကို မော့ကြည့်သေးသည်။ ပါးစပ်က သွေးတွေပျို့တက်သွားသည်။ ထိုသွေးတွေပေးနေသော မျက်နှာကြီးနှင့် နီနီ့ကို နောက်ဆုံးမော့၍ ပြုံးပြသွားသည်။ ထက်ခေါင် ပြုံးလျက်ကြီး အသက်မရှိတော့။

"ဟာ . . . လုပ်ကြပါဦး"

"ဆန်းမင်းချစ်ကို ဖမ်းထားကြဟေ့"

"ဆရာတော် လာပြီ"

"ရဲတွေ လာပြီ"

"ဉာဏ်တိုးနှင့် ကိုမြင့်ဟန်ကော"

"ဟုတ်သားပဲ . . . သူတို့ကို လိုက်ရှာကြဦး"

"သတို့သားလည်း အသက်ငင်နေပြီ"

" . . . . . "

လူတွေ ပျာယာခတ်နေသည်။ ဘာမှ မကြာလိုက်သော အချိန်အတွင်း ဘယ်သူမှ မထင်ထားသော အဖြစ်အပျက်တွေ ဖြစ်ကုန်သည်။ လူတွေအားလုံး ထိတ်လန့်ကြောင်စီနေကြသည်။ ခင်ထွေးနှင့် အေးရီက မျက်ရည်လည်ရွဲနှင့် နီနီ့ကို ထိန်းပေးထားသည်။ သို့သော် သူတို့ ထိန်းပေးထားသော နီနီက တည်ငြိမ်လျက်ရှိနေသည်။

သူမကို ထိန်းပေးထားသော သူငယ်ချင်းများ၏လက်ကို အသာဖယ်ကာ နီနီရှေ့သို့ လျှောက်သွားသည်။ လူတွေ ဝိုင်းအုံကြည့်နေသော ထက်ခေါင်အလောင်းရှိရာသို့ တိုးဝှေ့သွားလိုက်သည်။

ပြီးလျှင် သူမ သူ့မျက်လုံးများကို လက်ဖြင့်သပ်၍ မှိတ်ပေးလိုက်ပါသည်။

ᨀ ᨀ ᨀ



**(15)**

မင်္ဂလာပွဲကနေ ကလဲ့စားချေပွဲတစ်ခု ဖြစ်ခဲ့ပြီ။ သတို့သား သေသည်။ ထက်ခေါင် သေသည်။ ထက်ခေါင်က သတို့သားကို ဘာလို့ သတ်တာလဲ။ နီနီနှင့် မရစေချင်သောကြောင့်ဟု လူတချို့ကပြောသည်။ တချို့လည်း ထိုသတို့သားနှင့် ထက်ခေါင်တို့ကြား စီးပွားရေး ပြိုင်ဆိုင်တိုက်ခိုက်မှုများရှိခဲ့ပြီး ထက်ခေါင်တို့ ကုန်ပစ္စည်းစက်လှေတွေ မှောက်ခြင်းမှာ ထိုသတို့သား၏ ပယောဂကြောင့်ဖြစ်ပြီး ထက်ခေါင်က ထိုအတွက် ကလဲ့စားချေလိုက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ကိုမြင့်ဟန်၏အလောင်းကို ချောက်ထဲမှာ တွေ့သည်။ ဉာဏ်တိုး၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာတွေ မရှုမလှရပြီး သွေးရူးသွေးတန်းထွက်ပြေးကာ နောက်ဆုံး ဉာဏ်တိုးအစ်မသေခဲ့သော ခုန်ချသေခဲ့သော ချောက်ထဲကျ၍ သေဆုံးသွားခြင်းဖြစ်သည်။ တိုက်ဆိုင်မှုလား၊ ဝဋ်လည်မှုလား။

ဒီနှစ်ပိုင်းတွေအတွင်း ဉာဏ်တိုး တကယ် ရူးခဲ့ပါသလား။ အစပိုင်းကာလများမှာ တကယ် ဦးနှောက်ဖောက်ပြန်သွားခြင်းဖြစ်နိုင်ပြီး နောက်ပိုင်း တစ်စစတည်ငြိမ်ကာ မှတ်ဉာဏ် ပြန်ရလာခြင်းဖြစ်မည်။

www.burmeseclassic.com

ထိုအချိန်မှစ၍ သူတို့မိသားစု ပျက်စီးရခြင်းအကြောင်းအရင်းကို သူ တိတ်တဆိတ် လိုက်လံစုံစမ်းနေခြင်းဖြစ်သည်ဟု လူတွေက ခန့်မှန်းကြသည်။ သည်လိုဆိုလျှင်တော့ ဉာဏ်တိုးသည် တကယ်ဉာဏ်ကောင်းသောသူဟု ဆိုရမည်ပင်။ သူ အရှုံးတစ်ယောက်အဖြစ် စိတ်ရှည်သည်းခံကာ ဟန်ဆောင်နေထိုင်ခဲ့သည်မဟုတ်လား။ ဉာဏ်တိုး ရဲစခန်းသွား၍ ကိုယ်တိုင် ဖမ်းခံခဲ့ပါသည်။

ထိုအဖြစ်အပျက်သည် ရွာနီးချုပ်စပ်ကိုပင် ကျော်လွန်၍ ကောက်ရိုးမီးကဲ့သို့ ကူးစက်ပျံ့နှံ့ကာ ကြားရသူတိုင်း ချောက်ချားခဲ့ကြလေသည်။ ကလဲ့စားချေကြသည့်ပွဲ၊ ကိုယ်ပြုသည့်ကံ ကိုယ်ထံ တန်းတန်းမတ်မတ် ပြန်လာကြသည့်ပွဲဟု အားလုံး နှလုံးသွင်းမိကြလေသည်။



ဆည်းလည်းသံတလေး တိုးညင်းတယ်
အလျှော်ပေးသံနှုန်း
လေတွေရွေ့ရွှာ စီးနှံ့ဖွယ်
ဆည်းလည်းသံတလေး တိုးညင်းတယ်
ရပ်တိုင်ထားသတ္တု ဖြည်ချပြီး
ဖြည်းဖြည်းနားထောင်ရတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com

## (16)

ကိုရင်၏သင်္ကန်းစသည် လရောင်တွင် လွင့်လျားနေသည်။ ကိုရင် ဘာကြောင့်မှန်းမသိ သည်နေရာကို လျှောက်လာမိသည်။ တမာပင်ကြီးက တကျိုကျိုအော်မြည်နေသည်။ ကိုရင် တမာပင်ကြီးကို တစ်ချက်ပွတ်သပ်လိုက်သေးသည်။ ပြီးမှ တမာပင်အခြေမှ လှေကို မြစ်ထဲသို့ တွန်းရွှေ့သည်။ မြစ်ထဲရောက်တော့ လှေဝမ်းပေါ်တက်လိုက်သည်။ ပြီးလျှင် ကမ်းကို လှော်တက်နှင့် တွန်းလိုက်ကာ လှေကို ရွှေ့စေသည်။ ပြီးလျှင် လရောင်ဖြူများ လင်းဖြာနေသော မြစ်ကြောင်းအတိုင်း လှော်၍ ထွက်ခဲ့တော့သည်။

ကိုရင် ဘယ်သွားမလို့လဲ။ မေးသူမရှိ။ ရှိခဲ့လျှင်လည်း ကိုရင် မဖြေနိုင်ပါ။ ကိုရင် ဘယ်သွားမည်မှန်း မိမိကိုယ်တိုင်မသိ။ မြစ်ထဲတွင် မြူတချို့ ရှိနေသည်။ မြူတွေကို ကိုရင် သိပ်မကြည့်ရဲသလို ဖြစ်နေသည်။ သို့သော် မြူတွေကတော့ ကိုရင့်မျက်လုံးထဲ တိုးဝင်ဆဲ။

ဂ ဂ ဂ



"ဘဝဆက်တိုင်း မချစ်မနှစ်သက်သောသူနှင့် မပေါင်းဖက်ရပါလို၏ ဘုရား"

ဆီမီးခွက်လေးတစ်ခွက်ကို သူမ မျှောလွှတ်လိုက်သည်။ ထိုဆီမီးခွက်ကလေး ခပ်ဝေးဝေးရောက်သွားလျှင် . . .

"ဘဝဆက်တိုင်း ချစ်ရသောသူနှင့်သာ ပေါင်းဖက်ရပါလို၏ ဘုရား"

ဆီမီးခွက်လေးတစ်ခွက် ထပ်လွှတ်လိုက်သည်။ ထိုဆီမီးခွက်ကလေး ခပ်ဝေးဝေးမျောသွားမှ . . .

"ဘဝဆက်တိုင်း အစေခံလိုဘဝမျိုးမှ ကင်းလွတ်ပြီး မိမိကိုယ်ကို ပိုင်ဆိုင်ရသောသူဖြစ်ရပါလို၏ ဘုရား"

ဆီမီးခွက်လေးတစ်ခွက် ထပ်၍ မျှောလွှတ်လိုက်ပြန်သည်။ ထိုဆီမီးခွက်ကလေးလည်း ခပ်ဝေးဝေးမျှောသွားမှ . . .

"ဘဝဆက်တိုင်း ကိုယ့်ကြောင့် တစ်ပါးသူပင်ပန်းဆင်းရဲ ဒုက္ခခံစားရခြင်းမရှိရပါစေနဲ့ ဘုရား"

ဆီမီးခွက်လေးတစ်ခွက် သူမ လက်ဖြူဖြူမှ မြစ်ရေထဲစီးသွားပြန်သည်။ ထိုဆီမီးခွက်ကလေးလည်း ခပ်ဝေးဝေး မျှောသွားပြန်ပြီး သူမ ကြိမ်ခြင်းတောင်းလေးထဲ ကြည့်လိုက်တော့ ဆီမီးခွက်လေးနှစ်ခွက်သာ



www.burmeseclassic.com

www.burmeseclassic.com

ကျန်တော့သည်။ နှစ်ခုဆုတောင်းဖို့ ကျန်သေးသည်။ ဘာတွေ ဆုတောင်းရမည်လဲ။ စဉ်းစားရင်းနှင့်ပင် ဆီမီးခွက်ကလေးနှစ်ခွက်ကို မီးညှိလိုက်သည်။ ဆုတောင်းတစ်ခုကို သူမ စဉ်းစား၍ ရသွားပြန်ပြီ။ ဒီဆုတောင်းကိုတော့ ခုနက ဆုတောင်းများထက် ပိုပြင်းပြစွာ သူမ ဆုတောင်းမိသည်။

"ဘဝဆက်တိုင်း မြူထဲမှာ စာမရေးရပါစေနဲ့ဘုရား"

ထိုဆုတောင်းဆီမီးခွက်လေးလည်း မှောသွားသည်။ သူမ လက်ချောင်းလေးများနှင့် မျက်ရည်စကို သုတ်လိုက်သည်။ ပြီး တစ်ယောက်တည်း ပြုံးသည်။ သူမအပြုံးသည် အေးချမ်းနေသည်။

ဆီမီးခွက်လေးတစ်ခွက် ကျန်သေးသည်။ နောက်ထပ် ဆုတောင်းတစ်ခုကို မေးစေ့ကလေး လက်နှင့်ပုတ်၍ စဉ်းစားသည်။ တော်တော်ကြာအောင် စဉ်းစားလိုက်ရပါသည်။ ပြီးမှ သူမ မေ့နေသော အလိုချင်သင့်ဆုံး ဆုတောင်းကို သတိရမိသည်။

"အရှင်ဘုရား . . . တပည့်တော်မ ခုနက ဆုတောင်းအားလုံးကို ပယ်ဖျက်ပါတယ် အရှင်ဘုရား။ တပည့်တော်မအား လောက၏ အဆုံးတိုင် ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်သို့ အမြန်မျက်မှောက်ပြုနိုင်ရန် သာ ကူညီလမ်းပြတော်မူပါဘုရား"

ဆီမီးခွက်ကလေးကို ချလိုက်တော့ လှိုင်းဂယက်လေးတစ်ချက် လှုပ်ခတ်သွားလေသည်။

ᛉ ᛉ ᛉ



ရေစီးရာ၊ လေနှင်ရာအတိုင်း ရွေ့လာသော လှေတစ်စင်းပေါ်တွင် ကိုရင်တစ်ပါး လိုက်ပါလာသည်။ မည်သည့်နေရာတွေသို့ ရောက်ခဲ့နေပြီနည်း။ ကိုရင်မသိ။ အချိန်တန်တော့ ကိုရင်ကမ်းသို့ ပြန်ချင်လာပါသည်။ သို့သော် ကမ်းကိုမတွေ့။ ရစ်ခွင်မိုးအောင် မြူတွေထိုးမဖောက်နိုင်အောင် ဝန်းရံထားကြပြီ။ ကိုရင်လေး လှော်တက်ယင်ကို ဘယ်ညာခတ်ရင်း ကမ်းဝေးကာ လမ်းပျောက်နေရှာသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းတွင် မှောနေသော ဆီမီးခွက်လေးတစ်ခွက်ကို တွေ့လိုက်ရသည်။ ပွဲတော်အချိန်မဟုတ်ပါဘဲ မြစ်ထဲရောက်နေသော ဆီမီးခွက်ကလေးအပေါ် ကိုရင် ထူးဆန်းနေမိသည်။ သို့သော် ထိုဆီမီးခွက်ကလေးနောက်သို့ လိုက်ရင် ကမ်းဆီသို့ ပြန်ရောက်မည်ဟု ကိုရင်လေး ထင်မိသွားသည်။

ဆီမီးခွက်ကလေးက ကိုရင့်ကို လှည့်မကြည့်ဘဲ ဆက်လက်မှောနေသည်။ ကိုရင်လည်း လှေဦးကို ဆီမီးခွက်ကလေးဆီသို့ ဦးတည်၍ လှော်တက်ကို စတင်ခတ်လိုက်လေတော့သည်။

ᛉ ᛉ ᛉ

သုဝေး

October 2013

04:39 PM



www.burmeseclassic.com